Fullway Myanmar Clothing Company Limited ၏ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့ နယ်၊
ရွှေသံလွင်စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄) မြေကွက်အမှတ်(၈၃)ရှိမြေ(၁. ၇၄)ဧကပေါ်ရှိမြေနှင့်
ယင်းမြေပေါ်ရှိအဆောက်အဦးကိုငှားရမ်း၍CMPစနစ်ဖြင့်အထည်ချုပ်စက်ရုံစီမံကိန်းကြောင့်
ဖြစ်ပေါ်လာနိုင်သည့်သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများအပေါ်
ကနဦးပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့် ခွဲမှုအစီရင်ခံစာ။

(Initial Environmental Examination)

IEE Report

Revised Version


30/12/19

Revised Version II

10/2/21

Revised Version III

1/7/22



နိုဝင်ဘာလ ၂၀ ရက်၊၂၀၁၅

ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်

အမှတ် (၃၁) ပင်လုံရိပ်မွန် ၅ လမ်း၊ ပင်လုံရိပ်မွန်၊သယ်နံးကျွန်းမြို့ နယ်၊ ရန်ကုန်မြို့။

ဖုံး။ ၀၁-၅၇၁၂၈၄ ၊ ၀၉၅၁၈၃၅၁၇

email: mgy@myanmar.com.mm , kaungkyawsaymdoffice@gmail.com

www.kaungkyawsay.com



Project Proponent
Fullway Myanmar Clothing Co., Ltd,
Myay Taing Block No. 14, Land Plot No.(83), Shwe Than Lwin Industrial Zone,Hlaing Tharyar Township, Yangon Division Region. Mobile 09421094290

Third Party Consultant
Kaung Kyaw Say Engineering Co.,Ltd
No.31 Pinlone Yeikmon, Thingungyun Tsp, Yangon, Myanmar
Ph. 01-571284, 095183517
email: mgy@ytp.com.mm , kaungkyawsaymdoffice@gmail.com
www.kaungkyawsay.com

သုံးသပ်အကြံပြုချက်နှင့်လိုက်နာဆောင်ရွက်ထားရှိမှုဖော်ပြချက်ဇယား။ Comment Response Table

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ရွှေသံလွင်စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊မြေကွက်အမှတ်(၈၃)၊မြေဧရိယာ(၁.၇၄)ဧကပေါ်ရှိFullway Myanmar Clothing Co.,Ltd ၏ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ငန်းအတွက်တင်ပြလာသောပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (2nd Revised-IEE) အစီရင်ခံစာအပေါ်စိစစ်သုံးသပ်ပြီးထပ်မံအကြံပြုချက်များနှင့်လိုက်နာဆောင်ရွက်ထားရှိမှုများ။

စဉ်	(2nd Revised-IEE) အစီရင်ခံစာ အပေါ်ထပ်မံပြင်ဆင်ဖြည့်စွက်ရန်လိုအပ်သည့်အချက်များ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၁-၃-၂၀၂၂) ရက်စွဲပါစာအမှတ် အီးအိုင်အေ-၁/၆/သဘောထား (IEE-R) (၄၁၃/၂၀၂၂)အရ သုံးသပ်အကြံပြုချက်များ။	လိုက်နာဆောင်ရွက်ထားရှိမှု
(က)	စာမျက်နှာ ၁၉ မှ ၂၂ ထိကတိကဝတ်ပြုခန်းတွင်စီမံကိန်းအတွက်ရေးဆွဲတင်ပြလာသည့် IEE ပါအချက်များသည်တိကျမှန်ကန်ကြောင်းကိုအစီရင်ခံစာပြုစုသည့်အဖွဲ့မှလက်မှတ်ရေးထိုးထားသော်လည်း၊စီမံကိန်းအဆိုပြုသူလုပ်ငန်းရှင်မှလက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့်ကတိကဝတ်ပြုလက် မှတ်အားတိကျသေချာစွာဖော်ပြရန်၊	ဖြည့်စွက်တင်ပြအပ်ပါသည်။ စာ(၂၄)
(ခ)	အခန်း-၃၊ ဥပဒေခန်းတွင်အောက်ပါအချက်များပြင်ဆင်ဖြည့် စွက်ဖော်ပြရန်၊	
	(၁)စီမံကိန်းနှင့်မသက်ဆိုင်သည့်ဥပဒေများကိုပြန်လည်စိစစ်၍ဖြုတ်ရန်၊ (၂)စာမျက်နှာ၄၀ ပတ်ဝန်းကျင်ဆိုင်ရာစံချိန်စံညွှန်းခေါင်းစဉ်အောက်တွင်ပတ်ဝန်းကျင်ဆိုင်ရာများကို NEQEG နှင့်အညီဆန်းစစ်ထားပါကြောင်းဖော်ပြချက်တွင်စွန့်ပစ်အမှိုက်ပါဝင်နေသဖြင့်ပြန်လည်ဆန်းစစ်၍ရှင်းလင်းစွာဖော်ပြရန်၊ NEQEG တွင်စွန့်ပစ်အမှိုက်နှင့်ပတ်သက်၍ဖော်ပြထားခြင်းမရှိပါ။ (၃)စာမျက်နှာ-၄၀၊ လေအရည်အသွေးကို YCDC ဖြင့်စစ်ဆေးသင့်ကြောင်းဟုဖော်ပြထားသော်လည်း YCDC ၏မည်သည့်လမ်းညွှန် ချက်အပေါ်အခြေခံ၍စစ်ဆေးကြောင်းကို ခိုင်မာသောရှင်းလင်းချက်ဖြင့်ဖော်ပြရန်၊ (၄) စာမျက်နှာ-၄၁၊ လေအရည်အသွေးကို WHOလမ်းညွှန် ချက်နှင့်အညီလိုက်နာမည်ဖြစ်ကြောင်းဖော်ပြထားရာတွင် လမ်းညွှန်တန်ဖိုးများနှင့်ယူနစ်များသည် WHO ၏မည်သည့်ခုနှစ်ကထုတ်ပြန်ထားသည့်လမ်းညွှန်ချက်အပေါ်ကိုးကားထားကြောင်းတိကျရှင်းလင်းစွာဖော်ပြရန်၊(၂၀၁၅ WHO လမ်းညွှန်တန်ဖိုးယူနစ်တို့နှင့်ကွဲလွဲနေသောကြောင့်) (၅) စာမျက်နှာ-၄၁၊ စွန့်ပစ်ရေအရည်အသွေးကို NEQEG အတိုင်းလိုက်နာမည်ဟုဖော်ပြထားသော်လည်း လမ်းညွှန်တန်ဖိုးများကို မှန်ကန်တိကျစွာနှင့်ပြည့်စုံစွာဖော်ပြထားမှုမရှိခြင်းကိုပြန်လည်ဆန်းစစ်၍ တိကျမှန်ကန်စွာနှင့်လမ်းညွှန်ချက်	(၁)ပြင်ဆင်တင်ပြအပ်ပါသည်။ (၂)စွန့်ပစ်အမှိုက်ကိုပယ်ဖျက်ထားပါသည်။ စာ(၄၂) (၃)အစီရင်ခံစာတင်ပြခဲ့သည့်ကာလကNEQEGမရှိသေးပါ။ယခုNEQEG ဟုပြင်ဆင်အပ်ပါသည်။ စာ(၄၂) (၄) WHO ၏ update ၂၀၂၁ တန်ဖိုးပြင်ဆင်ဖော်ပြပါသည်။ စာ(၄၃) (၅) NEQEG စာ(၅၁)ပါဖယားဏ်တန်ဖိုး BOD 30 ဖြစ်ပါသည်။

	အပြည့်အစုံကိုဖော်ပြရန်၊ (ဇယားတွင် BOD<30 ဟုဖော်ပြထားသည် NEQEG ၌ BOD 50 ဖြစ်ပါသည်။) (၆)ဥပဒေခန်းပါ လိုက်နာမည့်ပတ်ဝန်းကျင်ဆိုင်ရာလမ်းညွှန်ချက်များသည်လက်ရှိပတ်ဝန်းကျင်အခြေအနေခန်း၌ တိုင်းတာထားသည့်ပတ်ဝန်းကျင်ဆိုင်ရာများနှင့်တူညီမှုရှိရပါမည်မရှိပါက ပြန်လည်ဆန်းစစ်ရန်၊ (ဥပဒေခန်းပါ လိုက်နာမည့် အချက်များသည် စီမံကိန်းနှင့်သက်ဆိုင်သည့်ဥပဒေ၊ လမ်းညွှန်ချက်များကို တိကျမှန်ကန်စွာထည့်သွင်းရမည့်အခန်း ဖြစ်သည်)	(၆)လိုက်နာတင်ပြအပ်ပါသည်။ တိုင်းတာမှုတန်ဖိုးနှင့်လမ်းညွှန်မှု တန်ဖိုးသည်ကွဲလွဲနိုင်ပါသည်။
(ဂ)	စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင်အောက်ပါအချက်များပြင်ဆင်ဖြည့်စွက်ဖော်ပြရန်၊	
	(၁)စာမျက်နှာ-၄၂၊အပိုဒ်-(၄.၁)၊ စီမံကိန်း၏လုပ်ငန်းစဉ်အဆင့် (၆)ဆင့်၌မီးပူတိုက်ခြင်းလုပ်ငန်းစဉ်ပါဝင်မှုမရှိပါ။ စာမျက်နှာ-၄၇၊ အပိုဒ်၊(၄.၅)၊ စက်ရုံ၏အဓိလုပ်ငန်းစဉ်အဆင့်များ၌ မီးပူတိုက်ခြင်း ပါဝင်နေသဖြင့် (Flow Chart ပြန်စိစစ်ပါ) ရှေ့/နောက်လုပ်ငန်း စဉ်ကွဲလွဲနေသဖြင့်သေချာစွာစိစစ်၍အမှန်လုပ်ငန်းစဉ်ကိုစာဖြင့်သာမက Flow Chart ဖြင့်ပါတိကျမှန်ကန်စွာဖော်ပြရန်၊ (စက်ယန္တရား ပစ္စည်းဇယားတွင်လည်းမီးပူတိုက်ခြင်းနှင့်ပတ်သက်သောစက်ပစ္စည်း များမပါရှိသကဲ့သို့စာမျက်နှာ-၆၊ထင်းလောင်စာသုံးဘွိုင်လာ မရှိပါဟုဖော်ပြထားသည်)	မိုးကာအကျီများဖြစ်သောကြောင့် မီးပူတိုက်ခြင်းအဆင့်မပါရှိပါ။ ထင်းလောင်စာသုံးဘွိုင်လာမရှိပါ။
	(၂)စက်ရုံအတွက်လိုအပ်သောရေကိုစက်ရုံဝန်းရှိအဂီစိတွင်းမှရယူကြောင်းဖော်ပြထားသော်လည်းစက်ရုံရှိအဂီစိတွင်းအရေ အတွက်နှင့်ငင်းတွင်းအနက်မည်မျှရှိကြောင်းဖော်ပြထားခြင်းမရှိသဖြင့်တိကျစွာဖော်ပြရန်၊	ဖြည့်စွက်ဖော်ပြအပ်ပါသည်။ စာ (၅၉) ဇယား ၄.၆ စဉ်-၂၆ (တွင်းအနက် ၂၅၀ပေ)
	(၃)စွန့်ပစ်ပစ္စည်းများကို (စွန့်ပစ်အစိုင်အခဲနှင့်မိလ္လာစွန့်ပစ်ရေ) မြို့တော်စည်ပင်နှင့်ချိတ်ဆက်သည့်အကြိမ်ရေကိုတိကျစွာ ဖော်ပြရန်၊ (တစ်ပတ်/တစ်လ)	တစ်လတစ်ကြိမ်(သို့)ပမာဏများ သည့်အခါတိုင်း။ စာ(၅၆)
	(၄)လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်၌ဆောင်ရွက်ရမည့်လုပ်ငန်းများအားထည့်သွင်းဖော်ပြရန်၊	EMP ကဏ္ဍတွင်ဖြည့်စွက်ဖော် ပြအပ်ပါသည်။ စာ(၉၈)
(ဃ)	အခန်း(၅)အနီးပတ်ဝန်းကျင်အကြောင်းရှင်းလင်းဖော်ပြချက်၌လေအရည်အသွေးတိုင်းတာမှုနှင့်ပတ်သက်၍ NEQEG ဖြင့်နှိုင်းယှဉ်ထားပြီး NEQEG ၌မပါသော HCHO, VOC ပါရာမီတာများနှင့်ရလဒ်များဖော်ပြထားခြင်း၊ ဥပဒေခန်း၌ WHO လမ်းညွှန်ချက်ဖော်ပြထားသဖြင့် ရှေ့/နောက် လိုက်နာမည့်လမ်းညွှန်ချက်ကွဲလွဲနေခြင်း၊ စာပိုဒ်၌ တိုင်းတာမည့်ပါရာမီတာ၌ CO, NO_2 တို့ပါဝင်ပြီးဇယား၌ငင်းတို့ကိုတိုင်းတာထားမှုမရှိခြင်းစသည့်လွဲမှားနေသည့်အချက်(၃)ခုအပေါ် ခိုင်လုံသော အကြောင်းပြချက်ဖြင့်တိကျမှန်ကန်စွာရှင်းလင်းဖော်ပြရန်၊	လိုအပ်ချက်အတိုင်းပြင်ဆင်တင် ပြအပ်ပါသည်။ စာ (၆၆)
(င)	ဆူညံသံနှင့်ပတ်သက်၍နေရာ (၅)နေရာမှရလဒ်များကိုဖယားဖြင့်ဖော်ပြထားပြီး အဆိုပါရလဒ်တို့ကိုလုပ်ငန်း၏မည်သည့် အချိန်ကာလ၊ ကြာချိန်၌ တိုင်းတာခဲ့ကြောင်း ဖော်ပြထားမှုမရှိခြင်း၊ နှိုင်းယှဉ်သည့် Guideline နှင့် Guideline Value	နှိုင်းယှဉ်တင်ပြအပ်ပါသည်။ စာ(၆၆)၊ Receptor ကို စက်ရုံ

	အားဖော်ပြထားခြင်းမရှိခြင်းတို့အားပြန်လည်သုံးသပ်၍ရှင်းလင်းတိကျစွာဖော်ပြရန် (NEQEG ဖြင့်နှိုင်းယှဉ်ရာ၌ Receptor အမျိုးအစား (၂)မျိုးအနက် မည်သည့် Recptor ဖြင့်နှိုင်းယှဉ်မည်ဖြစ်ကြောင်းတိကျစွာဖော်ပြရန်)	ဖြစ်သောကြောင့် Industrial/ Commercial ကိုနှိုင်းယှဉ်ပါမည်။
(စ)	စာမျက်နှာ-၆၄၊ အဂိစိတွင်းရေတစ်ပုလင်းနှင့် စွန့်ပစ်ရည်(၁)ဂါလံဆန့်ရေပုံးအလွတ်တို့ဖြင့်နမူနာယူ၍ ဓာတ်ခွဲခန်းသို့ ၁ နာရီအတွင်းပေးပို့စစ်ဆေးခဲ့ကြောင်းဖော်ပြထားသော်လည်း ရေတွင်းနှင့်စွန့်ပစ်ရည်တို့၏ဓာတ်ခွဲခန်းစစ်ဆေးချက်ရလဒ်တို့အားဖော်ပြထားခြင်းမရှိသည်ကိုပြန်လည်ဆန်းစစ်၍တိုင်းတာရရှိချက်ရလဒ်များကိုဖော်ပြရန်၊	စစ်ဆေးရရှိချက်ကိုနှိုင်းယှဉ်အပ်ပါသည်။ စာ (၆၈)
(ဆ)	နောက်ဆက်တွဲ၌ရေတွင်း၏ရေအရည်အသွေးဓာတ်ခွဲခန်း၏ရလဒ်များကို WHO သောက်သုံးရေလမ်းညွှန်ချက်နှင့်နှိုင်းယှဉ်ဖော်ပြထားပါသည်။ အဆိုပါအရည်အသွေးရလဒ်တို့၌ Turbidity, Total Hardness, Iron, Cholride, Total Solids, Dissolved Solids တန်ဖိုးတို့သည်နှိုင်းယှဉ်တန်ဖိုးထက်များပြားကျော်လွန်ရသည့်အကြောင်းများကိုခိုင်မာသောရှင်းလင်းချက်ဖြင့်ဖော်ပြရန်၊	စာ(၆၈)သို့ရည်ညွှန်းလျက်။ အဂိစိတွင်းမှထွက်ရှိသောရေ၏အရည်အသွေးသည်နှိုင်းယှဉ်တန်ဖိုးထက်များပြားစွာကျော်လွန်နေရသည့်အပေါ် မည်သည့်အတွက်ကြောင့်ဆိုသည်ကိုမဖြေဆိုနိုင်ပါ။ အဆိုပါရေကိုစက်ရုံတွင်ထုတ်ယူသော်လည်းသောက်သုံးရေအဖြစ်အသုံးပြုခြင်းမရှိပါ။ယခုစက်ရုံမှရေဆိုးစွန့်ပစ်ခြင်းလည်းမရှိပါ။ အဆိုပါဒေသတစ်ခုလုံးအတွက် မြေအောက်ရေကို ဆန်းစစ်ပြီးအကြောင်းရင်းကိုရှာရမည်ဖြစ်ပါသဖြင့်ယခုစီမံကိန်းမှကျခံသည့် ဘတ်ဂျက်ဖြင့်လုံလောက်မှုမရှိပါ။ လုပ်ငန်းရှင်မှလည်းမည်သို့မျှမတတ်နိုင်ပါ။ထို့အပြင်အနီးနားတွင်ရှိသောစက်ရုံများ၏စွန့်ထုတ်ရေများမည်သို့စီမံထားသည်ကိုလည်းဝင်ရောက်စစ်ဆေးရန်မဖြစ်နိုင်ပါ။ ဤသည်မှာစီမံကိန်း၏ Scope of

		Limit တစ်ခုဖြစ်ပါသည်။ သို့ပါသော်လည်း ` ဤအချက်ကြောင့်ယခုစီမံကိန်း၏အစီရင်ခံစာအတည်ပြုမှုအပေါ် ကြန့်ကြာမှုမရှိစေရန်သီးခြား ဆောင်ရွက်သင့်ပါကြောင်းတင်ပြအပ်ပါသည်။
(ဇ)	စာမျက်နှာ-၆၅၊ အခန်း(၆) စီမံကိန်းလုပ်ငန်းကြောင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကိုဆန်းစစ်ခြင်းနှင့်ထိခိုက်မှုအပေါ် လျော့ချခြင်းဆောင်ရွက်မည့်နည်းလမ်းများနှင့်ပတ်သက်၍အစီရင်ခံစာကိုပြန်လည်သုံးသပ်၍စီမံကိန်းကြောင့်အမှန်တကယ်ထိခိုက်မှုနှင့်လျော့ချရေးနည်းလမ်းများကိုတိကျစွာဖော်ပြရန်၊	ပြန်လည်ဆန်းစစ်တင်ပြအပ်ပါသည်။ စာ(၇၈ ~ ၈၂)
(ဈ)	စာမျက်နှာ-၈၀၊ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပွဲသို့တက်ရောက်သူ (၃၀) ဦးဖော်ပြထားပြီးနောက်ဆက်တွဲ၌ (၂၃)ဦးဖြစ်နေ သည်ကိုပြန်လည်စိစစ်၍အမှန်ကိုဖော်ပြရန်အပြင် တက်ရောက်ဖြေဆိုသူ (၃၀)ဦး၏ဆွေးနွေးအကြံပြုချက်များကိုပါထည့်သွင်းဖော်ပြပေးရန်၊	တက်ရောက်သူအချို့လက်မှတ်မထိုးပါ။ အကြံပြုချက်များထပ်မံဖော်ပြအပ်ပါသည်။ စာ (၈၄ ၊ ၈၅)
(ည)	စာမျက်နှာ-၁၁၁၊ လုပ်ငန်းအကျိုးအမြတ်မှ ၂ရာခိုင်နှုန်းအားသုံးစွဲမည့်လုပ်ငန်းများအတွက်လျာထားကုန်ကျစရိတ်အား ဖော်ပြရာ၌ ရာခိုင်နှုန်းအစားငွေ (ကျပ်)ဖြင့်ဖော်ပြပေးရန်။	နှစ်စဉ်အမြတ်ငွေ၏ပမာဏသည် အစဉ်ပြောင်းလဲနေသောကြောင့် ရာခိုင်နှုန်းဖြင့်ဖော်ပြခြင်းသည်သာသင့်တော်ပါသည်။
	စာမျက်နှာ-၉၇၊ ဇယား-(၈.၃) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ) တွင် စောင့်ကြပ်ကြည့်ရှုမည့်နေရာအား (Construction Site, Each tenant in factory and surrounding, work site…) ဖော်ပြထားခြင်းသည်ရှင်းလင်းတိကျမှုမရှိသဖြင့် ထိုသို့ဖော်ပြခြင်းအစား လုပ်ငန်းအကြောင်းအရာကို (ဥပမာ- ရေအရည်အသွေးစောင့်ကြည့်မည့်နေရာအားစက်ရုံတွင်းရှိအဂိစိတွင်း ရေစသည်ဖြင့်) တိကျစွာဖော်ပြရန်၊	ပြင်ဆင်တင်ပြအပ်ပါသည်။ စာ (၁၀၂)
(ဌ)	စာမျက်နှာ-၉၇၊ ဇယား-(၈.၃) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ) တွင် စောင့်ကြပ်ကြည့်ရှုမည့်အကြိမ် အရေဖော်ပြချက်၌လေအရည်အသွေးအားမိုးရာသီနှင့်နွေရာသီတို့၌တစ်ပတ်တစ်ကြိမ်ဟုဖော်ပြထားခြင်းသည် လုပ်ငန်းရှင်မှအမှန်တကယ်စောင့်ကြည့်နိုင်သည့်အကြိမ်ရေဟုတ်/မဟုတ် တိကျစွာရှင်းလင်းဖော်ပြရန်၊	မိုးရာသီနှင့်နွေရာသီတို့၌တစ်ကြိမ်စီဟုပြင်ဆင်ထားပါသည်။ စာ(၁၀၂) ဇယား ၈.၃
	စာမျက်နှာ-၉၇၊ ဇယား-(၈.၃) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ) တွင် စောင့်ကြည့်မည့်အကြိမ်	ခြောက်လအတွင်းအမြင့်ဆုံးအ

	ရေ ဖော်ပြချက်၌ ဆူညံသံစောင့်ကြည့်အကြိမ်ရေအား Once (Peak period) ဟုဖော်ပြခြင်းသည်နှစ်အပေါ် (သို့) လအပေါ်စသည့် မည်သည့်အပေါ်အခြေခံကြောင်းတိကျရှင်းလင်းမှုမရှိသဖြင့်ရှင်းလင်းတိကျစွာဖော်ပြရန်၊	ချိန်ဟုဖြည့်စွက်သတ်မှတ်ပါသည်။ စာ(၁၀၂) ဇယား ၈.၃
	စာမျက်နှာ-၉၇၊ ဇယား-(၈.၃) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ) တွင် ပတ်ဝန်းကျင်ဆိုင်ရာ တစ်ခုချင်း အလိုက် စောင့်ကြည့်မည့်လျာထားရံပုံငွေအားဖော်ပြပေးရန်၊	ဖြည့်စွက်တင်ပြအပ်ပါသည်။ စာ (၁၀၂) ဇယား ၈.၃
(ဏ)	စာမျက်နှာ-၈၅၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အခန်းတွင်ဖော်ပြထားသည့်စီမံခန့်ခွဲမှုအစီအစဉ်များပုံစံအစား EIA Procedure အပိုဒ် ၆၃(ဇ) အပိုဒ်ခွဲငယ် (၆) ပါအတိုင်း Box type ပုံစံ (သို့) Paragraph Type ပုံစံဖြင့် ပြင်ဆင်ဖော်ပြရန်။ (နမူနာပုံစံအားပူးတွဲ-၁ ဖြင့်)	ပြင်ဆင်ဖော်ပြထားပါသည်။ စာ (၈၈ ~ ၉၈)
(တ)	စာမျက်နှာ-၉၃၊ ဇယား-(၈.၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက်ရံပုံငွေ (ပုံမှန်စက်လည်ပတ်သည့်ကာလ) ဟု ခေါင်းစဉ်တပ် ထားပြီး ဇယားကွက်၌ ဆောက်လုပ်ရေးကာလနှင့်ပုံမှန်လည်ပတ်စဉ်ကာလဟူ၍ ရောနှောနေကြောင်းစိစစ်တွေ့ရှိရပါသဖြင့် ထိုသို့ရောနှောဖော်ပြခြင်းမပြုဘဲ၊ လျာထားရံပုံငွေအားသီးသန့်စီ ရှင်းလင်းဖော်ပြပေးရန်၊	ဆောက်လုပ်ရေးကာလပြီးဆုံး၍ပုံမှန်လည်ပတ်စဉ်ကာလအတွက် သာဖြစ်ပါသည်။ စာ(၉၉) ဇယား ၈.၂
(ထ)	EIA Procedure အပိုဒ် ၁၀၈ အရ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကိုဝန်ကြီးဌာနသို့ ၆ လတစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း တင်ပြမည်ဖြစ်ကြောင်းထည့်သွင်းဖော်ပြရန်၊	ဖြည့်စွက်တင်ပြအပ်ပါသည်။ စာ (၁၀၃၊ ၁၀၆)
(ဒ)	စီမံကိန်းမှလိုက်နာမည့် List of Commitment ဇယားပုံစံအား အောက်ပါ ဇယားပုံစံ (ဥပမာ) အတိုင်းဖော်ပြရန်၊ ထိုသို့ဖော်ပြရာတွင် IEE ပါအခန်း၁ ခန်းစီအလိုက်အဓိကအချက်များအား ရှင်းလင်းဖော်ပြချက်ဇယားကွက်တွင်ဖော်ပြပေးရန်၊	ဖြည့်စွက်တင်ပြအပ်ပါသည်။ စာ (၂၇)
(ဓ)	တင်ပြလာသည့် IEE Report Type တွင်အောက်ပါအချက်များပြင်ဆင်ဖော်ပြရန်- (၁) ပြန်လည်ပြင်ဆင်တင်ပြလာသည့် Report အားစာအုပ်ပုံစံချုပ်၍ တင်ပြရန်၊ (၂) Report ပါစာလုံးဆိုဒ် များတူညီစွာဖော်ပြရန်နှင့်စာသားများမှုန်ဝါးခြင်းမရှိဘဲ ထင်ရှားစွာဖော်ပြရန်၊ (၃) Report ပါခေါင်းစဉ်နှင့် စာကိုယ်များကွဲလွဲမှုမရှိစေရန် သေချာစိစစ်ရန်နှင့်အဓိကအခန်းအလိုက်ဖော်ပြရမည့် ခေါင်းစဉ်ကြီးများအားစာလုံးဆိုဒ်အကြီးများဖြင့်သိသာထင်ရှားစွာဖော်ပြရန်၊	(၁)စာအုပ်ချုပ်၍တင်ပြပါသည်။ (၂)စာလုံးဆိုဒ်နှင့်အရောင်ပြင်ဆင်ထားပါသည်။ (၃)စိစစ်တင်ပြအပ်ပါသည်။

မာတိကာ

၁. အကျဉ်းချုပ်အစီရင်ခံစာ။ ၅

၂. နိဒါန်း။ ၂၂

၂.၁ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည်တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်းဝန်ခံချက်။ ၂၃

၂.၂ သက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာ၍ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကိုဆောင်ရွက်ထားကြောင်း။ ၂၄

၂.၃ စီမံကိန်းဖေါ်ဆောင်သူသည်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံချက်။ ၂၅

၃. မူဝါဒ၊ဥပဒေနှင့်အဖွဲ့ အစည်းဆိုင်ရာမူဘောင်။ ၂၉

၄. စီမံကိန်းအကြောင်းအရာအသေးစိတ်ဖော်ပြချက်နှင့်အစားထိုးဆောင်ရွက်နိုင်မှုများ။ ၄၅

၄.၁ စီမံကိန်းနောက်ခံအကြောင်းအရာ။ ၄၅

၄.၂ စီမံကိန်းရည်ရွယ်ချက်။ ၄၅

၄.၃ လုပ်ဆောင်မည့်စနစ်အပေါ် ရှင်းလင်းဖေါ်ပြချက်။ ၄၅

၄.၄ စီမံကိန်းတည်နေရာ၊တည်နေရာပြမြေပုံနှင့်နေရာချထားမှုပုံစံပြမြေပုံများ၊ ၄၆

၄.၅ စီမံကိန်းသဘောအမြင်ပြအခင်းအကျင်းနှင့်ပါဝင်သောအစိပ်အပိုင်းများ။ ၅၀

၄.၆ စီမံကိန်းလုပ်ငန်းတစ်ခုချင်းစီအတွက်အခြားအစားထိုးဆောင်ရွက်နိုင်သည့်စီမံကိန်းများနှိုင်းယှဉ်ခြင်းနှင့် ရှင်းလင်းဖေါ်ပြခြင်း။ ၅၈

၄.၇ ရွေးချယ်လိုက်သောအစားထိုးစီမံကိန်းကိုရှင်းလင်းဖေါ်ပြခြင်း။ ၅၈

၅. အနီးရှိပတ်ဝန်းကျင်အကြောင်းရှင်းလင်းဖေါ်ပြချက်။ ၆၀

၅.၁ နယ်ပယ်သတ်မှတ်ခြင်း၊ ၆၀

၅.၂ နည်းစနစ်။ ၆၀

၅.၃ စီမံကိန်းဒေသဆိုင်ရာအချက်များ။ ၆၀

၅.၄ လူမှုစီးပွါးရေးဆိုင်ရာအချက်အလက်များ။ ၆၂

၅.၅ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာတိုင်းတာချက်များ။ ၆၅

၆. ထိခိုက်မှုဆန်းစစ်ခြင်းနှင့်လျော့ပါးစေရေးနည်းလမ်းများ။ ၆၉

၆.၁ ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်နှင့်ချဉ်းကပ်ပုံ။ ၆၉

၆.၂ ထိခိုက်မှုများကိုသတ်မှတ်ဖေါ်ထုတ်ခြင်း။ ၇၀

၆.၃ ဖော်ထုတ်ထားသောထိခိုက်မှုများ၏သိသာထင်ရှားမှုကိုသတ်မှတ်ခြင်း။ ၇၃

၆.၄ ထိခိုက်မှုများအချုပ်နှင့်အဆင့်အတန်းသတ်မှတ်ချက်။ ၇၅

၆.၅ ထိခိုက်မှုများကိုလျော့ပါးစေရေးနည်းလမ်းများ။ ၇၅

၆.၆ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုလျော့ချရန်အစီအစဉ်များ ၇၆

၆.၇ ထိခိုက်မှုများလျော့ချခြင်း (အကြိုဆောက်လုပ်ရေးကာလ) ၈၀

၆.၈ ထိခိုက်မှုများလျော့ချခြင်း (ဆောက်လုပ်ရေးကာလ) ၈၁

၆.၉ ထိခိုက်မှုများလျော့ချခြင်း (လုပ်ငန်းများပုံမှန်လည်ပတ်စဉ်ကာလ) ၈၂

၆.၁၀ ကြွင်းကျန်သက်ရောက်မှုများကိုသတ်မှတ်ခြင်း။ ၈၂

၇. အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊သတင်းထုတ်ဖော်ခြင်းနှင့်ဖွံ့ဖြိုးရေးအစီအစဉ်။ ၈၃

၇.၁ နည်းလမ်းသတ်မှတ်မှုနှင့်ချဉ်းကပ်မှု။ ၈၃

၇.၂ ဆွေးနွေးခြင်းအကျဉ်းချုပ်နှင့်ကျင်းပသည့်အခမ်းအနားနှင့်ဆောင်ရွက်မှုများ။ ၈၃

၇.၃ ဆွေးနွေးပွဲကျင်းပခြင်းနှင့်ရလဒ်များ။ ၈၄

၇.၄ သဘောထားမှတ်ချက်များ။ ၈၆
၇.၅ တောင်းဆိုမှုများအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု။ ၈၆
၇.၆ ဒေသဖွံ့ဖြိုးရေးစီမံချက် ၈၆
၇.၇ သတင်းအချက်အလက်များထုတ်ပြန်ခြင်း။ ၈၇
၈. ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။ ၈၈
၈.၁ လေထု(ဖုန်မှုန်များ)အပေါ် စီမံထားရှိမှု။ ၈၉
၈.၂ အသံပိုင်းဆိုင်ရာများအပေါ် စီမံထားရှိမှု။ ၉၀
၈.၃ စွန့်ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များဆိုင်ရာဆန်းစစ်စီမံထားရှိမှု။ ၉၁
၈.၄ အပင်နှင့်သဘာဝတိရိစ္ဆာန်များအပေါ် စီမံထားရှိမှု။ ၉၃
၈.၅ သက်မွေးဝမ်းကြောင်းအပေါ် ထိခိုက်မှု။ ၉၄
၈.၆ အလုပ်အကိုင်အခွင့်အလမ်းအပေါ် စီစဉ်ထားရှိမှု။ ၉၄
၈.၇ လုပ်ငန်းခွင်လုံခြုံရေးအပေါ် စီမံထားရှိမှု။ ၉၅
၈.၈ ဆက်သွယ်မှုလမ်းများအပေါ် စီမံထားရှိမှု။ ၉၆
၈.၉ စိန်းလန်းစိုပြေရေးအတွက်စီမံထားရှိမှု။ ၉၇
၈.၁၀ လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်၌ဆောင်ရွက်ရမည့်လုပ်ငန်းများ။ ၉၈
၈.၁၁ စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်များ ၁၀၀
၈.၁၂ ကျန်းမာရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအစီအစဉ်။ ၁၀၄
၈.၁၃ အစီရင်ခံခြင်းအတွက်သတ်မှတ်ချက်များ။ ၁၀၆
၈.၁၄ အရေးပေါ်စီမံချက်။ ၁၀၇
၈.၁၅ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့်လေ့ကျင့်သင်တန်းပေးခြင်း။ ၁၁၄
၈.၁၆ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုအကောင်အထည်ဖော်ရန်လိုအပ်သည့်အဖွဲ့၊ပုဂ္ဂိုလ်နှင့် အသုံးစရိတ်လျာထားမှု။၁၁၆
၈.၁၇ ထိခိုက်နိုင်မှုများလျော့ချစေရန်အဖွဲ့ (Mitigation Group) အတွက်တာဝန်ယူမှု၊ ဖွဲ့စည်း တာဝန်ပေးမှု နှင့်လမ်းညွှန်ဆောင်ရွက်ထားရှိမှုများ။ ၁၁၆
၈.၁၈ စောင့်ကြပ်ကြည့်ရှုသည့်အဖွဲ့ (Monitoing Group) အတွက်တာဝနယူမှု၊ ဖွဲ့စည်း တာဝန်ပေးမှု နှင့်လမ်းညွှန်ဆောင်ရွက်ထားရှိမှုများ။ ၁၁၇
၉. နိဂုံးချုပ်နှင့်အကြံပြုချက်။ ၁၁၉
၁၀. နောက်ဆက်တွဲဖော်ပြချက်များ။ ၁၂၀

List of Tables

No	List of Tables	Pg
1-1	Overall Framework of Environmental Impact Assessment (Myanmar)	6
1-2	ကုန်ကြမ်းပစ္စည်းအမည်စာရင်း။	7
2-1	ပတ်ဝန်းကျင်ဆိုင်ရာအမျိုးအစားသတ်မှတ်ချက်ဇယား	22
2-2	အစီရင်ခံစာ၏မည်သည့်အပိုင်းတွင်မည်သည့်ကျွမ်းကျင်သူကတာဝန်ယူဆောင်ရွက်ထားရှိမှု	26
3-1	စီမံကိန်းကလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများချုပ်	29
3-2	စွန့်ပစ်အရည်အတွက်စံချိန်စံညွှန်း (အထည်ချုပ်လုပ်ငန်း)	42
3-3	လေအရေသွေးစံချိန်စံညွှန်း	43
3-4	အသံဆူညံမှု စံချိန်စံညွှန်း	43
4-1	စီမံကိန်း၏အဆောက်အဦးအရွယ်အစားနှင့်အရေအတွက်	49
4-2	စီမံကိန်းပိုင်ရှင်၊စီမံကိန်းဖော်ဆောင်သူနှင့်ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူသည့်အဖွဲ့	49
4-3	စီမံကိန်းအတွက်အသုံးပြုသည့်စက်ပစ္စည်းစာရင်း	51
4-4	စီမံကိန်းရုံးအတွက်အသုံးပြုသည့်စက်ပစ္စည်းစာရင်း	52
4-5	စီမံကိန်းအတွက်လိုအပ်သည့်ကုန်ကြမ်းပစ္စည်းစာရင်း	52
4-6	စီမံကိန်းဆိုင်ရာအချက်အလက်အကျဉ်းချုပ်	59
5-1	The List of Flora	61
5-2	The List of Rodents and Reptiles	62
5-3	စီမံကိန်းဒေသအိမ်ခြေ/အိမ်ထောင်စု	62
5-4	စက်မှုလုပ်ငန်းများ	63
5-5	မြေအသုံးချမှုအခြေပြ	63
5-6	အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ကိုင်မှု	64
5-7	စီမံကိန်းဒေသလူတစ်ဦးချင်းဝင်ငွေ	64
5-8	စီမံကိန်းအလုပ်လုပ်နိုင်သူနှင့်အလုပ်လက်မဲ့ဦးရေ	64
5-9	ဒေသအတွင်းအများဆုံးဖြစ်တတ်သောရောဂါများ	65
5-10	ထင်ရှားသောစေတီနှင့်ပုထိုးများ	65
5-11	ဘာသာကိုးကွယ်မှု	65
5-12	စီမံကိန်းဒေသပတ်ဝန်းကျင်အပူချိန်၊စိုထိုင်းဆနှင့်မိုးရေချိန်၊	66
5-13	ပတ်ဝန်းကျင်အရေအသွေးဆန်းစစ်သည့်နေရာ။	66
5-14	စီမံကိန်းလေထုအရည်အသွေးတိုင်းတာရရှိမှု	66
5-15	စီမံကိန်း၏ဆူညံသံတိုင်းတာရရှိမှု	66
5-16	စီမံကိန်း၏မြေဆီလွှာအရည်အသွေးတိုင်းတာရရှိမှု	66
6-1	ထိခိုက်မှုများသတ်မှတ်ဖော်ထုတ်ခြင်း။	70
6-2	စီမံကိန်းကြောင့်သဘာဝနှင့်လူမှုဝန်းကျင်အပေါ် ထိခိုက်မှုနှင့်သတ်မှတ်ခြင်းအချုပ်	73
6-3	ထိခိုက်မှုအချုပ်နှင့်အဆင့်အတန်းသတ်မှတ်ချက်	74
6-4	ထိခိုက်မှုလျှော့ချသည့်အစီအစဉ်(တည်ဆောက်မှုအကြိုကာလ)	81
6-5	ထိခိုက်မှုလျှော့ချသည့်အစီအစဉ်(ဆောက်လုပ်ရေးကာလ)	81
6-6	ထိခိုက်မှုလျှော့ချသည့်အစီအစဉ်(ပုံမှန်စက်လည်ပတ်သည့်ကာလ)	82
7-1	အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်သဘောထားရယူသည့်အစီအစဉ်	84
7-2	တောင်းဆိုမှုများအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု	86
7-3	အများပြည်သူအကြံပြုချက်နှင့်တာဝန်ယူမှုအစီအစဉ်	87
8-1	ပတ်ဝန်းကျင်စမံခန့်ခွဲသည့်အစီအစဉ်(ဆောက်လုပ်ရေးကာလ)	99
8-2	ပတ်ဝန်းကျင်စီမံခန့်ခွဲသည့်အစီအစဉ်နှင့်ရုံပုံငွေလျာထားချက်(ပုံမှန်စက်လည်ပတ်သည့်ကာလ)	99
8-3	စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်(ပုံမှန်စက်လည်ပတ်သည့်ကာလ)	102
8-4	စောင့်ကြပ်ကြည့်ရှုခြင်းအတွက်ခန့်မှန်းကုန်ကျငွေဇယား	103
8-5	အစီရင်ခံစာတင်ပြခြင်းအစီအစဉ်	106
8-6	မီးသတ်ဆေးဘူးအမျိုးအစားနှင့်အသုံးပြုပုံ	112

List of Figures

ပုံ	List of Figures	စာမျက်နှာ
၁	စီမံကိန်းတည်နေရာပြမြေပုံ	၄၆
၂	စီမံကိန်း၏တည်နေရာ Location Map (GIS Detailed)	၄၆
၃	စီမံကိန်း၏တည်နေရာအနီးကပ်ဂြိုလ်တုပုံ	၄၇
၄	စီမံကိန်း၏ပတ်ဝန်းကျင်ပြမြေပုံ	၄၇
၅	စီမံကိန်း၏ Layout Plan	၄၉
၆	စီမံကိန်း၏လုပ်ငန်းစဉ်အဆင့်ဆင့်	၅၀
၇	စီမံကိန်း၏ရေစီးဆင်းမှုစနစ်	၅၇
၈	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်	၅၇
၉	အရေးပေါ်စီမံချက်	၁၀၇
၁၀	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	၁၁၆
၁၁	လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်ဆင့်	၉၈

List of Abbreviations

ADB	Asian Development
AIDS	Acquired Immuno Defiency Syndrome
BC	Before Construction
BOD	Biological Oxygen Demand
BOD	Board of Directors
CDC	City Development Committee
DC	During Construction
DRM	Disaster Risk Management
ECC	Environmental Compliance Certificate
ECD	Environmental Conservation Department
EIA	Environmental Impact Assessment
EMP	Environmental Management Plan
GAD	General Administration Department
HIV	Human Immunodefiency Virus
IFC	International Finance Corporation
MONREC	Ministry of Natural Resources & Environmental Conservation
MRAC	Ministry of Religious Affairs and Culture
NMDC	National Disaster Management Committee
OS	Operation Stage
OHS	Occupational Health & Safty
OUV	Outstanding Universal Value
PAP	Project Affected People
RRD	Department of Relief and Resettlement
SIA	Social Impact Assessment

၁. အကျဉ်းချုပ်အစီရင်ခံစာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်ခေတ်မီဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံဖြစ်ပေါ်လာပြီးတိုင်းရင်းသား ပြည်သူလူထုများစီးပွါးရေးနှင့်လူမှုရေးမြင့်မားလာစေရေးအတွက်ဝန်ဆောင်မှုလုပ်ငန်းများ၊ထုတ်လုပ်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့်အကြီးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ရာတွင်နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲသို့ မဟုတ်ထိခိုက်မှုအနဲဆုံးနှင့်ရေရှည်ဖွံ့ ဖြိုးတိုးတက်ရေးတို့ ကိုအလေးထားလုပ်ကိုင်လျက်ရှိပါသည်။စက်မှုကဏ္ဍစီးပွါးရေးတိုးတက်မှုတွင်လုပ်သားအင်အားဖြစ်သည့်လူစွမ်းအားအရင်းအမြစ်သည်လည်းအဓိကအချက်အချာဖြစ်ပြီးဤသည်ပင်လျှင်မြန်မာနိုင်ငံအတွက်ကြီးမားသောအခွင့်အလမ်းတစ်ခုဖြစ်ပါသည်။

Fullway Myanmar Clothing Company Limited၏ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့ နယ်၊ ရွှေသံလွင်စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄) မြေကွက်အမှတ်(၈၃)ရှိမြေ(၁. ၇၄)ဧကပေါ်ရှိမြေနှင့်ယင်းမြေပေါ်ရှိအဆောက်အဦးကိုငှားရမ်း၍CMPစနစ်ဖြင့်အထည်ချုပ်စက်ရုံစီမံကိန်းကိုနိုင်ငံခြားသားများရင်းနှီးမြှုပ်နှံသည့်ဥပဒေနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်သွားရာတွင်ကနဦးပတ်ဝန်းကျင်ထိခိုက်နိုင်မှုဆန်းစစ်ခြင်း Initial Environmental Examination (IEE) နှင့်ကုမ္ပဏီကအဆိုပါပတ်ဝန်းကျင်ထိခိုက်နိုင်မှုများအပေါ်စီမံထားရှိမှုများ Environmental Management Plan (EMP) ကိုဤအစီရင်ခံစာဖြင့်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

Fullway Myanmar Clothing Co., Ltdသည်ဟောင်ကောင်အခြေစိုက် Highway International (H.K) Limited ကအစုရှယ်ရာ၉၈%၊ Ms. Fu Ching Gina ကအစုရှယ်ရာ၁%၊ Fu Kit Yung ကအစုရှယ်ရာ၁%ထည့်ဝင်တည်ထောင်ထားသောနိုင်ငံခြားသားပိုင်ဆိုင်သောကုမ္ပဏီတစ်ခုဖြစပါသည်။ယခုစီမံကိန်းကိုနိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်းလုပ်ကိုင်ရန်အဆိုပြုခဲ့သောစီမံကိန်းဖြစ်ပြီး CMP စနစ်ဖြင့်အထည်အမျိုးမျိုးချုပ်လုပ်သည့်လုပ်ငန်းစက်ရုံစီမံကိန်းဖြစ်ပါသည်။ပြည်ပပို့ ကုန်တိုးမြင့်ပြီး၊ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေမည့်လုပ်ငနးအမျိုးအစားဖြစ်ပါသည်။ စီမံကိန်း၏လုပ်ငန်းစဉ်သည်အောက်ပါအတိုင်းဖြစ်ပါသည်။ (1) Raw Material Preparing (2) Cutting (3) Binding (4) Sewing (5) Quality Inspection (6) Packing တို့ဖြစ်ပါသည်။

စီမံကိန်းအမျိုးအစား။

ယခုစီမံကိန်းသည် CMP စနစ်ဖြင့်အထည်ချုတ်လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။
ယခုစီမံကိန်းသည်စက်မှုဇုန်အတွင်းဆောက်လုပ်ပြီးဖြစ်သည့်စက်ရုံကိုငှားရမ်းလုပ်ကိုင်ခြင်းဖြစ်ပါသည်။ နိုင်ငံခြားမှကုန်ကြမ်းများအားလုံးကိုတင်သွင်းပြီးလက်ခစား CMP စနစ်ဖြစ်အထည်များကိုချုပ်လုပ်ကာနိုင်ငံခြားသို့ ပြန်လည်တင်ပို့မည်ဖြစ်ပါသည်။လက်ရှိတင်အထည်အမျိုးမျိုးချုပ်လုပ်သွားမည်ဖြစ်ပါသည်။စက်ရုံ၏ထုတ်လုပ်မှုများမှသဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့်စွန့် ပစ်ပစ္စည်းများ၊အရည်များမရှိသည့်အပြင်ထွက်ရှိလာသောဖြတ်စည်ပစ်များကိုပြန်လည်အသုံးပြုခြင်း၊အခြားသောပစ္စည်းများပြန်လည်ထုတ်ယူခြင်းစသည်3Rစနစ်ကိုအသုံးပြုရန်စီစဉ်ထားသောကြောင့်သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေနိုင်ပါ။

နယ်ပယ်သတ်မှတ်ခြင်း။

ယခုတင်ပြသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာသည်စီမံကိန်းမစတင်မီ၊ စီမံကိန်းတည်ဆောက်သည့်ကာလနှင့်စီမံကိန်းပြီးစီးသည့်နောက်ပုံမှန်လည်ပတ်သည့်ကာလစသည်တို့ အတွက်စီစစ်တင်ပြရန်ရှိသော်လည်းယခုစီမံကိန်းမှာစက်ရုံတည်ဆောက်ပြီးပုံမှန်လည်ပတ်နေပြီဖြစ်သောကြောင့်လက်ရှိတွေ့ရှိမှုများအပေါ်တွင်သာအခြေခံတင်ပြသွားမည်ဖြစ်ပါသည်။

ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရာတွင်အောက်ပါနယ်ပယ်များကိုအဓိကထား၍စစ်ဆေးတိုင်းတာသွားမည်ဖြစ်ပါသည်။

၁. လေထုညစ်ညမ်းမှု။
၂. အသံနှင့်တန်ခါမှုဆိုင်ရာထိခိုက်နိုင်မှုများ။

၃. စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးရေညစ်မျှားဆိုင်ရာဆန်းစစ်မှု။
၄. အနီးအနားတွင်နေထိုင်သွားလာသည့်သဘာဝတိရိစ္ဆာန်များအပေါ်ထိခိုက်နိုင်မှု။
၅. ဒေသခံများအတွက်သက်ရောက်မှုများ။

စီမံကိန်းတည်နေရာ။

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄) မြေကွက်အမှတ်(၈၃)ရှိ မြေ(၁.၇၄)ဧကကျယ်ဝန်းသောနေရာတွင်တည်ရှိပါသည်။
အစီရင်ခံစာနှင့်ပတ်သက်သောအချက်များနှင့်တာဝန်ယူထားရှိမှု။

Table 4.2 Project Owner and Proponent, Project Implementation and Implementation Organization of EIA

Item	အဖွဲ့အစည်း
စီမံကိန်းပိုင်ရှင်နှင့်စီမံကိန်းဖော်ဆောင်သူ။	Fullway Myanmar Clothing Co., Ltd, မြေကွက်အမှတ်(၈၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုံး/မိုဘိုင်း၊ ၀၉၄၂၁၀၉၄၂၉၀
ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူသည့်အဖွဲ့။	Kaung Kyaw Say Engineering Co.,Ltd အမှတ် (၃၁) ပင်လုံရိပ်မွန် ၅ လမ်း၊ ပင်လုံရိပ်မွန်၊ သဃ်နိုးကျွန်းမြို့နယ်၊ရန်ကုန်မြို့။ဖုံး။ ၀၁-၅၇၁၂၈၄ ၊ ၀၉၅၁၈၃၅၁၇ email; mdoffice@kaungkyawsay.com, kaungkyawsaymdoffice@gmail.com


Table 1-1 Overall Framework of Environmental Impact Assessment

Item/2016	Aug	Sep	Oct	Nov
Selection of IEE Consultant	———			
Base line Survey				
Water Sampling	———	———		
Soil Sampling	———	———		
Air Measurement	———	———		
Noise and Traffic	———	———		
Flaura and Fauna Survey	———	———		
Culture Survey		———		
IEE Preparation	———	———	———	———
Stakeholders Meeting		———	———	
IEE report		———	———	———

စီမံကိန်းလုပ်ငန်းဆိုင်ရာအကျဉ်းချုပ်။

စီမံကိန်းသည်လုပ်ငန်းအတွက်လိုအပ်သည့်ပိတ်စ၊ကြယ်သီးနှင့်ဇစ်စသည် ကုန်ကြမ်းများကိုနိုင်ငံခြားမှတင်သွင်းပြီး၊ Knitted & Wovenများကိုစီအမ်ပီစနစ်ဖြင့်ထုတ်လုပ်သည့်အထည်ချုပ်လုပ်ငန်းစဉ်ဖြစ်ပါသည်။

ထုတ်လုပ်မှုလုပငန်းစဉ်။ ။ယခုစီမံကိန်းသည်**CMP စနစ်ဖြင့်အထည်ချုပ်ခြင်းလုပ်ငန်း**ကိုပြည်ပပို့ကုန်တိုးမြင့်ပြီး၊ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်လာ စေရန်ရည်ရွယ်သည့်လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။ စီမံကိန်း၏လုပ်ငန်းစဉ်သည် အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဖြစ်ပါသည်။ (1) Raw Material Preparing (2) Cutting (3) Production (Sewing & Binding) (4) Quality Inspection (5) Packing တို့ဖြစ်ပါသည်။



ကုန်ကြမ်းသုံးစွဲမှုနှင့်ရယူသည့်အရင်းအမြစ်။

မိုးကာအင်္ကျီနှင့်မိုးကာဘောင်းဘီထုတ်လုပ်မှုလုပ်ငန်းအတွက်လိုအပ်သည့်ကုန်ကြမ်းအနေဖြင့်ပိတ်စ၊အပ်ချည်လုံး၊ဇစ်၊သရေကြိုးစသည်တို့ဖြစ်ပါသည်။ အဆိုပါကုန်ကြမ်းများကိုတရုတနိုင်ငံမှတင်သွင်းပါသည်။

Table 1-2 ကုန်ကြမ်းသုံးစွဲမှုစာရင်းချုပ်။

စဉ်	ကုန်ကြမ်းအမည်	ဖော်ပြချက်	စဉ်	ကုန်ကြမ်းအမည်	ဖော်ပြချက်	စဉ်	ကုန်ကြမ်းအမည်	ဖော်ပြချက်
1	100% Nylon Woven Fabric	Nylon Taflete 190T with acryic coating	11	Care Label	Wovem	21	Siccper	Plastic 2x 1cm
2	100% Nylon Woven Fabric	Nylon Taflete 100T with acryic coating	12	Side Label	Paper (Plastic)	22	Seam Tape	PU 0.1mmx2cm
3	100% Polyester Woven Fabric	Polyester Taflete 190T with PVC coating	13	Stream Label	Paper (7x5.5cm)	23	Plastic Hack	Plastic 22 cm
4	100% Nylon Woven Fabric	Nylon Taflete 190T with PVC coating	14	Insert Paper	Paper (21x16cm)	24	Hangtag	Paper 12x17 cm
5	100% Polyester Woven Fabric	Polyester Taflete 190T with PVC coating	15	`Plastic Bag	PVC 64.5x48x5 cm	25	Reflectic Batch	PU 2 x 9cm
6	ESteric Tape	Polyster, 3cm width	16	Carton Box	Paper 49x31x40cm	26	Interlinning	Polyester 40”
7	Sewing Thread	Polyester, #402	17	Magic Tape	Nylon 2.5cm width			
8	Zipper	#3 Nylon Coil Zipper	18	Snap Button	Plastic,1515 mm			
9	Zipper	#5 Nylon Coil Zipper	19	PP Cord	Nylon 4,, width			
10	Main Label	Wovem	20	Eye-et	Plastic 10x5mm			

ကုန်ချောထုတ်လုပ်မှုနှင့်တင်ပို့သည့်နိုင်ငံ။

မိုးကာဂျာကင်အင်္ကျီ၊မိုးကာဘောင်းဘီ၊ Suit တို့သည်ယခုစက်ရုံမှထုတ်လုပ်သည့်အဓိကကုန်ချောများဖြစ်ပါသည်။

မိုးကာဂျာကင်အင်္ကျီတစ်နှစ်ထုတ်လုပ်မှု။ (၁၂၀,၀၀၀ ဒါဇင်)
မိုးကာဘောင်းဘီတစ်နှစ်ထုတ်လုပ်မှု။ (၃၀၀,၀၀၀ ဒါဇင်)
အဆိုပါကုန်ချောများအားလုံးဂျပန်နိုင်ငံသို့တင်ပို့ပါသည်။

စွမ်းအင်လိုအပ်ချက်နှင့်ရယူသည့်အရင်းအမြစ်။

- လျှပ်စစ်။
  လျှပ်စစ်မော်တော်အားကိုအဓိကထားအသုံးပြုပါသည်။နှစ်စဉ်လျှပ်စစ်လိုအပ်ချက်၅၄၀၀၀၀၀ယူနစ်ခန့်ဖြစ်ပါသည်။
  မီးမလာသည့်အခါကိုယ်ပိုင်ဒီဇယ်ဆီသုံးမီးစက်အသုံးပြုပါသည်။
  (ရန်ကုန်မြို့တော်လျှပ်စစ်မော်တော်အားပေးအဖွဲ့နှင့်ကိုယ်ပိုင်မီးစက်။)
- ရေ။
  နှစ်စဉ်ခန့်မှန်းရေဂါလံ၇၂၀၀၀၀ခန့်သုံးရေအတွက်၄”အဝိုစိတ်ပိုင်းနှင့်သောက်ရေအတွက်ရေသန့်ဝယ်ယူသည်။

- လောင်စာဆီ
  မော်တော်ယာဉ်များအတွက်ဓာတ်ဆီဂါလံ၅၀၀၀၀ခန့်နှင့်မီးစက်အတွက်လောင်စာဆီ(ဒီဇယ်)တစ်နှစ်ခန့်မှန်း၂၀၀၀-၁၀၀၀၀၀ ဂါလံခန့် (မီးရရှိမှုအပေါ်မူတည်)လိုအပ်ပြီးစက်ရုံအနီးဆီဆိုင်မှဝယ်ယူသည်။
  စက်ရုံတွင်ဂါလံ၅၀ခန့်သာပေပါတစ်လုံးအရံအဖြစ်ဝယ်ယူထားပါသည်။

စွန့်ပစ်အမှိုက်ထွက်ရှိမှုနှင့်စီမံခန့်ခွဲမှု။

စွန့်ပစ်အစိုင်အခဲ။ ။ဖြတ်စည်ပတ်စများ၊ထုတ်ပိုးပစ္စည်းများ၊ (ခန့်မှန်းတန်ချိန်။ တစ်လလျှင် ၁ တန်ခန့်)

စီမံခန့်ခွဲမှုစနစ်။ (၁)အစိုင်အခဲစွန့်ပစ်ပစ္စည်းများကိုနေ့စဉ်စုဆောင်းသိမ်းဆည်းပြီးသီးခြားသတ်မှတ်ထားသည့်နေရာတွင်ယာယီသိုလှောင်ထားပါသည်။ ထို့နောက်ပိသာချိန်ဖြင့်ပြန်လည်ရောင်းချပါသည်။
(၂)လိုအပ်သလိုမြို့တော်စည်ပင်သာယာသို့အခပေးစနစ်ဖြင့်ခေါ်ယူစွန့်ပစ်ပါသည်။


စွန့်ပစ်အရည်။ ။စီမံကိန်းမှစွန့်ပစ်အရည်များမထွက်ရှိပါ။
။ Domestic Waste Water ထွက်ရှိမှု (ခန့်မှန်းထွက်ရှိမှု။ တစ်ရက်လျှင် ၁ကုဗမီတာခန့်)

စီမံခန့်ခွဲမှုစနစ်။ (၁) Domestic Waste Water ကို Septic Tank စနစ်ဖြင့်သိုလှောင်ပါသည်။
(၂) Septic Tank ပြည့်လျှင်လိုအပ်သလိုမြို့တော်စည်ပင်သာယာသို့အခပေးစနစ်ဖြင့်ခေါ်ယူစွန့်ပစ်ပါသည်။

အငွေ့။ ။စက်ရုံသို့လာရောက်သည့်မော်တော်ယာဉ်များကြောင့်အငွေ့ထွက်ခြင်းမီးစက်လည်သည့်အခါအခိုးအငွေ့များထွက်ခြင်း။

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း။
Fullway Myanmar Clothing Co., Ltd ၏စက်ရုံတွင်ထိန်းချုပ်ဓာတုဗေဒပစ္စည်းများသုံးစွဲမှုမရှိသောကြောင့်စီမံကိန်းမှဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများလုံးဝမရှိပါ။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ။



ဝန်ထမ်းများနှင့်မီးဖိုဆောင်မှအမှိုက်ခန့်မှန်းခြေနေ့စဉ် ၅ကီလိုမှ၁၀ကီလိုခန့်ထွက်ရှိနိုင်ပါသည်။
ယခုစက်ရုံမှအန္တရာယ်ရှိသော၊ဓာတုစွန့်ပစ်ပစ္စည်းများမထွက်ရှိပါ။
ကုန်ကြမ်းများကိုစနစ်တကျသိုလှောင်ထားရှိပါသည်။သယ်ဆောင်သည့်လမ်းတစ်လျှောက်တွင်လည်းဖိတ်စဉ်မှုမရှိစေရန်ကွနတိန်နာကားများဖြင့်တင်ဆောင်ပါသည်။ကုန်ကြမ်းများအားလုံးတရုတ်ပြည်သူသမ္မတနိုင်ငံမှတင်သွင်းပါသည်။

စက်ရုံမှထွက်မည့်စွန့်ပစ်အမှိုက်များကို YCDC သို့ဆက်သွယ်စွန့်ပစ်ရန်စီစဉ်ထားပါသည်။အဆိုပါအမှိုက်စာရင်းတွင်လုပ်သားများတစ်ဦးချင်းစီ၏အမှိုက်နှင့်စားသောက်ဆောင်၊မီးဖိုဆောင်များမှထွက်ရှိသောအမှိုက်များပါဝင်ပါသည်။ လိုအပ်သည့်ကုန်ကြမ်းများကိုအလုံပိတ်ကွန်တိန်နာကားများဖြင့်သယ်ဆောင်သောကြောင့် သယ်ဆောင်ရာလမ်းတစ်လျှောက်ထိခိုက်မှုမရှိပါ။ စက်ရုံ၏ထုတ်လုပ်ပုံအဆင့်အရစွန့်ပစ်အရည်များမထွက်ရှိကြောင်းနှင့်တိုင်းတာစစ်ဆေးသည့်အခါတွင်လည်းမတွေ့ရှိရပါ။

ရေအိမ်၊မီးဖိုဆောင်နှင့်စားသောက်ဆောင်နေရာများသည်တစ်ကိုယ်ရေစွန့်ပစ်အမှိုက်များကိုတွေ့နိုင်သောနေရာများဖြစ်ပါသည်။အခြားသောစွန့်ပစ်အမှိုက်များ၊ပလတ်စတစ်၊ထုတ်ပိုးစက္ကူနှင့်တစ်ကိုယ်ရေစွန့်ပစ်အမှိုက်များကိုသန့်ရှင်းရေးဝန်ထမ်းမှသိမ်းဆည်းပြီး YCDC သို့လိုအပ်သလိုစွန့်ပစ်ခပေးချေသည့်စနစ်ဖြင့် (သို့) အခြားသော Recycle ကုမ္ပဏီများသို့ရောင်းချခြင်းမပြုမီအထိစနစ်တကျသိမ်းဆည်းထားပါသည်။

အဆိုပါနည်းဖြင့်စွန့်ပစ်အမှိုက်များကြောင့်ထိခိုက်မှုကိုကာကွယ်ပေးပါသည်။ဆက်လက်၍ 3R (Reduce, Reuse and Recycle) စနစ်ကိုတတ်နိုင်သမျှအသုံးချခြင်းဖြင့်လည်းပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့ချနိုင်ပါသည်။ပိတ်စများဖြတ်သည့်နေရာတွင်အလေအလွင့်မရှိစေရန်လုပ်ဆောင်ခြင်းသည်စွန့်ပစ်အမှိုက်ထွက်ရှိမှုကိုလျှော့ချနိုင်သကဲ့သို့ကုန်ထုတ်မှုကိုလည်းတိုးတက်စေပါသည်။

Table 4-6 စီမံကိန်းဆိုင်ရာအချက်အလက်များအကျဉ်းချုပ်။

စဉ်	အကြောင်းအရာ		ဖော်ပြချက်
၁	ကုမ္ပဏီအမည်		Fullway Myanmar Clothing Co., Ltd
၂	စီမံကိန်းအမည်		အထည်ချုပ်စက်ရုံစီမံကိန်း
၃	စီမံကိန်းဖော်ဆောင်သူ/ပိုင်ရှင်		Mr. Chen, Chang-Nam (၅၀%) & Ms. Cheng, Li-Na (၄၉%)
၄	လိပ်စာ		မြေကွက်အမှတ်(၈၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုံး/မိုဘိုင်း၊ ၀၉၄၂၁၀၉၄၂၉၀
၅	EMP တာဝန်ယူသည့်အဖွဲ့		Kaung Kyaw Say Engineering Co.,Ltd
၆	လိပ်စာ		အမှတ် (၃၁)ပင်လုံရိပ်မွန် ၅လမ်း၊ ပင်လုံရိပ်မွန်၊သယ်နှုန်းကျွန်းမြို့ နယ်၊ ရန်ကုန်မြို့ ။ဖုံး။ ၀၁-၅၇၁၂၈၄ ၊ ၀၉၅၁၈၃၅၁၁၇ email; mdoffice@kaungkyawsay.com, kaungkyawsaymdoffice@gmail.com
၇	အတည်ပြုသူ		ဦးထွန်းနိုင်အောင်
၈	စိစစ်သူ		ဒေါ်မြမြအေး
၉	စုစည်းတင်ပြသူ		ဒေါ်မြင့်မြင့်သိန်း
၁၀	ရင်းနှီးမြှုပ်နှံမှုအမျိုးအစားနှင့်ပမာဏ		100%FDI (6.91MUS$),
၁၁	Date of Company Established		16-12-2013 (Comp; Reg; No. 108106506
၁၂	ဆောက်လုပ်ရေးစသည့်နေ့		၆-၁-၂၀၁၄
၁၃	ထုတ်လုပ်မှုစတင်သည့်နေ့		၂၄-၃-၂၀၁၄
၁၄	လိုင်စင်များ		MIC Permit;688/2014, Export/Import; 108106506(1-4-14), Ministry of Industry, For Private Industry License: Yaka/Kyi/3954 of dated 30-7-2015, Yangon Division Inspection Department For Electrical Safety (Ref; No. (EI/YD-1271/9-2020 /),
၁၅	ကုန်ကြမ်း (Import From)		တရုတ်
၁၆	ကုန်ချော (Export to)		ဂျပန်
၁၇	ထုတ်လုပ်မှုပမာဏ		အထည်မျိုးစုံ တစ်နှစ်လျှင် ဒါဇင်သန်းပေါင်း ၀. ၂၆၉-၀. ၅၈၈
၁၈	လက်ရှိလုပ်သားဦးရေ ၂၀၁၅ ဇူလိုင် (လုပ်သားဦးရေအစဉ်ပြောင်းလဲလျက်ရှိပါသည်။)		ကျား (၅၉)၊ မ (၈၄၉) ပေါင်း(၉၀၈) (ပြည်တွင်း) ကျား (၁၇)၊ မ (၈) ပေါင်း(၂၅) (နိုင်ငံခြားသား)
၁၉	အလုပ်ချိန်	နေ့စဉ်အလုပ်ချိန်	တနင်္လာ -သောကြာ (၈း၀၀ - ၁၆း၃၀) နေ့လည်စာ ၁း၀၀ မှ၁း၃၀) စနေ (၈း၀၀ - ၁း၀၀)
		နေ့စဉ်လုပ်သည့်အချိန်	၈ နာရီ
		အပတ်စဉ်လုပ်ရက်	၅. ၅ ရက်
		အပတ်စဉ်လုပ်ချိန်	လုပ်ချိန် ၄၄ နာရီ
		တစ်နှစ်လုပ်ရက်	၂၉၀ ရက် ခန့်
၂၀	စက်ပစ္စည်းများစာရင်း		နောက်ဆက်တွဲတွင်ဖော်ပြထားပါသည်။
၂၁	လုပ်သားဦးရေလျာထားချက် (Ref; to MIC proposal)		၃၇၃ ဦး (ပြည်တွင်း ၉၇. ၆၄%) ၉ဦး (နိုင်ငံခြားကျွမ်းကျင်သူ ၂. ၃၆%)
၂၂	ဆန့်စဉ်လောင်စာဆီလိုအပ်ချက်		ဒီဇယ် ၂၄၀၀၀-၁၀၀၀၀၀ ဂါလံ (မီးစက်အတွက်) ဓာတ်ဆီ ၅၀၀၀၀ ဂါလံခန့် (မော်တော်ယာဉ်များအတွက်)

၂၃	နှစ်စဉ်ချောဆီလိုအပ်ချက်	၁၀၀၀ ဂါလံ (အပ်ချုပ်စက်များအတွက်)
၂၄	နှစ်စဉ်ထင်းလောင်စာလိုအပ်ချက်	ထင်းလောင်စာသုံးဘိုင်လာမရှိပါ။
၂၅	နှစ်စဉ်လျှပ်စစ်လိုအပ်ချက်	၅၄၀၀၀၀ ယူနစ် (လိုင်းမီးနှင့်မီးစက်ပေါင်း)
၂၆	နှစ်စဉ်ရေလိုအပ်ချက် (ခန့်မှန်း)	ခန့်မှန်း ၇၂၀၀၀ ဂါလံ(၄"အဝိစိတွင်းမှရယူသည်။) သောက်သုံးရန်အတွက်သောက်ရေသန့်မှယူသည်။
၂၇	စွန့်ပစ်အမှိုက်	ခန့်မှန်း နေ့စဉ် ၁၅၀၀ ကီလိုခန့်
၂၈	လျှပ်စစ်မီးစက်	ဒီဇယ်ဆီသုံးမီးစက် ၁ လုံး

မူဝါဒ၊ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်များ။

စီမံကိန်းဖော်ဆောင်သူ၏ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒသည်အောက်ပါအတိုင်းဖြစ်ပါသည်။

၁. အထည်ချုပ်လုပ်ငန်းလုပ်ဆောင်ရာတွင်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြင့်လုပ်ဆောင်သွားနိုင်ရန်။

၂. ပတ်ဝန်းကျင်ရှိလူတို့ ၏ကျန်းမာရေးကိုမထိခိုက်စေရေးတို့ အတွက်အကာအကွယ်ပေးဆောင်ရွက်ရမည့် နည်းလမ်းများ၊စွန့် ပစပစ္စည်းအမျိုးမျိုးတို့ အတွက်ဆောင်ရွက်သွားရမည့်နည်းလမ်းများအတိုင်းထည့်သွင်းဆောင်ရွက်သွားရန်။

၃. နိုင်ငံတော်မှထုတ်ပြန်ပြဋ္ဌာန်းထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတို့ နှင့်အညီလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်စသည်တို့ ဖြစ်ကြပါသည်။

ကုမ္ပဏီအနေဖြင့်လည်းရရှိလာမည့်အကျိုးအမြတ်များမှ CSR ရံပုံငွေအဖြစ်သတ်မှတ်ခွဲဝေပြီးကျေးလက်နှင့်မြို့ ပြဖွံ့ ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့်ရဲစခန်း၊ဆေးပေးခန်း၊စာသင်ကျောင်း၊မီးသတ်စခန်းများနှင့်ပတ်သက်သည့်အဆောက်အဦးများစသည့်ပြည်သူအကျိုးပြုလုပ်ငန်းများတွင်အတတ်နိုင်ဆုံးအသုံးပြုသွားမည်ဖြစ်ပါသည်။

<u>စီမံကိန်းဖော်ဆောင်သူ၏ကတိဝန်ခံချက်။</u>

စီမံကိန်းဖော်ဆောင်သူသည်စီမံကိန်းနှင့်စပ်လျဉ်း၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှထုတ်ပြန်ထားပြီးဖြစ်သောအောက်ပါဥပဒေများ၊နည်းဥပဒေများ၊သက်ဆိုင်ရာဌာနများမှထုတ်ပြန်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်ဆက်စပ်အမိန့်ကြော်ငြာစာများကိုလိုက်နာမည်ဖြစ်ကြောင်းလည်းဝန်ခံကတိပြုပါသည်။(ဝန်ခံချက်လက်မှတ်-စာ၃၅)

Table 3-1 စီမံကိန်းဖော်ဆောင်သူသည်အောက်ပါဥပဒေနှင့်နည်းဥပဒေများကိုလိုက်နာသွားမည်ဖြစ်ပါသည်။

စဉ်	ဥပဒေများ
၁	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆
၂	မြေလွတ်၊မြေလတ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ၂၀၁၂
၃	အလုပ်သမာအဖွဲ့ အစည်းဥပဒေ ၂၀၁၂
၄	အလုပ်သမားအငြင်းပွါးမှုဖြေရှင်းရေးဥပဒေ ၂၀၁၂
၅	လူမှုဖူလုံရေးဥပဒေ ၂၀၁၂
၆	အနဆုံးလုပ်ခကြေးငွေဥပဒေ ၂၀၁၀
၇	အခကြေးငွေပေးချေရေးဥပဒေ ၂၀၁၆
၈	ခွင့်နှင့်အလုပ်ပိတ်ရက်များဥပဒေ ၁၉၅၁
၉	အလုပ်ရုံအက်ဥပဒေ (၁၉၅၁) နှင့် ၁၉၅၃ခုနှစ်အလုပ်ရုံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆)
၁၀	အလုပ်သမားလျော်ကြေးအက်ဥပဒေ ၁၉၅၁ Workmen Compensation Act 1951
၁၁	ရေနံအက်ဥပဒေ ၁၉၃၄ Petroleum Act 1934
၁၂	ရေနံနည်းဥပဒေ ၁၉၃၇ Petroleum Rules 1937
၁၃	မော်တော်ယာဉ်ဥပဒေ ၂၀၁၅
၁၄	မော်တော်ယာဉ်နည်းဥပဒေ ၁၉၈၇
၁၅	ပြည်သူကျန်းမာရေးဥပဒေ(၁၉၇၂)
၁၆	ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ ၁၉၉၅
၁၇	မြန်မာ့အာမခံလုပ်ငန်းဥပဒေ ၁၉၉၃
၁၈	မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ ၂၀၁၅
၁၉	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂
၂၀	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၂၀၁၄
၂၁	ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ၂၀၁၅

၂၂	ပတ်ဝန်းကျင်အရေအသွေးဆိုင်ရာလမ်းညွှန် ၂၀၁၅
၂၃	တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ၂၀၁၅
၂၄	ရန်ကုန်တိုင်းစည်ပင်သာယာရေးကော်မတီ (၂၀၁၅)
၂၅	ရန်ကုန်တိုင်းလွှတ်တော်မှပြဋ္ဌာန်းသည့်ဥပဒေများအနက်ဆက်စပ်သည့်ဥပဒေများ၊နည်းဥပဒေများ။
၂၆	ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)
၂၇	ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

သဘောထားမှတ်ချက်အရထပ်မံဖြည့်စွပ်ဖော်ပြထားသည့်ဥပဒေများ။

၂၈	နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀၁၂
၂၉	ဓာတုဗေဒပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှကာကွယ်တားဆည်းရေးဥပဒေ(၂၀၁၃)။
၃၀	ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၃)
၃၁	မြေအောက်ရေအက်ဥပဒေ (၁၉၃၀)
၃၂	လျှပ်စစ်ဥပဒေ ၂၀၁၄
၃၃	ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)
၃၄	အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၂၀၁၃
၃၅	လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ(၂၀၁၉)

- IEE လေ့လာမှုအတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၏အကျဉ်းချုပ်။

စီမံကိန်းအတွက်လေ့လာမှုများပြုလုပ်နိုင်ရန်စီမံကိန်းတည်ရှိရာသို့ အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၁၆ခုနှစ်အောက်တိုဘာလ၃၁ရက်နေမှနိုဝင်ဘာလ ၂၈ရက်ထိ၊သွားရောက်တိုင်းတာစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ အဆိုပါရက်များအတွင်း Environmental Baseline Data မူလသဘာဝပတ်ဝန်းကျင်အချက်အလက်များတိုင်းတာခြင်း၊စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကောင်းကျိုး၊ဆိုးကျိုးများနှင့်သက်ဆိုင်သူများဒေသခံများ၏သဘောထားများကိုလေ့လာစစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။

စီမံကိန်း၏ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာအကျဉ်းချုပ်။

စီမံကိန်းအနီးဝန်းကျင်ရှိ Baseline အချက်အလက်များကောက်ယူရရှိထားမှု။
ဇယား ၅-၁၄ လေအရည်အသွေး။

No	Parameter	Unit/ Lat/Long	NEQEG	`Pt.1 စက်လိုင်း	Pt.2 စက်လိုင်း	Pt.3 ဖြတ်စက်လိုင်း	Pt.4 ဝေဟစက်	Pt.5 မီးစက်	Remarks
				16°51'51.05"N, 96°02'30.14"E	16°51'52.61"N, 96°02'30.49"E	16°51'52.50"N, 96°02'31.32"E	16°51'52.40"N, 96°02'31.69"E	16°51'50.60"N, 96°02'31.32"E	
1	$PM_{2.5}$	mg/Nm^3	25	24	27	24	25	23	
2	PM_{10},	mg/Nm^3	50	39	39	38	39	37	
3	CO_2	mg/Nm^3	4	0.12	0.12	0.12	0.12	0.12	
4	NO_2	mg/Nm^3	25	0.06	0.05	0.06	0.06	0.06	

အသံဆူညံမှု။
နေ့အချိန်တိုင်းတာမှုမှာ 55db ရရှိပါသည်။
ဇယား ၅-၁၅ အသံဆူညံမှု၊အပူချိန်နှင့်စိုထိုင်းဆ

Pt.1			Pt.2			Pt.3			Pt.4			Pt.5			Remarks
Noise (db)	Temp (C°)	RH (%)	Noise (db)	Temp (C°)	RH (%)	Noise (db)	Temp (C°)	RH (%)	Noise (db)	Temp (C°)	RH (%)	Noise (db)	Temp (C°)	RH (%)	
68	29.8	65.2	65	29.7	65.1	65	29.8	61.5	65	29.0	62.1	69	29.8	65.7	

လူမှုဝန်းကျင်ဆိုင်ရာများအကျဉ်းချုပ်။

လှိုင်သာယာမြို့နယ်သည်ရန်ကုန်တိုင်းဒေသကြီးအတွင်းတည်ရှိပြီးစီးပွါးရေးအရဖွံ့ဖြိုးတိုးတက်မှုအသင့်အတင့်ရှိသောမြို့နယ်တစ်ခုဖြစ်ပါသည်။မြို့နယ်အတွင်းဒေသခံပြည်သူလူထုသည်ဝန်ထမ်းအနည်းငယ်သာရှိပြီး၊အများစုမှာစက်ရုံအလုပ်သမားများအဖြစ်လုပ်ကိုင်ဆောင်ရွက်ကြပါသည်။မွေးမြူရေးတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။မြို့နယ်သည်ရန်ကုန်၊ပုသိမ်လမ်းမကြီးပေါ်တွင်တည်ရှိပြီးလမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ခါမြို့နယ်၏အဓိကထွက်ကုန်မရှိသော်လည်းဧရာဝတီတိုင်းဒေသကြီးမှတင်ပို့ကုန်များကိုတစ်ဆင့်ခံရောင်းချခြင်းများရှိပါသည်။

အိမ်ခြေ၊အိမ်ထောင်စုနှင့်လူဦးရေ။

လှိုင်သာယာ မြို့နယ်တွင်ရပ်ကွက် ၂၀၊ကျေးရွာအုပ်စု၉အုပ်စုနှင့်ကျေးရွာပေါင်း၁၈ရွာပါဝင်ပြီးလူဦးရေစုစုပေါင်း ၆၈၇၈၆၇ရှိပါသည်။

ဇယား ၅-၃ (က)အိမ်ခြေ/အိမ်ထောင်စု

စဉ်	အကြောင်းအရာ	အိမ်ခြေ	အိမ်ထောင်စု	ရပ်ကွက်	ကျေးရွာအုပ်စု	ကျေးရွာ
၁	မြို့နေ	၄၆၉၇၈	၆၂၁၇၈	၂၀	-	-
၂	ကျေးရွာနေ	၁၀၇၉၂	၁၈၅၂၃	-	၉	၁၈
	မြို့နယ်ချုပ်	၅၇၇၇၀	၈၀၇၀၁	၂၀	၉	၁၈

စက်မှုလုပ်ငန်းများ။

လှိုင်သာယာမြို့နယ်သည်စက်မှုဇုန်များစွာရှိပါသည်။လှိုင်သာယာစက်မှုဇုန်၁၊၂၃၊၄၊၅၊၆၊၇ ၊ရွှေသံလွင်စက်မှုဇုန်၊ရွှေလင်ပန်းစက်မှုဇုန်၊ငွေပင်လယ်စက်မှုဇုန်၊မွေးမြူရေးဇုန်၊အနောက်ရထာစက်မှုဇုန်တို့ဖြစ်ပါသည်။

အဆိုပြုစီမံကိန်းသည်ရွှေသံလင်စက်မှုဇုန်အတွင်းတည်ရှိပါသည်။

မြေအသုံးချမှု။

လှိုင်သာယာမြို့နယ်သည်မူလလယ်ယာစိုက်ပျိုးရေးမြေများဖြစ်ပြီးစက်မှုဇုန်အဖြစ်ပြောင်းလဲအသုံးချခြင်းဖြစ်ပါသည်။မြေအမျိုးအစားအလိုက်အသုံးချထားသည့်အကျယ်အဝန်းမှာအောက်ပါအတိုင်းဖြစ်ပါသည်။

စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ။

မဟာဓာတ်အားလိုင်းတည်ရှိပါသည်။ဓာတ်ဆီဆိုင် ၅ ဆိုင်နှင့်သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၂ ဆိုင်ရှိပါသည်။

ပို့ဆောင်ရေးနှင့်လမ်းပမ်းဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ။

လှိုင်သာယာမြို့နယ်အတွင်းပို့ဆောင်ရေးနှင့်လမ်းပမ်းဆက်သွယ်ရေးလုပ်ငန်းများမှာရေကြောင်းလမ်းနှင့်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကိုအဓိကလုပ်ကိုင်နိုင်ပါသည်။ရေကြောင်းလမ်းတွင်ပန်းလှိုင်မြစ်နှင့်လှိုင်မြစ်ဆုံမှငွေပင်လယ်စက်မှုဇုန်အထိရှိပါသည်။မြို့နယ်အတွင်းကားဂိတ်၁၆ ခုနှင့်ခရီးစဉ်၁၁ ခုကိုယာဉ်အစီးရေ၁၅၅ စီးဖြင့်လုပ်ကိုင်လျက်ရှိပါသည်။

စီးပွါးရေးဆိုင်ရာအခြေခံအဆောက်အဦများ။

အသက်မွေးဝမ်းကြောင်းလုပ်ငန်းလုပ်ကိုင်မှု။

လှိုင်သာယာမြို့နယ်တွင်နေထိုင်သူများသည်ဝန်ထမ်း၊အလုပ်သမား၊ကုန်သည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ကြပြီး၊မြို့နယ်အတွင်းစီးပွါးရေးဆိုင်ရာအခြေခံအဆောက်အဦများအနေဖြင့်စျေးပေါင်း၁၃ခုတွင်စျေးဆိုင်ပေါင်း၁၀၀၂ ဆိုင်၊ကုန်တိုက်၃ခု၊ဘဏ်၅ခုနှင့်စတိုးဆိုင်ပေါင်း၁၃၁၁ ခုရှိပါသည်။ ပုံနှိပ်လုပ်ငန်း၃ ခု၊ကွန်ပျူတာနှင့်မိတ္တူလုပ်ငန်း ၄၅ ခု၊ ဗီဒီယိုလုပ်ငန်း၃၅၀ တို့ရှိပါသည်။

ဇယား ၅-၇ လူတစ်ဦးချင်းဝင်ငွေ။

စဉ်	၂၀၁၆-၁၇	၂၀၁၇-၁၈	၂၀၁၈-၁၉
၁	၄၀၆၉၆၂၄	၄၉၄၉၄၉၆	-

(မှတ်ချက်။ ။လှိုင်သာယာမြို့နယ် ၂၀၁၈-၂၀၁၉ ဒေသဆိုင်ရာအချက်အလက်များမှမှီငြမ်းသည်။)

ဇယား ၅-၈ အလုပ်လုပ်နိုင်သူနှင့်အလုပ်လက်မဲ့ဦးရေ။

စဉ်	မြို့နယ်/မြို့	အလုပ်လုပ်နိုင်သူဦးရေ	လုပ်ငန်းခွင်ရှိလုပ်သားဦးရေ	အလုပ်လက်မဲ့ဦးရေ	အလုပ်လက်မဲ့ရာခိုင်နှုန်း
၁	လှိုင်သာယာမြို့နယ်	၂၉၁၅၄၂	၂၇၉၃၅၆	၁၂၁၈၆	၄.၁၇%
၂	မြို့	-	-	-	-
	မြို့နယ်ချုပ်	၂၉၁၅၄၂	၂၇၉၃၅၆	၁၂၁၈၆	၄.၁၇%

ကျန်းမာရေးကဏ္ဍ။
လှိုင်သာယာမြို့နယ်အတွင်းနိုင်ငံပိုင် ကုတင် ၂၀၀ ဆန့်မြို့နယ်ဆေးရုံနှင့် ကုတင် ၁၆ လုံးဆံ့တိုက်နယ်ဆေးရုံတစ်ရုံရှိပါသည်။ ပဂ္ဂလိကပိုင် ကုတင် ၉၅ လုံးဆန့် ပန်းလှိုင်ဆေးရုံနှင့် ကုတင် ၂၀ ခန့်ထွန်းဖောင်ဒေးရှင်းဆေးရုံတစ်ရုံ၊ ဒေသန္တရ ကျန်းမာရေးဌာန ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခု တို့ရှိပါသည်။

ပညာရေးကဏ္ဍ။
လှိုင်သာယာမြို့နယ်အတွင်း အဆင့်မြင့်ပညာ တက္ကသိုလ် ၁ ခု၊ အထက ၈ ကျောင်း၊အလက ၁၈ ကျောင်း၊ အမက ၃၁ ကျောင်း၊ မူကြို ၁၂ ကျောင်းနှင့်ဘုန်းတော်ကြီးပညာသင်ကျောင်း ၁၆ ကျောင်းရှိပါသည်။မြို့နယ်အတွင်းစာတတ်မြောက်မှု၁၀၀%ဖြစ်ပြီးစာကြည့်တိုက်ပေါင်း ၇၁ ခုရှိပါသည်။

ဘာသာရေးဆိုင်ရာအချက်အလက်များ။
လှိုင်သာယာမြို့နယ်အတွင်းစေတီ ၃ဆူ၊ဘုန်းတော်ကြီးကျောင်း ၁၇၅ ကျောင်း၊သီလရှင်ကျောင်း ၇ ကျောင်းနှင့်ဓမ္မာရုံ ၃ ရုံရှိပါသည်။ မြို့နယ်အတွင်းသီတင်းသုံးနေထိုင်သူ ရဟန်း ၁၈၈၅ ပါး၊ သာမဏေ၁၅၆ ပါးနှင့်သီလရှင်၈၁၁ ပါးရှိပါသည်။
လှိုင်သာယာမြို့နယ်အတွင်းသမိုင်းဝင်ထင်ရှားသောအဆောက်အဦးများနှင့်အခြားဘာသာရေးဆိုင်ရာအဆောက်အဦးများမရှိပါ။
ဘာသာကိုးကွယ်မှု။ ။ဗုဒ္ဓဘာသာ၊ခရစ်ယန်၊အစ္စလန်၊ဟိန္ဒူစသည်ဘာသာများကိုကိုးကွယ်ကြပါသည်။

- လေ့လာခဲ့သောအဓိကအစားထိုးစီမံကိန်း၊နှိုင်းယှဉ်လေ့လာခြင်း၏ရလဒ်များ။

စီမံကိန်းတည်ဆောက်ရန်မြေနေရာရရှိမှုသည်အဓိကအခန်းမှပါဝင်နေပြီးမိမိတို့ ရရှိထားသည့်နေရာမှတစ်လက်မမျှပင်ရွှေ့ပြောင်းမရနိုင်သောကြောင့်အစားထိုးစီမံကိန်းအတွက်စဉ်းစားရာတွင်မြေနေရာရွှေ့ပြောင်းနည်းကိုအသုံးမပြုနိုင်ဘဲဆောက်လုပ်ရေးလုပ်ငန်းများကြောင့်ထိခိုက်နိုင်မှုများကိုသက်သာစေရန်အောက်ပါနည်းစဉ်များကိုစီစဉ်ဆောင်ရွက်နိုင်ကြောင်းတွေ့ ရှိရပါသည်။သို့ရာတွင်ယခုအခါဆောက်လုပ်ရေးလုပ်ငန်းများပြီးစီး၍စက်များပုံမှန်လည်ပတ်ထုတ်လုပ်နေပြီဖြစ်သောကြောင့်အဆိုပါဆောက်လုပ်ရေးကာလစီမံကိန်းမစတင်မီနှင့်စီမံကိန်းကာလအတွက်ထိခိုက်မှုသက်သာစေရန်အစားထိုးလုပ်ငန်းများမရှိတော့ပါ။သို့ဖြစ်၍အောက်ပါတို့ဖြင့်သာထိခိုက်မှုအစားထိုးအစီအစဉ်ကိုလုပ်နိုင်မည်ဖြစ်ပါသည်။

- ထုတ်လုပ်ရေးလုပ်ငန်းများကိုနေ့ အချိန်တွင်သာလုပ်ကိုင်ပြီးအချိန်ပိုမှလွဲ၍ညပိုင်းတွင်ရပ်နားထားရန်။
- မီးစက်များကိုအသံလုံစနစ်ပါသည့်စက်များကိုအသုံးပြုခြင်း။
- ပစ္စည်းသယ်တင်ကားကြီးများဝင်ထွက်စနစ်၊ကုန်တင်ချစနစ်များ၊စနစ်တကျထားရှိရန်။

စီမံကိန်းအဆင့်အလိုက်အဓိကသက်ရောက်မှုများ၊ဆက်စပ်သက်ရောက်မှုများ၊ထိခိုက်ခံရနိုင်သည့်ပတ်ဝန်းကျင်အကြောင်းအတိုချုပ်ရှင်းလင်းဖော်ပြချက်။

ဇယား ၆-၂ စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွါးအကျိုးသက်ရောက်နိုင်မှုများ။
သက်ရောက်မှုများကိုအဆင့် (၆)ဆင့်ခွဲကာဖော်ပြထားပါသည်။

A- သိသာသောဆိုးကျိုးသက်ရောက်မှု
B- ဆိုးကျိုးသက်ရောက်မှုအနဲငယ်ရှိ
C အကျိုးသက်ရောက်မှုမရှင်းလင်းသဖြင့်ထပ်မံလေ့လာသင့်သည်။
D အကျိုးသက်ရောက်မှုမရှိ(သို့)မရှိသလောက်ဖြစ်၊ထပ်မံလေ့လာရန်မလိုအပ်။
A+ သိသာသောကောင်းကျိုးသက်ရောက်မှု
B+ ကောင်းကျိုးသက်ရောက်မှုအနဲငယ်ရှိ

အမျိုးအစား	Scoping Item	Scoping Results		Assessment Result		ဆန်းစစ်ရရှိမှု
		Before/During Construction (BC/DC)	Operation Stage(OS)	Before/During Construction (BC/DC)	Operation Stage(OS)	
ညစ်ညမ်းမှု	လေအရည်အသွေး	-	B-	-	B-	OS: လေထုညစ်ညမ်းမှုအနဲငယ်သာရှိပါသည်။ လျှပ်စစ်မီးပြတ်တောက်စဉ်အင်ဂျင်စက်လည်ပတ်ခြင်းမှသာလေထုညစ်ညမ်းမှုကိုအနဲငယ်ဖြစ်စေနိုင်ပြီးကြီးမားသောဖုန်မဖြစ်နိုင်ပါ။
	ရေ အရည်အသွေး	-	D	-	D	OS: ထိခိုက်မှုမရှိနိုင်ပါ။
	စွန့်ပစ်ပစ္စည်း	-	D	-	D	OS:အဝတ်အစများကိုစည်းကမ်းမဲ့စွန့် ပစ်လျှင်ပတ်ဝန်းကျင်ကိုထိခိုက်နိုင်ပြီး 3R စနစ်ကိုအသုံးပြုသောကြောင့်အညစ်အကြေးများမထွက်ရှိပါ။
	Soil Contamination	-	D	-	D	OS: ထိခိုက်နိုင်မှုမရှိပါ။
	အသံနှင့်တုန်ခါမှု	-	B-	-	B-	OS: ထိခိုက်နိုင်မှုမရှိပါ။
	Ground Subsidence	-	B-	-	B-	OS:မြေနိမ့် ကျခြင်းမဖြစ်နိုင်ပါ။
	Offensive Odor	-	D	-	D	OS: စီမံကိန်းပုံမှန်လုပ်ငန်းများမှအနံ့ ထွက်ပေါ်ခြင်းမဖြစ်ပေါ်နိုင်ပါ။
	Bottom Sediment	-	D	-	A+	OS: တည်ဆောက်ရေးပြီးစီးနောကစက်ရုံ၏ပုံမှန်စက်လည်ပတ်မှုများမှ စွန့် ပစ်မှု များကိုမြစ်အတွင်းသို့ စွန့် ပစ်ခြင်းမရှိသောကြောင့်ရေအရည်အသွေးနှင့် အောက်ခြေအနယ်အနစ်များမဖြစ်ပေါ် စေနိုင်ပါ။
သဘာဝ ပတ်ဝန်းကျင်	Protected Area	-	D	-	D	စီမံကိန်းဧရိယာအတွင်းနှင့်အနီးတွင်ကာကွယ်ထိန်းသိမ်းထားသောဥယျာဉ်နှင့်သစ်တောကြိုးဝိုင်းများမရှိပါ။
	အပင်၊သတ္တဝါနှင့် မျိုးပွါးကွဲပြားမှု	-	C	-	C	စီမံကိန်းနေရာသည်မူလကပင်စက်မှုဇုန်မြေဖြစ်သောကြောင့်အဆိုပါဒေသရှိမြို့ခိုနေထိုင်သည့်တိရိစ္ဆာန်နှင့်အပင်များဆိုင်ရာမှတ်တမ်းများမရှိပါ။ စီမံကိန်းကြောင့်အနီးပတ်ဝန်းကျင်ဂေဟစနစ်ကိုထိခိုက်နိုင်ရန်မရှိပါ။
	ဇလဗေဒအခြေအနေ	-	B-	-	B-	OS: မြေအောက်ရေကိုစနစ်တကျထုတ်ယူသုံးစွဲခြင်းကြောင့်ထိခိုက်ရန်မရှိပါ။
	Topography and geology	-	D	-	D	စီမံကိန်းဖော်ဆောင်သည့်မြေနှင့်အနီးပတ်ဝန်းကျင်သည်မြေပြန့် သာဖြစ်သောကြောင့်မူလမြေမျက်နှာပြင်နှင့်ဘူမိဗေဒဆိုင်ရာကိုထိခိုက်မှုမရှိပါ။
လူမှုပန်းကျင	In voluntary Resettlement	-	D	-	D	စီမံကိန်းကြောင့်မူလနေထိုင်သူများအတွက်ပြောင်းရွှေ့ နေရာချထားမှုများမရှိပါ။
	Misdistribution of benefit and damage	-	C	-	C	မူလကပင်စက်မှုဇုန်မြေဖြစ်သည့်အပြင်နေထိုင်သူများမရှိပါ။
	Local conflit of interests	-	D	-	D	စီမံကိန်းအနီးတွင်နေထိုင်သူများနှင့်တွေ့ ဆုံဆွေးနွေးမှုရလဒ် အရ ဒေသခံများကလည်းစီမံကိန်းအပေါ် ထောက်ခံမှုများပြုလုပ်ခဲ့ပါသည်။
	Gender	-	D	-	D	
	Children's Right	-	D	-	D	
	Ethnic minorities and indigenous peoples	-	D	-	D	
	Poor	-	A+	-	A+	စီမကိန်းအနီးနေထိုင်သူများအတွက်စီးပွါးရေးနှင့်အလုပ်အကိုင်များပိုမိုဖြစ်ထွန်းလာမှုကြောင့်ဆင်းရဲမှုလျော့နဲပပျောက်သွားနိုင်ပါသည်။
	နေထိုင်မှုနှင့်အသက်မွေးမှု	-	A+	-	A+	OS: ဒေသစီးပွါးရေးနှင့်အလပ်အကိုင်များပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်သဖြင့်ဒေသခံများအတွက်သိသာသောကောင်းကျိုးများသက် ရောက်နိုင်မည်ဖြစ်ပါသည်။
	လက်ရှိလူမှုအဆောက်အအုံနှင့် သွားလာမှု	-	B+	-	B+	OS: စီမံကိန်းပုံမှန်လုပ်ငန်းများကြောင့်မူလမြို့ ပြအခြေခံများအပေါ် သိုထိခိုက်မှုမရှိသည့်အပြင်ပိုမိုကောင်းမွန်စေလာနိုင်ပါသည်။

	ရေသုံးစွဲမှု	-	D	-	D	OS: စီမံကိန်းမစတင်မီမှစီမံကိန်းပြီးဆုံး၍ ပုံမှန်လည်ပတ်သည်အထိ စနစ်တကျရေသုံးစွဲလျက်ရှိပါသည်။
	Cultural heritage	-	C	-	B+	စီမံကိန်းတည်ဆောက်သည့်နေရာတွင်မူလကပင်စက်မှုဇုန်ဖြစ်သောကြောင့်ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦးများမရှိသည့်အပြင်၊ စီမံကိန်း၏အနီးအနားတွင်လည်းယဉ်ကျေးမှုဆိုင်ရာအဆောက်အဦး များမရှိပါ။ တိုးတက်လာသည့်နေထိုင်သူများနှင့် စီမံကိန်းမှလျာထားချက်ဖြစ်သောလူမှုရေး ရံပုံငွေများကြောင့်ပင်ကောင်းကျိုးသက်ရောက်မှုအချို့ ရှိလာနိုင်ပါသည်။
	Landscape	-	C	-	B+	စီမံကိန်းတည်ဆောက်သည့်မူလနေရာသည်မြေရိုင်းပင်ဖြစ်သော်လည်းစနစ်တကျမြေယာဖေါ်ထုတ်မှုကြောင့်မြေပြင်အနေအထားပိုမိုကောင်းမွန်လာနိုင်ပါသည်။ Management on Greening အစီအစဉ်အရအပင်များစိုက်ပျိုးလာသည့်အခါပိုမိုလှပသောမြေအနေအထားဖြစ်လာမည်ဖြစ်ပါသည်။
	AIDS/HIV ကဲ့သို့သောအန္တရာယ်(သို့) ကူးစက်ရောဂါများ	-	B-	-	B-	ပတ်ဝန်းကျင်နှင့်မြေအနေအထားများပိုမိုကောင်းမွန်လာနိုင်သော်လည်းတိုးတက်လာမည့်လူဦးရေကြောင့်ကူးစက်ရောဂါများပိုမိုလာနိုင်သည့်အပေါ် အထူးဂရုစိုက်ပြီးကိုဗစ်ကာကွယ်မှုများလဲပြုလုပ်ထားပါသည်။
	လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု	-	B-	-	B-	BC/DC: OS: စီမံကိန်းအဆင့်ဆင့်တိုင်းအတွက်လုပ်ငန်းခွင်ထိခိုက်မှုဘေးရှင်းစေအစဉ်ဂရုစိုက်လုပ်ဆောင်ထားပါသည်။
အခြား	မတော်တဆထိခိုက်မှု	-	B-	-	B-	BC/DC/OS: စီမံကိန်းကာလအတွင်းမတော်တဆထိခိုက်မှုများမဖြစ်စေ ရန်အထူးဂရုပြုရန်လုပ်သားများအားအသိပညာပေးထားပါသည်။ OS: စီမံကိန်းမည်သည့်အဆင့်တွင်မဆိုတိုးတက်လာသောမော်တော်ယာဉ်များကြောင့်ယာဉ်ထိခိုက်မှုအန္တရာယ်ကိုအထူးအလေးထားရမည်ဖြစ်ပါသည်။
	ကမ္ဘာ့ပူနွေးမှု	-	B-	-	B-	OS: ပုံမှန်အချိန်တွင်အသုံးပြုမည့်မော်တော်ယာဉ်များသွားလာမှုစက်များလည်ပတ်မှုများကြောင့်ဖန်လုံအိမ်ဓာတ်ငွေ့ များထုတ်လွှတ်မှုတိုးပွါးလာနိုင်ပါသည်။

ဇယား ၆-၃ ထိခိုက်မှုများအချုပ်နှင့်အဆင့်အတန်းသတ်မှတ်ချက်။ The Summary of Impacts & Ratings.

Impact	Rating Significance
1. ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုအပေါ် သက်ရောက်မှု	Low-Medium
2. ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှုအပေါ် သက်ရောက်မှု	Low
3. အသံဆူညံမှုနှင့်တုန်ခါမှုအပေါ် သက်ရောက်မှု	Low-Medium (w/o Mine Blast) High (with Mine Blast)
4. ပတ်ဝန်းကျင်မြေ(မြေဆီလွှာ၊မြေနိမ့်ဆင်းမှု)အပေါ် သက်ရောက်မှု	Low
5. အပင်နှင့်သတ္တဝါတို့အပေါ် သက်ရောက်မှု	Low
6. ဒေသခံများ၏ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုအပေါ် သက်ရောက်မှု	Low but A+
7. အလုပ်အကိုင်ပွင့်လင်းမှုအပေါ် သက်ရောက်မှု	A+
8. လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုအပေါ် သက်ရောက်မှု	Low but A+
9. Restriction of Access	A+
10. ဒေသခံတောင်သူများ၏အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်နိုင်မှုအပေါ် သက်ရောက်မှု	A+
11. လူမှုစီးပွါးရေးအပေါ် သက်ရောကမှု	A+
12. လမ်းပန်းဆက်သွယ်မှုအပေါ် သက်ရောက်မှု	A+

ဇယား ၆-၅ ထိခိုက်မှုလျော့ချသည့်အစီအစဉ် (ပုံမှန်စက်လည်ပတ်သည့်ကာလ)

အမျိုးအစား	အချက်အလက်	ထိခိုက်မှုလျော့ချသည့်အစီအစဉ် (ပုံမှန်စက်လည်ပတ်သည့်ကာလ)	တာဝန်ယူမည့်အဖွဲ့အစည်း
ညစ်ညမ်းမှု	လေအရည်အသွေး	- စီမံကိန်းအတွင်းယဉ်သွားလာမှုများအရှိန်ထိမ်းသိမ်းရန်။ -ချက်ပြုတ်မှုများကြောင့်လေထုညစ်ညမ်းမှုကိုမဖြစ်စေရန်။	Tennants
	ရေ အရည်အသွေး	-Septic tank တပ်ဆင်ခြင်းကြောင့်ထိခိုက်မှုမဖြစ်နိုင်ပါ။	Developer
	စွန့်ပစ်ပစ္စည်း	-3Rs.စနစ်ကိုလုပ်သားများအားလိုက်နာစေပြီးနေ့စဉ်သုံးပစ္စည်းများလျော့ချနိုင်သည်။	Developer
	Soil Contamination	- မည်သည့်စက်ဆီချောဆီမျှမြေပေါ်သို့မဖိတ်စဉ်ရန်တားမြစ်ထားပါသည်။	Workers
	အသံနှင့်တုန်ခါမှု	မီးစက်လည်သည့်နေရာကြားခံနေရာ Buffer zone ထားရှိရန်။ မီးစက်တွင်အသံထိန်းကိရိယာတပ်ဆင်ထားပါသည်။	Developer
	Ground Subsidence	- မူလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန်အတွက်အသုံးစွဲမှုကိုထိမ်းသိမ်းရန်အတွက်သုံးရေချွေတာသုံးစွဲခြင်း။	Developer
	Offensive Odor	- စက်ရုံတွင်းနေထိုင်သူများကြောင့်အနှောင့်အယှက်ပြုအနံ့များမဖြစ်ပေါ်စေရန် စည်းကမ်း တင်းကြပ်ထားရမည်။	Tennent
	Bottom Sediment	- စီမံကိန်းမှရေဆိုးမထွက်ရှိပါ။အညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန် လိုအပ်ပါသည်။	Developer
သဘာဝ ပတ်ဝန်းကျင်	အပင်၊သတ္တဝါနှင့် မျိုးပွါးကွဲပြားမှု	- သစ်ပင်များမလိုအပ်ဘဲမခုတ်ရန်နှင့်ထိန်းသိမ်းစောင့်ရှောက်ရန်။ -နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်။	Developer
	ဇလဗေဒအခြေအနေ	- သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေသုံးမှုလျော့ချနိုင်သည်။	Developer
လူမှုဝန်းကျင်	နေထိုင်မှုနှင့်အသက်မွေးမှု	Septic tank system ကိုအသုံးပြုခြင်းဖြင့်ရေဆိုး၏အရည်အသွေးထိန်းသိမ်းနိုင်ပါသည်။ နေထိုင်သက်မွေးမှုကိုထိခိုက်နိုင်ခြင်းမရှိပါ။	Developer
	ရေသုံးစွဲမှု	ရေအသုံးချမှုအစည်းထိန်းသိမ်းရန်လိုအပ်သည်	Developer
	လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု	မူလရှိပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်။	Developer
	AIDS/HIV ကဲ့သို့သောအွန္တရာယ်(သို့) ကူးစက်ရောဂါများ	- ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်းပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည်။ကိုဗစ်စည်းကမ်းများလိုက်နာစေပါသည်။	Developer
	လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု	- လုပ်သားများလုပ်ခွင်ကျန်းမာရေး (OHS) ကိုအစဉ်လုပ်ဆောင်ပေးခြင်း	Developer
အခြား	မတော်တဆထိခိုက်မှု	- စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်။	Developer
	ကမ္ဘာ့ပူနွေးမှု	- စီမံကိန်းကြောင့် GHGs emission လျော့ချရန်	Developer

ဇယား ၈-၁ ပတ်ဝန်းကျင်စီမံခန့်ခွဲသည့်အစီအစဉ် (ဆောက်လုပ်ရေးကာလ)

အမျိုးအစား	အချက်အလက်	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (ဆောက်လုပ်ရေးကာလ)	တာဝန်ခံ
ညစ်ညမ်းမှု	လေအရည်အသွေး	လေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း။	စီမံကိန်းပိုင်ရှင်(သို့) SPC
	ရေ အရည်အသွေး	ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း။	စီမံကိန်းပိုင်ရှင်(သို့) SPC
	စွန့်ပစ်ပစ္စည်း	စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲရန်နှင့် 3R စနစ်ကျင့်သုံးခြင်း။	စီမံကိန်းပိုင်ရှင်
	စွန့်ပစ်အရည်	Septic Tankတပ်ဆင်ထားသော်လည်းပြင်ပသို့စွန့်ပစ်အရည်များစွန့်ပစ်ခြင်း၊စိမ့်ထွက်ခြင်းမရှိရန်စောင့်ကြည့်ရန်။	စီမံကိန်းပိုင်ရှင်
	မြေဆီလွှာထိခိုက်မှု	စက်ဆီချောဆီများမြေပေါ်သို့ဖိတ်စဉ်မှုမရှိစေရန်ထိန်းသိမ်းခြင်း။	SPC
သဘာဝ ပတ်ဝန်းကျင်	အသံနှင့်တုန်ခါမှု	အသံနှင့်တုန်ခါမှုတိုင်းတာစစ်ဆေးခြင်း။ မော်တော်ယာဉ်များသွားလာမှုအရှိန်လျော့ချသွားလာစေရန်။	Tenants စက်ရုံတွင်းနေထိုင်သူ
	မြေနိမ့်ဆင်းမှု	မြေနိမ့်ဆင်းမှုစောင့်ကြည့်ရန်။	စီမံကိန်းပိုင်ရှင်
လူမှုဝန်းကျင်	အနှောင့်အယှက်ပြုအနံ့	အနှောင့်အယှက်ပြုအနံ့မရှိစေရန်ထိန်းချုပ်ရန်။	Tenants စက်ရုံတွင်းနေထိုင်သူ
	အောက်ခြေအနယ်ထိုင်မှု	အောက်ခြေအနယ်ထိုင်မှုမဖြစ်စေနိုင်ရန်စွန့်ပစ်အရည်များမပစ်ရန်။	စီမံကိန်းပိုင်ရှင်
	အပင်၊သတ္တဝါနှင့် မျိုးပွါးကွဲပြားမှု	အပင်၊သတ္တဝါနှင့်မျိုးပွါးကွဲပြားမှုစောင့်ကြည့်ထိန်းသိမ်းခြင်း။	စီမံကိန်းပိုင်ရှင်
အခြား	ဇလဗေဒအခြေအနေ	ဇလဗေဒအခြေအနေပေါ်ထိခိုက်မှုမရှိစေရန်စောင့်ကြည့်ထိန်းသိမ်းရန်။	စီမံကိန်းပိုင်ရှင်
	နေထိုင်မှုနှင့်အသက်မွေးမှု	အလုပ်အကိုင်များပွင့်လင်းစေခြင်း။	စီမံကိန်းပိုင်ရှင်

သုံးစွဲမည့်လျာထားရံပုံငွေ။
သဘာဝပတ်ဝန်းကျင်ထိမ်းသိန်းရေးလုပ်ငန်းစဉ်များစဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရေးအတွက်အဖွဲ့ နှင့်အသုံးစရိတ်လျာထားမှုကိုနှစ်စဉ်အမြတ်ငွေ၏နှစ်ရာခိုင်နှုန်းခန့်သုံးစွဲရန်ရံပုံငွေအဖြစ်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဇယား ၈-၂ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်ရံပုံငွေလျာထားချက်။ (ပုံမှန်လည်ပတ်စဉ်ကာလ)

အမျိုးအစား	အချက်အလက်	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ)	အကြိမ်အစီအစဉ် ရံပုံငွေ (အမေရိကန်ဒေါ်လာ)	တာဝန်ခံ
ညစ်ညမ်းမှု	လေအရည်အသွေး	- လေအရည်အသွေးတိုင်းတာစစ်ဆေးရန်။ -ယာဉ်သွားလာသည့်နှုန်းလျော့ချရန်၊	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	ရေ အရည်အသွေး	-ရေခြွေတာသည့်စနစ်တပ်ဆင်အသုံးပြုရန်၊ -စွန့်ပစ်ရေစောင့်ကြည့်ရန်၊	နေ့စဉ် (၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	စွန့်ပစ်ပစ္စည်း	-3Rs.စနစ်ကိုအမှိုက်အားလုံးအတွက်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသုံးပြုစုရန်။	နေ့စဉ် (၁၀၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	မြေဆီလွှာထိခိုက်မှု	- စက်ဆီ၊ချောဆီများမြေပေါ် သို့ဖိတ်စဉ်မှုများမဖြစ်ပေါ်စေရန်	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	အသံနှင့်တုန်ခါမှု	အသံနှင့်တုန်ခါမှုကိုစောင့်ကြည့်ရန်မီးစက်တွင်အသံထိန်းကိရိယာတပ်ဆင်ထားပါသည်။ညအချိန်လုပ်ကိုင်မှုမပြုရန်၊ မော်တော်ယာဉ်အရှိန်လျော့ချမောင်းနှင်းစေရန်	နေ့စဉ် (၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	မြေအောက်နိမ့်ဆင်းမှု	- မူလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန်အတွက်အဝီစိတွင်းကိုထိမ်းသိမ်းရန်အတွက်သုံးရေချေတာသုံးစွဲခြင်း။	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	အနှောင့်အယှက်ပြုအနှံ့	- နေထိုင်သူများ၏ချက်ပြုတ်မှုကြောင့်အနှောင့်အယှက်ပြုအနှံ့ များမဖြစ်ပေါ်စေရန်စည်းကမ်းတင်းကြပ်ထားရမည်။	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	အောက်ခြေအနယ်ထိုင်မှု	- စက်ရုံမှထွက်ရှိသောအညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန်လိုအပ်ပါသည်။	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
သဘာဝပတ်ဝန်းကျင်	အပင်၊သတ္တဝါနှင့်မျိုးပွါးကွဲပြားမှု	- နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်။	နေ့စဉ် (၉၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	ဇလဗေဒအခြေအနေ	- သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေ သုံးမှုလျော့ချနိုင်သည်။	နေ့စဉ် (၁၀၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
လူမှုပန်းကျင်	နေထိုင်မှုနှင့်အသက်မွေးမှု	ဒေသခံများအတွက်အလုပ်အကိုင်များဦးစားပေးခန့်အပ်ပါသည်။ Livelihood ပိုမိုကောင်းမွန်လာပါသည်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု	မူလရှိပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	ရေသုံးစွဲမှု	ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည်	နေ့စဉ	စီမံကိန်းပိုင်ရှင်(သို့) SPC
	AIDS/HIV ကဲ့သို့သောကူးစက်ရောဂါများ	- ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည်	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု	- လုပ်သားများလုပ်ခွင်ကျန်းမာရေး (OHS)ကိုအစဉ်လုပ်ဆောင်ပေးခြင်း	နေ့စဉ် (၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
အခြား	မတော်တဆထိခိုက်မှု	- စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	ကျွမ်းပူနွေးမှု	- စွမ်းအင်ချွေတာသည့် LED Lamp, Door Lock and Switch Card စသည်တို့တပ်ဆင်အသုံးပြုပြီးစွမ်းအင်သုံးစွဲမှုလျော့ချရန်။ - စီမံကိန်းကြောင့် GHGs emission လျော့ချရန်	တစ်ကြိမ် (၁၀၀၀)	စီမံကိန်းပိုင်ရှင်(သို့) SPC
	ဘေးအန္တရာယ်ကာကွယ်မှု	- ဒေသဆိုင်ရာအစိုးရနှင့်ပူးပေါင်းလုပ်ဆောင်ရန်	လိုအပ်သလို	
သို့လှောင်မှုနှင့်သယ်ဆောင်မှု	လောင်စာဆီ	- လောင်စာဆီ၊ချောဆီများကိုမီးမလောင်စေရန်နှင့်မီးသတ်ဆေးဘူးများထားရှိရန်။ -မြေပြင်ပေါ် သို့ဖိတ်စဉ်မှုမရှိစေရန်အထူးဂရုပြုဆောင်ရွက်ရန်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC

အချိန်အခါအားလျော်စွာနှင့်အရေးပေါ်အစီရင်ခံစာများပေးပို့နိုင်ရန်လည်းသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အထောက်အကူပြုအဖွဲ့များသို့ညွှန်ကြားထားချက်များယခုအစီရင်ခံစာတွင်ပါရှိပါသည်။ အသံ၊ရေစွန့်ပစ်အရည်စသည်တို့ကိုမည်သည့်အချက်များ၊မည်သို့တိုင်းတာရမည်စသည်တို့ကိုလည်းအောက်ပါအတိုင်းဖော်ပြထားပါသည်။

အသံ

စဉ်	ညစ်ညမ်းသည့်နေရာ	အကြောင်းရင်း	ထိခိုက်မှု	ပါရာမီတာ	အညွှန်း	နည်းစနစ်	လူ	ကာလ
၁	စီမံကိန်းအနီးဝန်းကျင်	Traffic(Car Parking, loading/Unloading) Grinding, Polishing	အသံ	Sound Level	dB	Sound Level Meter	တာဝန်ရှိသူ	နေ့စဉ်

လေ၊ရေထုညစ်ညမ်းမှု၊အမှိုက်စသည့်အချက်အလက်များကိုနေရာအလိုက်အချိန်အလိုက်ကောက်ယူရမည်ဖြစ်ပြီး၊ကောက်ယူသူသည်ဆောက်လုပ်မှုမစတင်မီဆောက်လုပ်ဆဲနှင့်ပုံမှန်စက်လည်ပတ်မှုကာလတို့အတွက်အစဉ်လိုက်ကောက်ယူရမည်။ (မှတ်ချက်)။ ။စီမံကိန်းဒေသသို့ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင်ယခုစမံကိန်းသည်ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီး၍ပုံမှန်လုပ်ငန်းလုပ်ကိုင်နေပြီဖြစ်ပါသည်။

ဇယား ၈-၃ စောင့်ကြပ်ကြည့်ရှုသည်အစီအစဉ်နှင့်ရံပုံငွေလျာထားချက်။ (ပုံမှန်လည်ပတ်စဉ်ကာလ)

အမျိုးအစား	အချက်အလက်	တိုင်းတာမည့်နေရာ	တိုင်းတာသည့်အကြိမ်	တာဝန်ယူသည့်အဖွဲ့	ရံပုံငွေလျာထားချက် (ကျပ်)
Common	Monitoring of mitigation measures	စက်ရုံအတွင်းအပြင်	တစ်နှစ်လေးကြိမ် (၃နှစ်လည်ပတ်ပြီး)	Monitoring Team or SPC	၂၀၀,၀၀၀
လေအရည်အသွေး	$PM_{2.5}$ $PM_{10,}$ VOC, HCHL	စက်ရုံအတွင်း(ညပ်၊ချုတ်) မီးစက်၊မော်တော်ယာဉ်ဝင်ထွက်ခါနီး၊	မိုးရာသီနှင့်နွေရာသီ တစ်ကြိမ်စီ	Monitoring Team or SPC	၂,၀၀၀,၀၀၀
ရေအရည်အသွေး	pH, SS, DO, BOD, COD, oil & grease, chromium	စက်ရုံအတွင်းရှိ အဝီစိတွင်းရေသောက်ရေ	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၅၀,၀၀၀
စွန့်ပစ်ပစ္စည်း	Amount of solid waste Management of solid waste of construction	စက်ရုံအတွင်းအပြင် စားသောက်ခန်း	သုံးလတစ်ကြိမ်	လုပ်သားများ	၅၀,၀၀၀
မြေဆီလွှာထိခိုက်မှု	Status of control of solid and liquid waste which causes soil contamination	စက်ရုံအတွင်းအပြင် မြေလွတ်များ	တစ်နှစ်တစ်ကြိမ်	လုပ်သားများ	၅၀,၀၀၀
ဆူညံသံနှင့်တုန်ခါမှု	Noise & Vibration level	စက်ရုံအတွင်း ချုတ်ခန်း၊မီးစက်	အမြင့်ဆုံးအချိန် (ခြောက်လအတွင်း)	Monitoring Team or SPC	၂၀၀,၀၀၀
မြေနိမ့်ကျဆင်းမှု	Ground elevation	စက်ရုံအတွင်းအပြင်	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၂၀၀,၀၀၀
မသတီစရာအနံ့	Status of offensive odor control by tenants	စက်ရုံအတွင်းအပြင် မီးစက်၊မီးဖိုချောင်	တစ်နှစ်နှစ်ကြိမ်	လုပ်သားများ	၁၀၀,၀၀၀
အနယ်ထိုင်မှု	Combine with water quality	စက်ရုံအတွင်းအပြင်	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၂၀၀,၀၀၀
ဇလဗေဒ	Consumption of ground water amount	စက်ရေရိယာ	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၅၀၀,၀၀၀
ရေအသုံးချမှုနှင့်ဇလဗေဒ	Combine with ground subsidence monitoring	စက်ရုံအတွင်းအပြင်	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၅၀၀,၀၀၀
Risk for infectious disease such as AIDS/HIV	Status of measures of infection disease	လုပ်သားအားလုံး	တစ်လတစ်ကြိမ်	Monitoring Team or SPC /Tenants	၂၀၀,၀၀၀
လုပ်ခွင်အခြေအနေ (including occupational safety)	Working condition with safety and health	စက်ရုံအတွင်းလုပ်ခွင်	တစ်လတစ်ကြိမ်	Monitoring Team or SPC	၂၀၀,၀၀၀
မတော်တဆထိခိုက်မှု	Existence of accident	စက်ရုံအတွင်းလုပ်ခွင်	ဖြစ်ပျက်သည့်အခါတိုင်း	လုပ်သားများ	၂၀၀,၀၀၀

တိုင်းတာရရှိသည့်အချက်များကိုအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရေအသွေးလမ်းညွှန်(စွန့်ထုတ်အရည်)၏တနဖိုးများနှင့်ဆက်စပ်စစ်ဆေးမည်ဖြစ်ပါသည်။

စိမ်းလန်းစိုပြေစေရန်စီစဉ်ထားရှိမှု။

စီမံကိန်းအကောင်အထည်ဖော်ရာတွင်သစ်ပင်ကြီးများကိုချန်လှပ်ထားမည်ဖြစ်ပါသည်။
အောက်ပါအပင်များကိုစိမ်းလန်းစိုပြေစေရန်အစီအစဉ်အဖြစ်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

၁. အဆောက်အဦးများတည်ဆောက်ပြီးကျန်သည့်နေရာများတွင်အပင်ကြီးများမြက်ခင်းများစိုက်ပျိုးရန်။
၂. ရာသီချိန်သီးနှံများကိုကျန်ရှိသည့်နေရာ၊အထူးသဖြင့်စက်ရုံမျက်နှာစာဘက်တွင်စိုက်ပျိုးရန်။

စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်

နိုင်ငံတကာစံချိန်စံညွှန်းများအမီအထည်ချုပ်စက်ရုံကိုရည်ရွယ်တည်ဆောက်သောကြောင့်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသောအချက်များကိုရှောင်လျားပြီးထိခိုက်မှုများကိုလျှော့ချသည့်နိုင်ငံတကာအလေ့အကျင့်ကောင်းများအတိုင်းဆောင်ရွက်သွားရန်လိုပါသည်။
ပုံမှန်စက်လည်ပတ်စဉ်ကာလတွင်စောင့်ကြပ်ကြည့်ရရမည့်တာဝန်မှာစီမံကိန်းဖော်ဆောင်သူတွင်ရှိပါသည်။အောက်ပါအတိုင်းဖွဲ့စည်းထားပြီးတာဝန်ယူရမည်ဖြစ်ပါသည်။အဆိုပါအဖွဲ့သည်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ထိန်းသိမ်းမှုတို့ကိုပုံမှန်အစီရင်ခံနေရမည်ဖြစ်ပါသည်။ကောက်ခံရရှိသည်အချက်များနှင့်တွေ့ရှိချက်များကိုသက်ဆိုင်ရာဌာနများသို့လည်းမိတ္တူပေးပို့ရန်လိုအပ်ပါသည်။

စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်ဖော်ဆောင်မည့်အဖွဲ့။

သဘာဝပတ်ဝန်းကျင်အပေါ်စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်ဖော်ဆောင်မည့်အဖွဲ့ကိုအောက်ပါအတိုင်းဖွဲ့စည်းထားပါသည်။

A. အထွေထွေမန်နေဂျာ	ဥက္ကဋ္ဌ
B. မန်နေဂျာ (Operation Dept.)	အဖွဲ့ဝင်
C. မန်နေဂျာ (Engineering & Maintenance Dept.)	အဖွဲ့ဝင်
D. ထတ်ကုန်မန်နေဂျာ	အတွင်းရေးမှူး

စောင့်ကြပ်ကြည့်ရှုသည့်အဖွဲ့သည်အခန်း(၈)တွင်ဖော်ပြထားသည့်အတိုင်းအသစ်တွေ့ရှိရသောထိခိုက်မှုများ၊သက်သေအချက်အလက်များကိုအစဉ်တကျအစီရင်ခံစာတင်ပြသွားမည်ဖြစ်ပါသည်။ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အတွက်ဝန်ကြီးဌာနသို့တင်ပြရန်ရှိသည့်အစီရင်ခံစာကိုလည်းကူညီထောက်ပံ့ပေးမည်ဖြစ်ပါသည်။

ထိခိုက်မှုလုံခြုံရေးစီမံခန့်ခွဲမှုစဉ်ဖော်ဆောင်မည့်အဖွဲ့။

ထိခက်မှုလုံခြုံရေးစီမံခန့်ခွဲမှုဖော်ဆောင်မည့်အဖွဲ့ကိုအောက်ပါအတိုင်းဖွဲ့စည်းထားပါသည်။

A. Operation Manager	Team Leader
B. မန်နေဂျာ(စီမံ)	Deputy Team Leader
C. လုံခြုံရေး	Member
D. လက်ထောက်မန်နေဂျာ	Secretary

အရေးပေါ်တုံ့ပြန်မှုနှင့်ကယ်ဆယ်ရေးအစီအစဉ်

အောက်ပါအတိုင်းအရေးပေါ်တုံ့ပြန်မှုနှင့်ကယ်ဆယ်ရေးအစီအစဉ်ကိထားရှိပါသည်။

၁. မီးလောင်မှု
၂. သဘာဝဘေးအန္တရာယ်များ (ရေမြေပြိုမှု၊လေနှင့်ငလျင်)

လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံမှုအတက်အဖွဲ့ဖွဲ့စည်းထားပါသည်။
အရေးပေါ်အချိန်ဆက်သွယ်ရန်ဖုံးနံပါတ်များ။

၁. အရေးပေါ်မီးသတ်တပ်ဖွဲ့	၁၉၁
၂. ဗဟိုမီးသတ်တပ်ဖွဲ့	၀၁-၂၅၂၀၁၁ ၀၁-၂၅၂၀၂၂
၃. လှိုင်သာယာမီးသတတပ်ဖွဲ့	၀၁-၂၅၈၅၄၆၀
၄. မြောက်ဒဂုံမီးသတ်တပ်ဖွဲ့	၀၁-၅၈၄၀၆၀

စွမ်းဆောင်ရည်တိုးမြှင့်ခြင်းနှင့်လေ့ကျင့်မှု

ထိခိုက်မှုလျော့ချရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အခြားနည်းများရှာဖွေနိုင်ရေးတို့အတွက်ဖွဲ့စည်းထားသောအဖွဲ့ဝင်များစွမ်းဆောင်ရည်တိုးမြှင့်စေရန်နှင့်လေ့ကျင့်မှုများရစေရန်အောက်ပါသင်တန်းနှင့်လေ့ကျင့်မှုများကိုမဖြစ်မနေလုပ်ဆောင်ပို့ချပေးရမည်ဖြစ်ပါသည်။

- The greening program
- Mitigation of Impacts by 3R system
- The Environmental Monitoring Program
- Diasaster Preparness Program & Fire Excersise (Fire Drill)

ထို့အပြင်လိုအပ်သလိုဝန်ထမ်းများလုပ်ကိုင်မှုစွမ်းရည်တိုးမြှင့်လာစေရန်အတွက်လည်းသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့အစဉ်ချိတ်ဆက်ထားပြီး၊ ညွှန်ကြားချက်များကိုလိုက်နာခြင်းနှင့်သင်တန်းများသင်တန်းသားများအခါအားလျော်စွာပေးပို့သွားမည်ဖြစ်ပါသည်။

သက်ဆိုင်ရာအဖွဲ့သို့မဟုတ်ထောက်ပံ့ရေးအဖွဲ့များအတွက်အရေးပေါ်အချိန်သို့မဟုတ်အချိန်အခါအားလျော်သည့်အခါတိုင်းအစီရင်ခံစာပေးပို့နိုင်ရန်လမ်းညွှန်မှုကိုပြည့်စုံစွာဖော်ပြထားပါသည်။

အနီးပတ်ဝန်းကျင်တွင်နေထိုင်သူများ၏အကြံပြုမှု၊တိုင်ကြားလိုမှုများရှိပါကလည်း သက်ဆိုင်ရာမြို့နယ်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများမသော်၄င်းစီမံကိန်းရုံးသို့တိုက်ရိုက်သော်၄င်းဆက်သွယ်အကြံပြုဆွေးနွေး နိုင်ရန်စီစဉ်ထားပါသည်။
ထို့အပြင်လိုအပ်သလိုဝန်ထမ်းများလုပ်ကိုင်မှုစွမ်းရည်တိုးမြှင့်လာစေရန်အတွက်လည်းသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်ဆက်သွယ်ပြီးညွှန်ကြားချက်များကလိုက်နာခြင်းနှင့်သင်တန်းများပေးမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးနှင့်စောင့်ကြပ်ကြည့်ရှုနိုင်စေရန်အစီအစဉ်နှင့်အဖွဲ့အစည်းကိုလည်းဖွဲ့စည်းထားသကဲ့သို့ရံပုံငွေများကိုလည်းသီးခြားစွာသတ်မှတ်ထားပါသည်။

ဇယား ၇-၁ <u>စီမံကိန်းအပေါ်အများပြည်သူတို့၏သဘောထားများကောက်ယူခဲ့မှုအစီအစဉ်</u>။

စဉ်	နေ့စွဲ	အကြောင်းအရာ	ကျင်းပသည့်နေရာ	တက်ရောက်သူဦးရေ
၁	၂၀၁၉ ဒီဇင်ဘာလ ၁၈ ရက်	လှိုင်သာယာမြို့နယ်၊ရွှေသံလွင်စက်မှုဇုန်အနီးသာယာကုန်းကျေးရွာဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများနှင့်စီမံကိန်းအပေါ် သဘောထားကောက်ယူခြင်း။	လှိုင်သာယာမြို့နယ်၊ရွှေသံလွင်စက်မှု ဇုန်ဖူးဝေးမြန်မာအထည်ချုပ်စက်ရုံခန်းမ။	၃၀ ဦး

အဆိုပါအစီအစဉ်အတိုင်းသဘောထားကောက်ယူမှုများကိုလုပ်ဆောင်ခဲ့ပါသည်။

သဘောထားကောက်ယူနိုင်ရန်စီမံကိန်းဖော်ဆောင်မည့်သက်ဆိုင်ရာဒေသသာမကဘာ၊ စီမံကိန်းဖော်ဆောင်နေသည့်ရွှေသံလွင်စက်မှုဇုန်နှင့်အနီးတဝိုက်တွင်နေထိုင်သူများကိုအဓိကထား၍တွေ့ဆုံမေးမြန်းသဘောထားကောက်ခံခဲ့သည့်အပြင်၊အဆိုပါဒေသနှင့်အနီးဆုံးရွာဖြစ်သောကျေးရွာနှင့်အနီးအနားတွင်နေထိုင်သူများအပြင်အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊မြို့နယ်အဆင့်ဦးစီးဌာနများ၊မြေယာဦးစီးဌာန၊လူထုအကျိုးပြုကွန်ယက်၊မြို့နယ်အထောက်အကူပြုကော်မတီ၊ရပ်ကွက်အထောက်အကူပြုကော်မတီ၊မိခင်နှင့်ကလေး၊ ကုမ္ပဏီဝန်ထမ်းများ၊စျေးသည်များပါဝင်တက်ရောက်ဆွေးနွေးအကြံပြုကြပါသည်။

ဇယား ၇-၂ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးမှုနှင့်သတင်းအချက်အလက်များထုတ်ပြန်ခြင်း။

စဉ်	တောင်းဆိုမှု	တောင်းဆိုမှုအပေါ် အရေးယူဆောင်ရွက်ပေးမှု
၁	အလုပ်ခန့်ထားရန်	အနီးအနားမှနေထိုင်သူများကိုဦးစားပေးခန့်ထားပေးခြင်း။
၂	ဒေသဖွံ့ဖြိုးရေးရံပုံငွေကူညီပေးရန်	ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်စေရန်နှစ်စဉ်ထုတ်လုပ်မှု၏ ၂%ကိုအသုံးပြုရန်သတ်မှတ်ထားပါသည်။

ပြည်သူများပါဝင်မှုနှင့် သတင်းထုတ်ပြန်မှု။
စီမံကိန်းနှင့်ပတ်သက်သောအကြံပြုချက်၊တိုင်ကြားချက်များကိုသက်ဆိုင်ရပ်ကွက်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှ တဆင့်သော်၄င်း၊စီမံကိန်းရုံးသို့တိုက်ရိုက်ဆက်သွယ်၍သော်၄င်း၊ တင်ပြလာပါကပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအစီရင်ခံစာတာဝန်ယူတင်ပြသည့်တတိယအဖွဲ့အစည်းမှအဆိုပါအကြံပြုတင်ပြချက်များကိုဖြေရှင်းပေးရန်စီစဉ်ထားပါသည်။

အထွေထွေသဘောထားမှတ်ချက်၊ CSR အစီအစဉ်နှင့် ရံပုံငွေလျာထားမှု။
ကုမ္ပဏီသည် CSR team ကိုဖွဲ့စည်းထားပြီးရံပုံငွေကိုလည်းအောက်ပါအတိုင်းအသုံးပြုရန်လျာထားပါသည်။
နှစ်စဉ်အမြတ်ငွေ၏ ၂%ကိုလျာထားပြီးအောက်ပါအတိုင်းသုံးစွဲမည်ဖြစ်ပါသည်။

၁. ပတ်ဝန်းကျင်ထိန်းသိမ်းရေး (၅၀%)
၂. လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (၁၀%)
၃. ပညာရေး (၁၅%)
၄. သက်ကြီးရွယ်အိုများအတွက်(၁၀%)
၅. မိဘမဲ့များနှင့်ဘာသာရေးဆိုင်ရာများ (၁၅%)

ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးနှင့်စောင့်ကြပ်ကြည့်ရှုနိုင်စေရန်အစီအစဉ်နှင့်အဖွဲ့အစည်းကိုလည်းဖွဲ့စည်းထားသကဲ့သို့ရံပုံငွေများကိုလည်းသီးခြားစွာသတ်မှတ်ထားပါသည်။
စီမံကိန်းဒေသဖွံ့ဖြိုးရေးအတွက်အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ထားပါသည်။

၁. စီမံကိန်းမှတာဝန်ရှိသူတစ်ဦးနှင့်ဒေသခံပြည်သူများမှစိတ်ပါဝင်စားသူများခြိတ်ဆက်ပါဝင်ပြီးဒေသဖွံ့ဖြိုးရေးများလုပ်ကိုင်နိုင်စေရန်အဖွဲ့၊ ဖွဲ့စည်းခြင်း၊လုပ်ငန်းတာဝန်ခွဲဝေခြင်း၊
၂. အဆိုပါအဖွဲ့၏ပုံမှန်နှင့်လိုအပ်သည့်အခါတိုင်းအစည်းအဝေးကျင်းပခြင်း၊လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊
၃. အောက်ပါဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်တာဝန်ခံတစ်ဦးစီထားရှိစေခြင်း၊
    (က)လမ်းတည်ဆောက်မှုနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊
    (ခ)လျှပ်စစ်မီးသွယ်တန်းမှုနှင့်အထွေထွေ၊
    (ဂ)ပညာရေးဆိုင်ရာအသုံးစရိတ်နှင့်အလှူငွေများ၊
    (ဃ)ဘာသာရေး၊သာရေး၊နာရေးကိစ္စများ၊
    (စ)စီးပွါးရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊
    (ဆ)ကျန်းမာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊
၄. သက်ဆိုင်ရာအာဏာပိုင်များနှင့်သာမကဘဲအများပြည်သူသိရှိနိုင်စေရန်အုပ်ချုပ်ရေးမှူးရုံးများတွင်လုပ်ငန်းဆောင်ရွက်မှုပြီးဆုံးမှုစသည့်အခြေအနေများကိုအစဉ်အမြဲသတင်းထုတ်ပြန်စေရန်၊

အထွေထွေအားဖြင့ Fullway Myanmar Clothing Company Limited၏ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့ နယ်၊ ရွှေသံလွင်စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄) မြေကွက်အမှတ်(၈၃)ရှိမြေ(၁. ၇၄)ဧကပေါ်ရှိမြေနှင့်ယင်းမြေပေါ်ရှိအဆောက်အဦးကိုငှားရမ်း၍CMPစနစ်ဖြင့်အထည်ချုပ်စက်ရုံစီမံကိန်းသည်သဘာဝပတ်ဝန်းကျင်ကိုသော်၄င်း၊လူမှုစီးပွါးပတ်ဝန်းကျင်ကိုသော်၄င်း၊ ထိခိုက်မှုများမရှိနိုင်ကြောင်းတွေ့ ရှိရပါသည်။

၂. နိဒါန်း။

Fullway Myanmar Clothing Company Limited၏ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့ နယ်၊ ရွှေသံလွင် စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄) မြေကွက်အမှတ်(၈၃)ရှိမြေ(၁. ၇၄)ဧကပေါ်ရှိမြေနေယင်းမြေပေါ်ရှိအဆောက်အဦးကိုငှားရမ်း၍CMPစနစ်ဖြင့်အထည်ချုပ်စက်ရုံစီမံကိန်းကိုနိုင်ငံခြားသားများရင်းနှီးမြှုပ်နှံသည်ဥပဒေနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပါသည်။

ယခုအခါတွင်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ရန်လိုပါသဖြင့် ရန်ကုန်မြို့ မှကောင်းကျော်စေကုမ္ပဏီများအုပ်စု၏ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီမှဦးဆောင်ပြီးသက်ဆိုင်ရာပညာရှင်များနှင့်အတူတကွပတ်ဝန်းကျင်ဆိုင်ရာစီမံခန့် ခွဲမှုအစီအစဉ် Environmental Management Plan အပါအဝင်လိုအပ်သည့် Initial Environmental Examination လေ့လာဆန်းစစ်သည့်လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပြီးယခုအစီရင်ခံစာဖြင့်တင်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်ခေတ်မီဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံဖြစ်ပေါ်လာပြီးတိုင်းရင်းသားပြည်သူလူထုများ၊ စီးပွါးရေးနှင့် လူမှုရေးမြင့်မားရန်အတွက်ထုတ်လုပ်မှုလပ်ငန်းများ၊အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများနှင့်အကြီးစားစက်မှုလုပ်ငန်းများကိုထူထောင်ရမည်ဖြစ်သည်။ ထုသို့ ထူထောင်ရာတွင်နိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲရေရှည်တည်တံ့ရေး၊ ပြည်သူလူထုကိုကျန်းမာပျော်ရွှင်စေနင်သောတောတောင်သဘာဝ၊ ရေနှင့်လေအရင်းအမြစ်များ၊ စိမ်းလန်းစိုပြေရေးကိုအလေးထားရန်လိုအပ်လျက်ရှိပါသည်။

Fullway Myanmar Clothing Co., Ltd သည်မြန်မာနိုင်ငံ၏ CMP & SME ကဏ္ဍတိုးတက်လာစေရန်အထောက်အကူပြုမည်ဖြစ်ပြီးပြည်ပပို့ ကုန်များအဆင့်အတန်းမြင့်စွာလုပ်ကိုင်ဆောင်ရွက်မည့်နိုင်ငံခြားသားပိုင်လုပငန်းတစ်ခုဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်မှစီမံကိန်းကိုမှန်ကန်စွာအကောင်အထည်ဖော်နိုင်စေရန်အတွက်အောက်ပါဇယားဖြင့်ချိန်ညှိရမည်ဖြစ်ပါသည်။

The following table shows the need of EMP for the proposed factory. (the regulation of Myanma Environmental Law which is enacted 2012.)
ဇယား ၂-၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ရန်စီမံကိန်းအမျိုးအစား။

အဝတ်အစားအထည်အလိပ်နှင့်သားရေ				
စဉ်	ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား	ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား	ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန်လို အပ်သည့်အရွယ်အစား	မှတ်ချက်
	CMP စနစ်ဖြင့်အထည်အမျိုးမျိုးချုပ်လုပ်သည့်စက်ရုံ	-	-	ဖော်ပြထားခြင်းမရှိသဖြင့် EMP လုပ်ရန်ဟုသာသတ်မှတ်သည်။

အဆိုပါဇယားတွင်ဖော်ပြထားခြင်းမရှိသောကြောင့်ယခုစီမံကိန်းကို IEE, EIA စသည်တို့ လုပ်ဆောင်ရန်မလိုဘဲ EMP လုပ်ရန်စီမံကိန်းအဖြစ်သတ်မှတ်ပါသည်။
(သို့ရာတွင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်အမှတ်၆၈၈/၂၀၁၄တွင်မူယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ညွှန်ကြားချက်အရ IEE, EMP လုပ်ရန်ညွှန်ကြားထားပါသည်။)

အထက်ပါအချက်များကြောင့် Fullway Myanmar Clothing Co., Ltd သည်နိုင်ငံတကာအဆင့်မီအထည်အမျိုးမျိုးချုပ်လုပ်မည့်အထည်ချုပလုပ်ငန်းစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်သွားရာတွင်ကနဦးသဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း IEE နှင့်အဆိုပါထိခိုက်နိုင်မှုများအားမဖြစ်ပေါ်စေရန်စီမံကိန်းဖော်ဆောင်သူမှစီစဉ်ထားသည့် Environmental Management Plan (EMP) သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီရင်ခံစာကိုတင်ပြအပ်ပါသည်။

2.1 ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည်တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်းဝန်ခံချက်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်နည်းဥပဒေ၅၄အရကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီအစဉ်ရေးဆွဲတင်ပြရန်လိုအပ်သည့်စီမံကိန်းအမျိုးအစားနှင့်လုပ်ထုံးလုပ်နည်းအပိုဒ်(၃၅)(၃၆)တိအရကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတင်သွင်းခြင်းကို ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီမှဦးဆောင်ပြီးသက်ဆိုင်ရာ Stake holders များနှင့်အတူတကွ ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများလုပ်ဆောင်ခဲ့ပြီးယခုအစီရင်ခံစာဖြင့်တင်ပြအပ်ပါသည်။

ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည်သက်ဆိုင်ရာပညာရှင်များနှင့်တတ်ကျွမ်းသူပုဂ္ဂိုလ်များတို့ မှသေချာစွာကိုယ်တိုင်ကင်းဆင်းစစ်ဆေးကောက်ယူပြီးတင်ပြထားခြင်းဖြစ်သောကြောင့်တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်းအတည်ပြုဝန်ခံပါသည်။

Ms. Fu Ching Gina
Managing Director
Fullway Myanmar Clothing Co.,Ltd
မြေတိုင်းအမှတ်(၁၄)၊မြေကွက်အမှတ်(၈၃)
ရွှေသံလွင်စက်မှုဇုန်
လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဦးထွန်းနိုင်အောင်
ဥက္ကဋ္ဌ
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်။
အမှတ်၃၁၊ပင်လုံရိပ်မွန်၊သဃ်နန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။

2.2 သက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာ၍ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကိုဆောင်ရွက်ထားကြောင်း။

ယခုအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေတို့နှင့်လုပ်ထုံးလုပ်နည်းအပါအဝင်၊အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များသက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာ၍ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကိုဆောင်ရွက်ထားပါကြောင်းအတည်ပြုဝန်ခံပါသည်။

ဦးထွန်းနိုင်အောင်
ဥက္ကဋ္ဌ
ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်။
ဥက္ကဋ္ဌ၊
စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း။(MIA-EEnG)

Ms. Fu Ching Gina
Managing Director
Fullway Myanmar Clothing Co.,Ltd
မြေတိုင်းအမှတ်(၁၄)၊မြေကွက်အမှတ်(၈၃)
ရွှေသံလွင်စက်မှုဇုန်
လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

2.3 စီမံကိန်းဖော်ဆောင်သူသည်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံချက်။

စီမံကိန်းဖော်ဆောင်သူသည်ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်အစီရင်ခံစာပါပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်၊ကတိကဝတ်၊ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကိုအပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းအတည်ပြုဝန်ခံအပ်ပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများကိုလုပ်ဆောင်ရန်အတွက်လျာထားသတ်မှတ်ထားသောရံပုံငွေဖြင့်လုံလောက်မှုမရှိပါကအနီးစပ်ဆုံးအုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးသို့တင်ပြပြီးလုပ်ဆောင်မည်ဖြစ်ပါသည်။

စက်ရုံပိတ်သိမ်းမည်ဆိုပါကပတ်ဝန်းကျင်ထိခိုက်မှုနည်းစေရန်နှင့်ထိခိုက်မှုမရှိစေရေးအစီအစဉ်များဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

Ms. Fu Ching Gina
Managing Director
Fullway Myanmar Clothing Co.,Ltd
မြေတိုင်းအမှတ်(၁၄)၊မြေကွက်အမှတ်(၈၃)
ရွှေသံလွင်စက်မှုဇုန်
လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၏မည်သည့်အပိုင်းတွင်မည်သည့်ကျွမ်းကျင်သူကတာဝန်ရှိကြောင်းအပါအဝင် ကနဦးဆန်းစစ်ခြင်းဆောင်ရွက်သည့်ကျွမ်းကျင်သူများ၏အကြောင်းအရာဖော်ပြချက်။

ဇယား ၂-၂ အစီရင်ခံစာ၏မည်သည့်အပိုင်းတွင်မည်သည့်ကျွမ်းကျင်သူကတာဝန်ယူဆောင်ရွက်ထားရှိမှု။

No	Name	Registration No.	Position	Responsible
1	U Htun Naing Aung (B.E)(Mechanical) A.G.T.I (Mechanical Power), Ph.D(Thesis)	00038 (Org) 00144(Person)	Chairman, Senior Consultant	All parts of assessment & reports (Specialize in Air pollution Control, Ground Water & Hydrology, Waste Management)
2	Daw Mya Mya Aye (B.A)(History)	00038 (Org) 00146(Person)	Consultant (Social Economic & Environmental)	Social Economic & Environment
3	U Mya Cho (B,Sc,)(Forestry)	00038 (Org)	Consultant (Environmental & Forestry)	Environmental & Forestry
4	Mr. Salil Duct MBA, M.Tech (Environment Management)	00038 (Org)	Consultant (Industrial & energy audit)	Industrial Pollution Prevention & Control
5	Dr. Tint Swe (Phd) (Marinebiology)	00038 (Org)	Consultant (Marinebiology)	Marinebiology & Environment
6	Daw Khin Sint Yi M.Sc (Bottany)	00038 (Org)	Consultant (Ecology & Biodiversity)	Ecology & Biodiversity, Social Economy (Flora)
7	Dr. Khin Mar Mar M.B,M.S, MPH USMLE (Step.2)	00038 (Org)	Consultant (Health)	Public Health
8	Daw Ni Ni Aung B.A (Geography)	00038 (Org)	Consultant (Geography)	Topography & Geography
9	Daw Myint Myint Thein	00038 (Org)	Assistant Consultant	M&E , Data collect

ယခုအစီရင်ခံစာကိုပညာရှင်ဆိုင်ရာကျွမ်းကျင်မှုဂရုတစိုက်ကျိုးစားအားထုတ်မှုနှင့်အတူပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းတို့ကိုလိုက်နာလျက်ရေးဆွဲတင်ပြထားပါသည်။အစီရင်ခံစာပါဖော်ပြချက်များသည်မှန်ကန်ပြီး၊အဖွဲ့ဝင်အားလုံးကလည်းမိမိတို့၏အကောင်းဆုံးသောအသိပညာများကိုအသုံးပြုတင်ပြထားပါသည်။

ယခုတင်ပြသည့် IEE အစီရင်ခံစာပါအခန်းအလိုက်တာဝန်ယူပေးထားမှုအပေါ် သက်ဆိုင်ရာကျွမ်းကျင်သူတိုကတာဝန်ယူရေးသားထားသည်မှာမှန်ကန်ကြောင်းနှင့်အောက်တွင်လက်မှတ်ရေးထိုးသူကျွန်ုပ်ကတာဝန်ယူအသိအမှတ်ပြုအပ်ပါသည်။

(ဦးထွန်းနိုင်အောင်) အဖွဲ့ခေါင်းဆောင်

ဇယား (၁.၅) စီမံကိန်းအဆိုပြုသူကလိုက်နာမည့်ကတိကဝတ်များ။

စဉ်	ကတိကဂတ်၏အတိုချုပ်အမည်	ကတိကဂတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါရည်ညွှန်းချက်(အခန်း)
၁	ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည်တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်းကတိဂန်ခံချက်။	ယခုတင်ပြသည့်ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည်သက်ဆိုင်ရာပညာရှင်များနှင့်တတ်ကျွမ်းသူပုဂ္ဂိုလ်များတို့ကသေချာစွာကိုယ်တိုင်ကွင်းဆင်းစစ်ဆေးကောက်ယူပြီးပြန်လည်တင်ပြထားခြင်းဖြစ်သောကြောင့် တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်းကတိကဂတ်ပြုပါသည်။	အခန်း(၂.၁)
၂	ပတ်ဂန်းကျင်ဆိုင်ရာလုပ်ထုံးလုပ်နည်းအပါအဂင်သက်ဆိုင်ရာဥပဒေများကိုတိကျစွာလိုက်နာ၍ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုဆောင်ရွက်ထားကြောင်း၊	ယခုအစီရင်ခံစာကိုပတ်ဂန်းကျင်ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေတို့နှင့်လုပ်ထုံးလုပ်နည်းအပါအဂင်၊အမျိုးသားပတ်ဂန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွတ်မှု)လမ်းညွှန်ချက်များကိုတိကျစွာလိုက်နာ၍ဤပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာတို့ကိုရေးဆွဲတင်ပြထားပါကြောင်းကတိကဂတ်ပြုပါသည်။	အခန်း(၂.၂)
၃	စီမံကိန်းဖော်ဆောင်သူသည်ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါကတိကဂတ်၊ပတ်ဂန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များကိုအပြည့်အဂအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊	စီမံကိန်းပိုင်ရှင်သည်ယခုအစီရင်ခံစာဖြင့်တင်ပြထားသည့်အပေါ် သိရှိနားလည်သည့်အတိုင်းပတ်ဂန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်၊ကတိကဂတ်၊ပတ်ဂန်းကျင်၊ပတ်ဂန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းစဉ်များနှင့်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များကိုအပြည့်အဂအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဂန်ခံကတိပြုအပ်ပါသည်။	အခန်း(၂.၃)
၄	လုပ်ငန်းများပြီးစီး၍စီမံကိန်းပိတ်သိမ်းချိန်တွင်လူမှုဂန်းကျင်အားထိခိုက်မှုအနည်းဆုံးဖြစ်စေရန်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်ထိခိုက်မှုများရှိလာပါကထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်အစီအစဉ်များကိုလည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊	စီမံကိန်းဖော်ဆောင်သူသည်၊စီမံကိန်းလုပ်ငန်းများပြီးစီး၍စီမံကိန်းပိတ်သိမ်းချိန်တွင်လူမှုဂန်းကျင်အားထိခိုက်မှုအနည်းဆုံးဖြစ်စေရန်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်ထိခိုက်မှုများရှိလာပါကထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်အစီအစဉ်များကိုလည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဂန်ခံကတိပြုအပ်ပါသည်။	အခန်း(၂.၃)
၅	စီမံကိန်းအကြောင်းအရာဖော်ပြချက်	ယခုတင်ပြသည့်IEE ၏စီမံကိန်းအကြောင်းအရာတွင်ပါရှိသည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်သုံးစွဲမည့်ကုန်ကြမ်းနှင့်ပမာဏ၊ကုန်ချော၊ပမာဏ၊ အသုံးပြုသည့်အရင်းအမြစ်များ၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှုပမာဏနှင့် စွန့်ပစ်သည့်နည်းလမ်းများစသည်တို့သည်အမှန်တကယ်ဆောင်ရွက်ထားပါကြောင်းကတိကဂတ်ပြုပါသည်။	အခန်း (၄)
၆	ပတ်ဂန်းကျင်ဆိုင်ရာဖော်ပြချက်	ပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာဆန်းစစ်ခြင်းတို့ကိုအမှန်တကယ်ဆောင်ရွက်ထားပါကြောင်းကတိကဂတ်ပြုပါသည်။	အခန်း (၅)
၇	ထိခိုက်မှုဆန်းစစ်ခြင်းနှင့်လျော့ချသည့်နည်းလမ်းများ	ထိခိုက်မှုဆန်းစစ်ခြင်းနှင့်လျော့ချသည့်နည်းလမ်းများ စသည်တို့ကိုအမှန်တကယ်ဆောင်ရွက်ထားပါကြောင်းကတိကဂတ်ပြုပါသည်။	အခန်း (၆)
၈	ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုများ၊စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ၊အစီရင်ခံစာတင်ပြမှုအစီအစဉ်နှင့်စက်ရုံပိတ်သိမ်းသည့်အခါလုပ်ဆောင်မည့်အစီအစဉ်များကိုအမှန်တကယ်ဆောင်ရွက်ထားပါကြောင်းကတိကဂတ်ပြုပါသည်။	အခန်း (၈)
၉	စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အစီရင်ခံစာပေးပို့ရန်ကတိဂန်ခံချက်၊	စီမံကိန်းပိုင်ရှင်သည်ပတ်ဂန်းကျင်ဆိုင်ရာဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ်(၁၇၈)အရပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ဇယားပါအတိုင်းစောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကိုဂန်ကြီးဌာနသို့ဒြလတစ်ကြိမ်သို့မဟုတ်ဂန်ကြီးဌာနကသတ်မှတ်ထားသည့်အတိုင်းတင်ပြမည်	အခန်း(၈)

		ဖြစ်ကြောင်းဖန်ခံကတိပြုအပ်ပါသည်။	
၁၈	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက်လျာထားရံပုံငွေအပေါ်ကတိဝန်ခံချက်၊	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်၊ CSR လုပ်ငန်းများအတွက်လျာထားရံပုံငွေဖြင့်လုံလောက်မှုမရှိပါက အနီးစပ်ဆုံး BOD အစည်းအဝေးသို့တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။	အခန်း(၈)
၁၁	အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခြင်းနှင့်သတင်းထုတ်ပြန်ချက်	အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးမှုများနှင့်တောင်းဆိုမှုအပေါ်လိုက်နာဆောင်ရွက်ထားမှုများစသည်တို့သည်အမှန်တကယ်ဆောင်ရွက်ထားပါကြောင်းကတိကဝတ်ပြုပါသည်။	အခန်း (၇)

၃. မူဝါဒ၊ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်။

မြန်မာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ မတ်လတွင်၄င်း၊နည်းဥပဒေကို ၂၀၁၄ ခုနှစ်တွင်၄င်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များကို ၂၀၁၅ခုနှစ်ဒီဇင်ဘာလ ၂၉ရက်နေ့တွင်၄င်းအသီးသီးထုတ်ပြန်ထားပြီးဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

၁. အထည်ချုပ်လုပ်ငန်းလုပ်ဆောင်ရာတွင်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြင့်လုပ်ဆောင်သားနိုင်ရန်။

၂. ပတ်ဝန်းကျင်ရှိလူတို့ ၏ကျန်းမာရေးကိုမထိခိုက်စေရေးတို့ အတွက်အကာအကွယ်ပေးဆောင်ရွက်ရမည့်နည်းလမ်းများ၊စွန့် ပစ်ပစ္စည်းအမျိုးမျိုးတို့ အတွက်ဆောင်ရွက်သွားရမည့်နည်းလမ်းများအတိုင်းထည့်သွင်းဆောင်ရွက်သွားရန်။

၃. နိုင်ငံတော်မှထုတ်ပြန်ပြဋ္ဌာန်းထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတို့ နှင့်အညီလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်စသည်တို့ ဖြစ်ကြပါသည်။

ကုမ္ပဏီအနေဖြင့်လည်းရရှိလာမည့်အကျိုးအမြတ်များမှ CSR ရံပုံငွေအဖြစ်သတ်မှတ်ခွဲဝေပြီးကျေးလက်နှင့်မြို့ ပြဖွံ့ ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့်ရဲစခန်း၊ဆေးပေးခန်း၊စာသင်ကျောင်း၊မီးသတ်စခန်းများနှင့်ပတ်သက်သည့်အဆောက်အဦးများစသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်အတတ်နိုင်ဆုံးအသုံးပြုသွားမည်ဖြစ်ပါသည်။

<u>စီမံကိန်းဖော်ဆောင်သူ၏ကတိဝန်ခံချက်။</u>

စီမံကိန်းဖော်ဆောင်သူသည်စီမံကိန်းနှင့်စပ်လျဉ်း၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှထုတ်ပြန်ထားပြီးဖြစ်သောအောက်ပါဥပဒေများ၊နည်းဥပဒေများ၊သက်ဆိုင်ရာဌာနများမှထုတ်ပြန်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်ဆက်စပ်အမိန့်ကြော်ငြာစာများကိုလိုက်နာမည်ဖြစ်ကြောင်းလည်းဝန်ခံကတိပြုပါသည်။(ဝန်ခံချက်လက်မှတ်-စာ၃၅)

အောက်ပါဥပဒေနှင့်နည်းဥပဒေများကိုလိုက်နာသွားမည်ဖြစ်ပါသည်။

ဇယား ၃-၁ စီမံကိန်းကလိုက်နာမည့်ဥပဒေ၊နည်းဥပဒေများအချုပ်။

စဉ်	ဥပဒေများ
၁	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆
၂	မြေလွတ်၊မြေလတ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ၂၀၁၂
၃	အလုပ်သမာအဖွဲ့ အစည်းဥပဒေ ၂၀၁၂
၄	အလုပ်သမားအငြင်းပွါးမှုဖြေရှင်းရေးဥပဒေ ၂၀၁၂
၅	လူမှုဖူလုံရေးဥပဒေ ၂၀၁၂
၆	အနဲဆုံးလုပ်ခကြေးငွေဥပဒေ ၂၀၁၀
၇	အခကြေးငွေပေးချေရေးဥပဒေ ၂၀၁၆
၈	ခွင့်နှင့်အလုပ်ပိတ်ရက်များဥပဒေ ၁၉၅၁
၉	အလုပ်ရုံအက်ဥပဒေ (၁၉၅၁) နှင့် ၁၉၅၃ခုနှစ်အလုပ်ရုံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆)
၁၀	အလုပ်သမားလျော်ကြေးအက်ဥပဒေ ၁၉၅၁ Workmen Compensation Act 1951
၁၁	မော်တော်ယာဉ်ဥပဒေ ၂၀၁၅
၁၂	မော်တော်ယာဉ်နည်းဥပဒေ ၁၉၈၇
၁၃	ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)
၁၄	ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ ၁၉၉၅
၁၅	မြန်မာ့အာမခံလုပ်ငန်းဥပဒေ ၁၉၉၃
၁၆	မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ ၂၀၁၅
၁၇	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂
၁၈	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၂၀၁၄
၁၉	ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ၂၀၁၅
၂၀	ပတ်ဝန်းကျင်အရေအသွေးဆိုင်ရာလမ်းညွှန် ၂၀၁၅
၂၁	တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ၂၀၁၅
၂၂	ရန်ကုန်တိုင်းစည်ပင်သာယာရေးကော်မတီ (၂၀၁၅)
၂၃	ရန်ကုန်တိုင်းလွတ်တော်မှပြဋ္ဌာန်းသည့်ဥပဒေများအနက်ဆက်စပ်သည့်ဥပဒေများ၊နည်းဥပဒေများ။

၂၄	ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)
၂၅	ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

သဘောထားမှတ်ချက်အရထပ်မံဖြည့်စွပ်ဖော်ပြသည့်ဥပဒေများ။

၂၆	နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၀၁၂
၂၇	ဓာတုဗေဒပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှကာကွယ်တားဆည်းရေးဥပဒေ(၂၀၁၃)။
၂၈	ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၃)
၂၉	မြေအောက်ရေအက်ဥပဒေ (၁၉၃၀)
၃၀	လျှပ်စစ်ဥပဒေ ၂၀၁၄
၃၁	ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)
၃၂	အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၂၀၁၃
၃၃	လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ(၂၀၁၉)

1. မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)

စီမံကိန်းပိုင်ရှင်သည်-

(က) ငှားရမ်းခွင့် ရရှိထားသည့် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေကို စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပါမည်။ (ပုဒ်မ ၅၀အရ)

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ နေရာတို့တွင် နိုင်ငံသားများကို စွမ်းဆောင်ရေမြှင့်တင်ပေးပြီး အစားထိုးခန့်ထားပါမည်။ (ပုဒ်မ ၅၁ (ခ)အရ)

(ဂ) ကျွမ်းကျင်မှုမလိုအပ်သည့် လုပ်ငန်းများတွင် မြန်မာနိုင်ငံသားများကိုသာ ခန့်ထားပါမည်။ (ပုဒ်မ ၅၁ (ဂ)အရ)

(ဃ) မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ဖြင့် တည်ဆဲဥပဒေနှင့်အညီ ခန့်ထားပါမည်။ (ပုဒ်မ ၅၁ (ဃ)အရ)

(င) တည်ဆဲဥပဒေများ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု မဖြစ်စေရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၆၅ (ဆ)အရ)

(စ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဖောက်ဖျက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အပြီး ပိတ်သိမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှု ရပ်ဆိုင်းခြင်း၊ လုပ်သားအင်အား လျော့ချခြင်းတို့အတွက် အလုပ်သမားများကို တည်ဆဲဥပဒေ များနှင့်အညီ နစ်နာကြေးပေးပြီးမှသာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းပိတ်သိမ်း ပါမည်။ (ပုဒ်မ ၆၅ (စျ)အရ)

(ဆ) ခိုင်လုံသောအကြောင်းပြချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ယာယီပိတ်သိမ်းပါက ပိတ်သိမ်းထားရသည့် ကာလအတွင်း အလုပ်သမားများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ခ၊ လစာ ပေးပါမည်။ (ပုဒ်မ ၆၅ (ည)အရ)

(ဇ) အလုပ်ကြောင့် ထိခိုက်ဒဏ်ရာ ထိခိုက်မှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ချို့ယွင်းဆုံးရှုံးမှု၊ ရောဂါရရှိမှု၊ သေဆုံးမှုတို့ဖြစ်ပွားသော အလုပ်သမားများအတွက် သက်ဆိုင်ရာအလုပ်သမား သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူကို တည်ဆဲဥပဒေနှင့် အညီ ရထိုက်သည့် နစ်နာကြေးနှင့် လျော်ကြေးပေးပါမည်။ (ပုဒ်မ ၆၅ (ဋ)အရ)

(စျ) လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ကြီးကြပ်သူများ၊ မိသားစုဝင်များသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေ့လာလိုက်နာ ရန် ကြပ်မတ်ပါမည်။ (ပုဒ်မ ၆၅ (ဌ)အရ)

(ည) စီမံကိန်းလိုအပ်ချက်အရ ခွင့်ပြုထားခြင်း မဟုတ်သော ဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါက အဆိုပါ ဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ပါမည်။ (ပုဒ်မ ၆၅ (ဏ)အရ)

(ဋ) ကော်မရှင်က စစ်ဆေးကြည့်ရှုရန် ကြိုတင်အကြောင်းကြားလာပါက မည်သည့် နေရာကိုမဆို ဝင်ရောက်စစ်ဆေးခွင့်ပြုပါမည်။ (ပုဒ်မ ၆၅ (တ)အရ)

(ဌ) ကော်မရှင်၏ ခွင့်ပြုမိန့်, သို့မဟုတ် အတည်ပြုမိန့်ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မဆောင်ရွက်မီ ဦးစွာရယူပါမည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်မှု အခြေအနေကို ကော်မရှင်သို့ တင်ပြပါမည်။ (ပုဒ်မ ၆၅ (ထ)အရ)

(ဍ) နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံ ထားရှိပါမည်။ (ပုဒ်မ ၇၃ အရ)

2. မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

နိုင်ငံတော်အတွင်းရှိမြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကိုပုဒ်မ၄ပါဓါတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက်လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ရရှိနိုင်ရန်အတွက်ပုဒ်မ၅အပိုဒ်ခွဲ(ဇ)အရသက်ဆိုင်ရာသို့လျောက်ထားခွင့်ပြုချက်ရယူမည်ဖြစ်ပါသည်။ (ပုဒ်မ၄ နှင့်ပုဒ်မ၅)

3. အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမား ဥပဒေနှင့် မညီဘဲ အလုပ်ထုတ်ခံရသည့် အလုပ်သမားကို ပြန်လည် အလုပ်ခန့်ထားရန် တောင်းဆိုသည်ကို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၈အရ)

(ခ) အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် ယင်းအဖွဲ့သို့ အလုပ်သမားကိုယ်စားလှယ် စေလွှတ်ခြင်းကို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၉ အရ)

(ဂ) အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမား အဖွဲ့အစည်း၏ ကိုယ်စားလှယ်ကို ပါဝင်ဆွေးနွေးခွင့်ပြုပါမည်။ (ပုဒ်မ ၂၀ အရ)

(ဃ) အလုပ်သမား ဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် အလုပ်သမားအဖွဲ့အစည်းကို ပါဝင်ဆောင်ရွက်ခွင့်ပြုပါမည်။ (ပုဒ်မ ၂၁ အရ)

(င) အလုပ်သမား အဖွဲ့အစည်းက သက်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့အညီ အစည်းအဝေးများပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းတို့ကို ခွင့်ပြုပါမည်။ (ပုဒ်မ ၂၂ အရ)

4. အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ(၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) တောင်းဆို တိုင်ကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေး ညှိနှိုင်းဖြေရှင်းရာတွင် ပျက်ကွက်မည် မဟုတ်ပါ။ (ပုဒ်မ ၃၈ အရ)

(ခ) ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ကာလအတွင်း ထိုအငြင်းပွားမှု မစမီက ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် စည်းကမ်းများကို အလုပ်သမားများ၏ အကျိုးစီးပွားထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုပါ။ (ပုဒ်မ ၃၉ အရ)

(ဂ) အငြင်းပွားမှု တစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို မပြုဘဲ အလုပ်မထုတ်ပါ။ (ပုဒ်မ ၄၀ အရ)

(ဃ) ခုံသမာဓိ သို့မဟုတ် ခုံအဖွဲ့က ပုဒ်မ ၅၁ အရ ဆုံးဖြတ်သည့် လျော်ကြေးငွေကို ပေးဆောင်ပါမည်။ (ပုဒ်မ ၅၁ အရ)

5. လူမှုဖူလုံရေးဥပဒေ(၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားရှိပါမည်။ (ပုဒ်မ၁၁ (က)အရ)

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ပါကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု ရန်ပုံငွေ၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ရန်ပုံငွေ၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရန်ပုံငွေနှင့် သတ်မှတ်ထားသော မထည့်မနေရ ထည့်ဝင်ရမည့် ရန်ပုံငွေများကို မှတ်ပုံတင် ထည့်ဝင်ပါမည်။ (ပုဒ်မ၁၅ (ခ) အရ)

(ဂ) အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးကို ယင်း၏ လုပ်ခထဲမှ နုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေး ငွေနှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းပါမည်။ ထိုသို့ပေးသွင်းရသည့် ကုန်ကျစားရိတ်ကို မိမိက ကျခံပါမည်။ (ပုဒ်မ၁၈ (ခ) အရ)

(ဃ) အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးပေးပြီး အာမခံထားရှိပါမည်။ (ယင်းရန်ပုံငွေသည် အလုပ်သမား လျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သိရှိပါသည်။) (ပုဒ်မ၄၈ (ခ)နှင့် ၄၉ (က) တို့အရ)

(င) ပုဒ်မ ၁၇ တွင် ဖော်ပြထားသည့် မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာပြုစုပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြပါမည်။ (ပုဒ်မ၇၅အရ)

6. အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) ပုဒ်မ ၁၂ ပါ သတ်မှတ်ချက်များနှင့်အညီ အခကြေးငွေ ပေးချေပါမည်။ (ပုဒ်မ၁၂အရ)

(ခ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ နှုန်းထားများကို အလုပ်သမား များကို အသိပေးမည့်အပြင် လုပ်ငန်းခွင်တွင် မြင်နိုင်စေရန် ကြော်ငြာထားပါမည်။ (ပုဒ်မ၁၃ (က)အရ)

(ဂ) ပုဒ်မ ၁၃ ပါ ပြုစုရမည့် စာရင်းဇယားနှင့် စာတမ်းအမှတ်အသားများကို ပြုစုခြင်း၊ သက်ဆိုင်ရာ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံခြင်း၊ ယင်းတို့ကို တောင်းခံသည့်အခါ တင်ပြခြင်းတို့ ပြုပါမည်။ (ပုဒ်မ ၁၃ (ခ)၊ (ဂ)၊ (ဃ) တို့အရ)

(ဃ) ပုဒ်မ ၁၃ (င)နှင့် ပုဒ်မ ၁၈ အရ စစ်ဆေးရေးအရာရှိများက လာရောက် စစ်ဆေးခြင်းကို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၃ (င)နှင့် ၁၈ အရ)

(င) အလုပ်သမား ဖျားနာ၍ အလုပ်မလုပ်နိုင်သည့်အခါ ဆေးကုသရန် သတ်မှတ်ချက်များနှင့်အညီ နားခွင့်ပေးပါမည်။ (ပုဒ်မ ၁၃ (စ) အရ)

(စ) အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘနာရေးဖြစ်သည့်အခါ အနည်းဆုံး အခကြေးငွေမှာ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့် အလုပ်နားခွင့် ပြုပါမည်။ (ပုဒ်မ ၁၃ (ဆ) အရ)

7. ၂၀၁၆ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ

စီမံကိန်းပိုင်ရှင်သည်-

(က) အခကြေးငွေ ပေးချေခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ပါပြဋ္ဌာန်းချက် များနှင့်အညီ ပေးချေပါမည်။ (ပုဒ်မ၃ နှင့် ၄အရ)

(ခ) သဘာဝဘေးအန္တရာယ်အပါဝင် မမျော်လင့်သော ထူးခြားသည့်အခြေအနေ ပေါ်ပေါက်ပါက အခကြေးငွေ ပြောင်းလဲပေးချေလိုကြောင်းကို သက်ဆိုင်ရာ အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် တင်ပြပါမည်။ (ပုဒ်မ၅အရ)

(ဂ) အလုပ်သမားထံမှ နုတ်ယူရန် လိုအပ်သည့်ငွေကြေးနှင့် စပ်လျဉ်း၍ အခန်း (၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ပါမည်။ (အခန်း ၃ အရ)

(ဃ) အချိန်ပို လုပ်ကိုင်ရသည့် အလုပ်သမားကို ဥပဒေက သတ်မှတ်သည့် နှုန်းထားအတိုင်း အချိန်ပိုလုပ်ခပေးပါမည်။ (ပုဒ်မ၁၄ အရ)

8. ခွင့်နှင့် အလုပ်ပိတ်ရက်များ အက်ဥပဒေ (၁၉၅၁)

စီမံကိန်းပိုင်ရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်နှင့် အလုပ်ပိတ်ရက် များကို ခွင့်ပြုပါမည်။

9. အလုပ်ရုံအက်ဥပဒေ (၁၉၅၁)နှင့် ၁၉၅၁ ခုနှစ်အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆)

စီမံကိန်းပိုင်ရှင်သည်

ပြည်ပမှပစ္စည်းများ တင်သွင်းခြင်းအပေါ်သတ်မှတ်ထားသည့်ကုန်သွယ်ခွန်ကို ပေးဆောင်ရန် စည်း ကမ်းများအတိုင်း လိုက်နာပါမည်။ (ပုဒ်မ ၄ က အရ)

မိမိ၏ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ခြင်းအပေါ် ကုန်သွယ်ခွန်ပေးဆောင်ရန် စည်းကမ်း ချက် များအတိုင်း လိုက်နာပါမည်။ (ပုဒ်မ ၅ အရ)

သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများသို့မှတ်ပုံတင်ထားရှိမည်။ (ပုဒ်မ ၁၁ ကအရ)

သုံးလတစ်ကြိမ်၊တစ်နှစ်တစ်ကြိမ်စာရင်းချုပ်များပေးပို့မည်။ (ပုဒ်မ ၁၂ကအရ)

10.အလုပ်သမားလျော်ကြေး အက်ဥပဒေ(၁၉၅၁)

စီမံကိန်းပိုင်ရှင်သည် ရရှိသည့် ထိခိုက်နစ်နာမှု အမျိုးအစားအလိုက် ကိစ္စရပ်တစ်ခုချင်း အပေါ်တွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျော်ကြေးငွေကို ပေးလျော်ပါမည်။

11.မော်တော်ယာဉ် ဥပဒေ(၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

လေထုညစ်ညမ်းစေခြင်း၊ အသံဆူညံစေခြင်းနှင့် အသက်အန္တရာယ် လုံခြုံစိတ်ချမှုတို့နှင့် သက်ဆိုင်သည့် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက် ပါမည်။

12.မော်တော်ယာဉ်နည်းဥပဒေများ(၁၉၈၇)

စီမံကိန်းပိုင်ရှင်သည်-

လေထုညစ်ညမ်းစေခြင်း၊ အသံဆူညံစေခြင်းနှင့် အသက်အန္တရာယ် လုံခြုံစိတ်ချမှုတို့နှင့် သက်ဆိုင်သည့် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက် ပါမည်။

13.ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)

စီမံကိန်းပိုင်ရှင်သည်-

(က) ပြည်သူ့ကျန်းမာရေးအတွက် ပုဒ်မ ၃ ပါ ကိစ္စများနှင့် စပ်လျဉ်း၍ မည်သည့် စည်းကမ်းသတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကိုမဆို လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၃ အရ)

(ခ) လိုအပ်ချက်အရ ဤဥပဒေအရ တာဝန်ရှိသူများက လာရောက်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သည့် စစ်ဆေးမှုကိုမဆို ခွင့်ပြုပါမည်။ (ပုဒ်မ ၅ အရ)

14.ကူးစက်ရောဂါများကာကွယ်နှိမ်းနှင်းရေးဥပဒေ(၁၉၉၅)

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမားများကို ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ပေးပါမည်။ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိအောင် ဆောင်ရွက်ပေးပါမည်။ အညစ်အကြေးများကို စနစ်တကျ စွန့်ပစ် စေရန် ဆောင်ရွက်ပေးပါမည်။ (ပုဒ်မ ၃ (က) (၉) အရ)

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ညွှန်ကြားသည်နှင့် အညီ လိုက်နာဆောင်ရွက်ပါမည်။ (ပုဒ်မ ၄ အရ)

(ဂ) အောက်ပါကိစ္စရပ်များ ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိခြင်း အနီးဆုံး ကျန်းမာရေး ဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်း သတင်းပို့ပါမည် –

(၁) ကြက်နှင့် အပါအဝင် တရိစ္ဆာန်များ အစုအလိုက်၊ အပြုံလိုက် သေဆုံးခြင်း၊

(၂) ကြွက်ကျခြင်း၊

(၃) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း

(၄) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း၊

(ဃ) ကျန်းမာရေးအရာရှိက လိုအပ်၍ လာရောက်စစ်ဆေးလျှင် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ခွင့်ပြုပါမည်။ (ပုဒ်မ ၁၁ အရ)

15.မြန်မာ့အာမခံလုပ်ငန်းဥပဒေ(၁၉၉၃)

စီမံကိန်းပိုင်ရှင်သည်-

(က) ကိုယ်ပိုင်ယာဉ်များ သုံးစွဲမည်ဆိုပါ က လူထိခိုက်မှုဆိုင်ရာ အာမခံ ထားရှိပါမည်။ (ပုဒ်မ ၁၅ အရ)

(ခ) ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းနှင့် ပြည်သူလူထုကို နစ်နာစေခြင်းဖြစ်ပေါ်လျှင် ယင်းအထွေထွေ ဆုံးရှုံးနစ်နာမှုကို ပေးလျော်နိုင်ရန် ထားရှိရမည့် အာမခံကို ထားရှိပါမည်။ (ပုဒ်မ ၁၆ အရ)

16.မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပါမည်။ (ပုဒ်မ ၂၅ (က) အရ)

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းများကို ထားရှိပါမည်။ (ပုဒ်မ ၂၅ (ခ) အရ)

17.ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) ပတ်ဝန်းကျင်ကိုညစ်ညမ်းစေခဲ့လျှင်ဝန်ကြီးဌာနက သတ်မှတ်သည့်လျော်ကြေးငွေကို ပေးလျော်ပါမည်။ (ပုဒ်မ၇၊ ပုဒ်မခွဲ(ဏ) အရ)

(ခ) ပတ်ဝန်းကျင်ကိုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်ထုတ်လွှတ်ခြင်းကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ထုတ်လွှတ်ပါမည်။(ပုဒ်မ၁၄အရ)

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန်လုပ်ငန်းခွင် အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုပါမည်။ ထိုသို့မဆောင်ရွက်နိုင်ပါက စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ကိုမထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်ပါမည်။(ပုဒ်မ၁၅အရ)

(ဃ) ဝန်ကြီးဌာနကထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ လာရောက်စစ်ဆေးသည့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား စစ်ဆေးခွင့်ပြုပါမည်။ (ပုဒ်မ၂၄အရ)

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်များကို လိုက်နာပါမည်။(ပုဒ်မ၂၉အရ)

18.ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)

စီမံကိန်းပိုင်ရှင်သည်-

(က) နည်းဥပဒေဖြစ်၊ နည်းဥပဒေခွဲ(က)အရ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့် ပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့် နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ခ) နည်းဥပဒေဖြစ်၊ နည်းဥပဒေခွဲ(က)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ တစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့်ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ဂ) နည်းဥပဒေဖြစ်၊နည်းဥပဒေခွဲ(ခ)အရ ဂေဟာစနစ်နှင့်ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက်ခြင်းမပြုပါ။

19. ပတ်ဝန်ကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးနည်းလုပ်နည်း (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ၊ မိမိကိုယ်စား ဆောင်ရွက်သည့်ကန်ထရိုက်တာ၊ လက်ခွဲ ဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု ကြောင့်ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုကို တာဝန်ယူပါမည်။ (အပိုဒ်၁၀၂(က)အရ)

(ခ) စီမံကိန်းကြောင့်ထိခိုက်ခံစားရသူကို လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးပေးပါမည်။ (အပိုဒ်၁၀၂(ခ)အရ)

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ပါမည်။ မိမိကိုယ်စားဆောင်ရွက်သည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများက စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်စေပါမည်။ (အပိုဒ်၁၀၄အရ)

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင်ပါရှိသော လိုအပ်ချက်အားလုံးကို တာဝန်ယူသည့်အပြင် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ (အပိုဒ်၁၀၅အရ)

(င) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် လုပ်ငန်းပိတ်သိမ်းပြီးကာလတို့တွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဘက်စုံစောင့်ကြပ် စစ်ဆေးပါမည်။(အပိုဒ်၁၀၆အရ)

(စ) မိမိ၏တာဝန် သို့မဟုတ် ဆောင်ရွက်ချက်ပျက်ကွက်မှုကို အမြန်ဆုံး စာဖြင့်တင်ပြပါမည်။ ပျက်ကွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်နိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရန်လိုအပ်သည့်ကိစ္စကို ၂၄နာရီအတွင်းလည်းကောင်း အခြားကိစ္စဖြစ်ပါက စတင်သိရှိချိန်မှ ၇ ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ တင်ပြပါမည်။ (အပိုဒ်၁၀၇အရ)

(ဆ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်၏ဖယားပါအတိုင်းစောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ၆လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်း ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြပါမည်။ (အပိုဒ်၁၀၈အရ)

(ဇ) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အပိုဒ်၁၀၉ပါ သတ်မှတ်ချက်များ အနည်းဆုံး ထည့်သွင်းဖော်ပြပါမည်။ (အပိုဒ်၁၀၉အရ)

(ဈ) အပိုဒ် ၁၀၈ အရ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်၊ စာကြည့်တိုက်၊ ပြည်သူခန်းမ၊ အများပြည်သူစုဝေးရာနေရာနှင့် စီမံကိန်းရုံးဌာနတို့တွင် အများပြည်သူသိရှိစေရန် ယင်းအစီရင်ခံစာကိုတင်ပြပါမည်။ ယင်းအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူ တောင်းခံချက်ကို လက်ခံရရှိသည့်နေ့မှစ ၁၀ရက်အတွင်း အီးမေလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ တောင်းခံသူအား ပေးပါမည်။ (အပိုဒ်၁၁၀အရ)

(ည) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်တာဝန်ရှိသူကို သာမန်အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့် ပြုပါမည်။ (အပိုဒ်၁၁၃(က)အရ) စီမံကိန်း၏ရုံးများ၊ လုပ်ငန်းခွင်၊ စီမံကိန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ဆောင်ရွက်နေသည့်အခြားနေရာများသို့ လိုအပ်ပါက အချိန်မရွေး ဝင်ရောက်ခွင့်ပြုပါမည်။ (အပိုဒ်၁၁၃(ခ)အရ)

(၃) အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသို့ပျက်ကွက်နိုင်သည်ဟု ယူဆလျှင်ဖြစ်စေ စစ်ဆေးရန်တာဝန်ရှိသူက ဝင်ရောက်စစ်ဆေးလိုသည့်အချိန်တွင် ချက်ချင်းခွင့်ပြုပါမည်။ (အပိုဒ်၁၁၅အရ)

(၄) ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်သူ ဆပ်ကန်ထရိုက်တာတို့ကို တာဝန်ရှိသူက စစ်ဆေးခြင်းကိုခွင့်ပြုပါမည်။ (အပိုဒ်၁၁၇အရ)

20. တိုင်းရင်းသားလူမျိုးများအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး ဥပဒေ(၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

(က) စီမံကိန်းကို အကောင်အထည်ဖော်မည့် ဒေသရှိ ဌာနေတိုင်းရင်းသား လူမျိုးများအား စီမံကိန်း၏ အကြောင်းအရာများကို ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေးပါမည်။ (ပုဒ်မ ၅ အရ)

(ခ) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းကို အကောင်အထည်ဖော်မည့် ဒေသရှိ ဌာနေတိုင်းရင်းသား လူမျိုးများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။ (ပုဒ်မ ၅ အရ)

21. အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်(၂၀၁၅)

စီမံကိန်းပိုင်ရှင်သည် လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းပြုပါမည်။

22. ကုန်သွယ်ခွန်ဥပဒေ (၁၉၉၀)

စီမံကိန်းပိုင်ရှင်သည်

ပြည်ပမှပစ္စည်းများ တင်သွင်းခြင်းအပေါ်သတ်မှတ်ထားသည့်ကုန်သွယ်ခွန်ကို ပေးဆောင်ရန် စည်းကမ်းများအတိုင်း လိုက် နာပါမည်။ (ပုဒ်မ ၄ က အရ)

မိမိ၏ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ခြင်းအပေါ် ကုန်သွယ်ခွန်ပေးဆောင်ရန် စည်းကမ်းချက် များအတိုင်း လိုက်နာပါမည်။ (ပုဒ်မ ၅ အရ)

ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာမြို့ နယ်ရွေသံလွင်စက်မှဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊မြေကွက်အမှတ်(၈၃)ရှိဖူးဝေးမြန်မာအထည်ချုပစက်ရုံတွင်ဒေသခံနှင့်သက်ဆိုင်သူများပါဝင်သော Stakeholders Meeting ကျင်းပသွားနိုင်ရန်အတွက် Fullway Myanmar Clothing Co., ltd မှတာဝန်ရှိသူများနှင့်အတူစီစဉ်ခဲ့ပြီး၊ ၂၀၁၉ခုနှစ်ဒီဇင် ဘာလ၁၈ ရက်နေ့ တွင်အဓိကသက်ဆိုင်သူများဖြစ်သောအုပ်ချုပ်ရေးမှူးများ၊ဒေသခံများနှင့်တွေ့ ဆုံဆွေးနွေးပြီးစစ်တမ်းများကောက်ယူနိုင်ခဲ့ပါသည်။

စီမံကိန်းအတွက်လေ့လာမှုများပြုလုပ်နိုင်ရန်စီမံကိန်းတည်ရှိရာသို့ အဖွဲ့ ဝင်များလိုက်ပါလျက် ၂၀၁၆ခုနှစ်စက်တင်ဘာလ၂ရက်မှ၂၉ရက်နေ့ ထိသွားရောက်တိုင်းတာစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။အဆိုပါရက်များအတွင်း Environmental Baseline Data မူလသဘာဝပတ်ဝန်းကျင်အချက်အလက်များကိုတိုင်းတာခြင်း၊စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကောင်းကျိုး၊ဆိုးကျိုးများနှင့်သက်ဆိုင်သူများဒေသခံများ၏သဘောထားများကိုလေ့လာစစ်တမ်းကောက်ယူနိုင်ခဲ့ပြီးအစည်းအဝေးတွင်တင်ပြနိုင်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ပြီးဖြေဆိုသူ(၃၀ဦး)ရှိပါသည်။ CMP စနစ်ဖြင့်အထည်ချုပ်ခြင်းလုပ်ငန်းကို သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲနိုင်သမျှနဲစေရန်နှင့်လျှော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနဲပါးနိုင်ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်

စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန်လာနိုင်ကြောင်းကိုစိမ်ကိန်းအနီးနေထိုင်သူဒေသခံများသိရှိသဘောပေါက်ပြီး စီမံကိန်းအပေါ် ဒေသခံများကထောက်ခံသည်ကိုတွေ့ ရှိရပါသည်။

ဇယား ၇-၁ အများပြည်သူနှင်တိုင်ပင်ဆွေးနွေးခြင်းနှင့်သဘောထားရယူသည့်အစီအစဉ်။

စဉ်	နေ့စွဲ	အကြောင်းအရာ	ကျင်းပသည့်နေရာ
၁	၂၀၁၉ ဒီဇင်ဘာ လ၁၈ ရက်	လိုင်သာယာမြို့ နယ်၊ရွှေသံလွင်စက်မှုဇုန်အနီးသာယာကုန်းကျေးရွာဒေသတွင်နေထိုင်သူများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖလူကြီးများနှင့်စိတ်ပါဝင်စားသူများ နှင့်စီမံကိန်းအပေါ် သဘောထားကောက်ယူခြင်း။	လိုင်သာယာမြို့ နယ်၊ရွှေသံလွင်စက်မှုဇုန်ဖူးဝေးမြန်မာအထည်ချုပ်စက်ရုံခန်းမ။

အဆိုပါအစီအစဉ်အတိုင်းသဘောထားကောက်ယူမှုများကိုလုပ်ဆောင်ခဲ့ပါသည်။

ဤကဲ့သို့ စစ်တမ်းများကောက်ယူရာတွင်လည်းနိုင်ငံတကာစံချိန်များ၊အညွှန်းကိန်းများနှင့်ကိုက်ညီပြီးမြန်မာနိုင်ငံသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာနမှလက်ခံသည့်အတိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်းနှင့်စီမံကိန်း၏အသေးစိပ်အချက်အလက်များကိုလည်းသက်ဆိုင်ရာတာဝန်ရှိသူများမှရှင်းလင်းတင်ပြခဲ့ပါသည်။

သဘောထားကောက်ယူနိုင်ရန်စီမံကိန်းဖေါ်ဆောင်မည့်သက်ဆိုင်ရာဒေသသာမကဘဲ၊ စီမံကိန်းဖေါ်ဆောင်နေသည့်သာယာကုန်းကျေးရွာနှင့်အနီးတဝိုက်တွင်နေထိုင်သူများကိုအဓိကထား၍တွေ့ဆုံမေးမြန်းသဘောထားကောက်ခံခဲ့သည့်အပြင်၊အဆိုပါဒေသနှင့်အနီးဆုံးရွာဖြစ်သောကျေးရွာနှင့်အနီးအနားတွင်နေထိုင်သူများအပြင်အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊မြို့ နယ်အဆင့်ဦးစီးဌာနများ၊မြေယာဦးစီးဌာန၊လူထုအကျိုးပြုကွန်ယက်၊မြို့ နယ်အထောက်အကူပြုကော်မတီ၊ရပ်ကွက်အထောက်အကူပြုကော်မတီ၊မိခင်နှင့်ကလေး၊ ကုမ္ပဏီဝန်ထမ်းများ၊စျေးသည်များပါဝင်တက်ရောက်ဆွေးနွေးအကြံပြုကြပါသည်။

၇. ၃ ဆွေးနွေးပွဲကျင်းပခြင်းနှင့်ရလဒ်များ။

အဆိုပါတွေ့ ဆုံပွဲကိုကြိုတင်ဖိတ်ကြားထားခြင်းကိုပြုလုပ်ထားသည့်အပြင်တက်ရောက်လာသူများအားအစည်းအဝေးအကြောင်းနှင့်စစ်တမ်းကောက်ယူမှုအကြောင်းကိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကငှင်း၊စီမံကိန်းဖေါ်ဆောင်မည့်ကုမ္ပဏီ၏တာဝန်ရှိသူနှင့်စစ်တမ်းများကောက်ယူသည့်အဖွဲ့ တို့ ကဦးစွာရှင်းလင်းတင်ပြပါသည်။

ထို့ နောက်စီမံကိန်းအကြောင်းမရှင်းလင်းသည်များနှင့်သိရှိလိုသည်များကိုမေးမြန်းရန်အခါန်ပေးသည့်အခါအောက်ပါအတိုင်းမေးမြန်းခြင်းဖြေကြားခြင်းများကိုမှတ်တမ်းတင်အပ်ပါသည်။

အစည်းအဝေးသို့ တက်ရောက်လာသူများမှမိမိတို့ သိရှိလိုသည်များ၊ မရှင်းလင်းသေးသည့်အချက်အလက်များစသည်တို့ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ရန်ဖိတ်ခေါ် သည့်အခါရပ်ကွက်တွင်နေထိုင်သူများမှစီမံကိန်းကြောင့်ဖြစ်ပေါ် လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ၊လူမှုစီးပွါးဆိုင်ရာထိခိုက်နိုင်မှုများကိုမေးခွန်းများကိုကိုယ်တိုင်မေးမြန်းပြီးအကြံပြုတင်ပြဆွေးနွေးသွားပါသည်။

ဆွေးနွေးအကြံပြုချက်များ။
ဦးစွာပထမစက်မှုဇုန်အုပ်ချုပ်ရေး(ဇုန်၁+၂+၃)မှအတွင်းရေးမှူးဦးအောင်အောင်ကစက်ရုံပိုင်ရှင်များနှင့်အုပ်ချုပ်ရေးမှူးရုံးတို့မကြာမဏတွေ့ဆုံခြင်းဖြင့်ဒေသအတွက်ဖွံဖြိုးရေးများလုပ်ကိုင်ပေးနိုင်ပါရန်အကြံပြုဆွေးနွေးသွားပါသည်။



ဆက်လက်၍အင်းရွာကျေးရွာမှဦးကျော်စိုးက၊ယခုစက်ရုံကြောင့်အလုပ်အကိုင်များရရှိလာပြီး၊ဒေသခံများအတွက်အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိသကဲ့သို့ဖွံ့ဖြိုးလာနိုင်သည့်အတွက်ဆက်လက်၍ဒေသခံများကိုဦးစားပေးခန့်ထားစေလိုကြောင်း၊လမ်းများပြုပြင်ပေးစေလိုကြောင်းတင်ပြဆွေးနွေးပါသည်။စက်ရုံအတွင်းသာမကပဲစက်ရုံပြင်ပတွင်ပါသန့်ရှင်းရေးလုပ်ငန်းများ၊ကျေးကျော်ကိစ္စများဆောင်ရွက်နိုင်ရန်အကြံပြုဆွေးနွေးပါသည်။



တာဝန်ခံမှဒေသဖွံ့ဖြိုးရေးအတွက်အဓိကထားပါကြောင်းနှင့် CSR ရံပုံငွေအဖြစ်လဲနှစ်စဉ်အမြတ်ငွေ၏၂%လျာထားပြီးဖြစ်ကြောင်းရှင်းလင်းတင်ပြပါသည်။
အဆိုပါမေးမြန်းမှုများနှင့်ပတ်သက်သည့်အကြောင်းအရာများကို Fullway Myanmar Garment Co.,Ltd ၏တာဝန်ရှိသူမှပြည့်စုံစွာပြန်လည်ဖြေကြားသွားပါသည်။

စစ်တမ်းများကောက်ယူသည့်ကိစ္စအတွက်ကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၏ဥက္ကဋ္ဌဦးထွန်းနိုင်အောင်ကယခုစစ်တမ်းတွေ့ ရှိချက်အစီရင်ခံစာကိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့တင်ပြအစီရင်ခံပြုးလက်ခံအတည်ပြုပြီးသည့်အခါတွင်သက်ဆိုင်ရာအဖွဲ့ အစည်းများသို့ မိတ္တူပေးပို့ နိုင်ရန်စီစဉ်ပေးမည်ဖြစ်ပါကြောင်းတင်ပြပါသည်။

ထို့ နောက်အစည်းအဝေးသို့ တက်ရောက်လာသူများအားသဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သောမေးခွန်းများနှင့်လူမှုစီးပွါးရေးနှင့်ဆိုင်သောမေးခွန်းများကိုလူတစ်ဦးချင်းစီအားဖြန့် ဝေပေးပါသည်။

အခန်းအနားအစီအစဉ်အရကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌကစစ်တမ်းကောက်ယူမည့်အစီအစဉ်နှင့်တက်ရောက်လာကြသူများသို့ ဖြန့် ဝေထားသည့်မေးခွန်းများကိုတစ်ခုချင်းအဓိပ္ပါယ်ကိုရှင်းလင်းတင်ပြပြီးတက်ရောက်လာကြသူတစ်ဦးချင်းဖြေဆိုနိုင်ကြစေရန်ရှင်းလင်းပြောကြားပါသည်။
မေးခွန်းအပေါ် ရှင်းလင်းပြီးနောက်လွတ်လပ်ပွင့်လင်းစွာအကြံပြုဖြေဆိုနိုင်ကြောင်းကိုလည်းကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌမှပြောကြားပြီးမိမိတို့ ၏ဆန္ဒသဘောထားဖြေကြားစာပေါ် တွင်အမည်နှင့်လက်မှတ်များကိုမမေ့မလျော့ရေးသွင်းရန်လိုအပ်ကြောင်းနှင့်အဆိုပါဆန္ဒသဘောထားဖြေကြားစာပေါ် တွင်အမည်နှင့်လက်မှတ်များမပါရှိပါကပယ်မဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်းဆက်လက်မှာကြားသွားပါသည်။ ထို့ နောက်မေးခွန်းများကိုလွတ်လပ်စွာဖြေဆိုစေပြီးကောင်းကျော်စေအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌကကျေးဇူးတင်စကားပြောကြားပြီးအခမ်းအနားကိုအောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။
တက်ရောက်လာကြသူများထဲမှမေးမြန်းထားသည့်မေးခွန်းများကိုဖြေဆိုရာတွင်အောက်ပါအတိုင်းတွေ့ ရှိရပါသည်။

အစည်းအဝေးသို့ တက်ရောက်သူအများစုမှာဆယ်အိမ်မှူးများရပ်ကွက်မြို့ နယ်အထောက်အကူပြုအဖွဲ့ ဝင်များအစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ များမှတာဝန်ရှိသူများအပြင်အလွှာပေါင်းစုံပါဝင်သောကြောင့်သက်ဆိုင်သူများအားလုံးနီးပါးတက်ရောက်သည်ဟုယူဆနိုင်ပါသည်။ ဆွေးနွေးပွဲသို့ တက်ရောက်ပြီးဖြေဆိုသူ(၃၀ဦး)ရှိပါသည်။
(တက်ရောက်သူများ၏အစည်းအဝေးတက်ရောက်ကြောင်းလက်မှတ်၊မှတ်တမ်းကိုပူးတွဲတင်ပြထားပါသည်။ လက်မှတ်ရေးထိုးသူနှင့်ဖြေကြားသူ၂၃ဦးသာရှိပါသည်။)

မေးခွန်းချုပ်ကိုဖြေဆိုရာတွင်ကန့်ကွက်သူမရှထောက်ခံမှုရရှိသည်ကိုတွေ့ ရှိရပါသည်။ Fullway Myanmar Clothing Co., Ltd၏ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့ နယ်ရွှေသံလွင်စက်မှုဇုန်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊မြေကွက်အမှတ်(၈၃)ရှိမြေ(၁. ၇၄)ဧကမြေပေါ်တွင်ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ်ဖြင့်အထည်ချုပ်ခြင်းလုပ်ငန်းကိုသဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနည်းနိုင်သမျှနည်းစေရန်နှင့်လျှော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနည်းပါးနိုင်ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန်လာနိုင်ကြောင်းကိုစီမံကိန်းအနီးနေထိုင်သူဒေသခံများသိရှိသဘောပေါက်ပြီးစီမံကိန်းအပေါ် ဒေသခံအများစုမှထောက်ခံသည်ကိုတွေ့ ရှိရပါသည်။

၃. ၄ သဘောထားမှတ်ချက်များ။

Stakeholders Meeting ကျင်းပခဲ့သည့်အစီအစဉ်အသေးစိပ်ဆွေးနွေးတင်ပြမှုများ၊ရှင်းလင်းပြောကြားမှုများ(အထက်တွင်ဖော်ပြထားသည့်အတိုင်း)နှင့်တက်ရောက်လာကြသူများ၏သဘောထားမှတ်ချက်များတစ်ဦးချင်းစီ၏စစ်တမ်းအဖြေများအပါအဝင်မှတ်တမ်းဓါတ်ပုံများတို့ကို(နောက်ဆက်တွဲတွင်)ပြည့်စုံစွာဖော်ပြထားပါသည်။
အချုပ်အားဖြင့်ယခုစီမံကိန်းသည်အနီးအနားတွင်နေထိုင်သူများအတွက်

- သဘာဝပတ်ဝန်းကျင်အားထိခိုက်နိုင်ခြင်းအပေါ် လျော့ချနိုင်ပါကြောင်းနှင့်
- လူမှုစီးပွါးရေးဆိုင်ရာထိခိုက်နိုင်မှုများမရှိခြင်းတို့ ကိုတွေ့ ရှိရပါသည်။ ထို့ အပြင်အလုပ်အကိုင်များပွင့်လင်းလာနိုင်သဖြင့်ဒေသဖွံ့ ဖြိုးရေးအတွက်သာမကဘဲ၊ နိုင်ငံတော်အတွက်ဝင်ငွေများတိုးတက်တိုးတက်လာမည်ကိုတွေ့ ရှိရပါသည်။

စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုနဲနိုင်သမျှနဲစေရန်နှင့်လျှော့ချသည့်စနစ်ကြောင့်ထိခိုက်မှုနဲပါးနိုင်ကြောင်းနှင့်လူမှုစီးပွါးရေးထိခိုက်ပျက်စီးနိုင်မှုမရှိနိုင်သည့်အပြင်ပိုမိုကောင်းမွန်လာနိုင်ကြောင်းကိုစီမံကိန်းအနီးနေထိုင်သူဒေသခံများသိရှိသဘောပေါက်ပြီးစီမံကိန်းအပေါ် ဒေသခံအများစုမှထောက်ခံသည်ကိုတွေ့ ရှိရပါသည်။

Stakeholders Meeting ကျင်းပခဲ့သည့်အစီအစဉ်အသေးစိပ်ဆွေးနွေးတင်ပြမှုများ၊ရှင်းလင်းပြောကြားမှုများနှင့်တက်ရောက်လာကြသူများ၏သဘောထားမှတ်ချက်များတစ်ဦးချင်းစီ၏စစ်တမ်းအဖြေများပေါင်းချုပ်အပါအဝင်မှတ်တမ်းဓါတ်ပုံများတို့ ပြည့်စုံစွာဖော်ပြထားပါသည်။

၃. ၅ တောင်းဆိုမှုများအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု။

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်အတွင်းလက်ခံရရှိသောအကြံပြုချက်များအပေါ် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ထားပါသည်။
ဇယား ၃-၂ တောင်းဆိုမှုများအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု။

စဉ်	တောင်းဆိုမှု	တောင်းဆိုမှုအပေါ် အရေးယူဆောင်ရွက်ပေးမှု
၁	အလုပ်ခန့်ထားရန်	အနီးအနားမှနေထိုင်သူများကိုဦးစားပေးခန့်ထားပေးခြင်း။
၂	ဒေသဖွံ့ဖြိုးရေးရံပုံငွေကူညီပေးရန်	ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်စေရန်နှစ်စဉ်ထုတ်လုပ်မှု၏ ၂%ကအသုံးပြုရန်သတ်မှတ်ထားပါသည်။

၃. ၆ ဒေသဖွံ့ဖြိုးရေးစီမံချက်

စီမံကိန်းဒေသဖွံ့ဖြိုးရေးအတွက်အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ထားပါသည်။

၁. စီမံကိန်းမှတာဝန်ရှိသူတစ်ဦးနှင့်ဒေသခံပြည်သူများမှစိတ်ပါဝင်စားသူများခြိတ်ဆက်ပါဝင်ပြီးဒေသဖွံ့ဖြိုးရေးများလုပ်ကိုင်နိုင်စေရန်အဖွဲ့၊ ဖွဲ့စည်းခြင်း၊လုပ်ငန်းတာဝန်ခွဲဝေခြင်း၊

၂. အဆိုပါအဖွဲ့၏ပုံမှန်နှင့်လိုအပ်သည့်အခါတိုင်းအစည်းအဝေးကျင်းပခြင်း၊လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊

၃. အောက်ပါဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်တာဝန်ခံတစ်ဦးစီထားရှိစေခြင်း၊

(က)လမ်းတည်ဆောက်မှုနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊

(ခ)လျှပ်စစ်မီးသွယ်တန်းမှုနှင့်အထွေထွေ၊

(ဂ)ပညာရေးဆိုင်ရာအသုံးစရိတ်နှင့်အလှူငွေများ၊

(ဃ)ဘာသာရေး၊သာရေး၊နာရေးကိစ္စများ၊

(စ)စီးပွါးရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊

(ဆ)ကျန်းမာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ၊

၄. သက်ဆိုင်ရာအာဏာပိုင်များနှင့်သာမကဘဲအများပြည်သူသိရှိနိုင်စေရန်အုပ်ချုပ်ရေးမှူးရုံးများတွင်လုပ်ငန်းဆောင်ရွက်မှုပြီးဆုံးမှုစသည့်အခြေအနေများကိုအစဉ်အမြဲသတင်းထုတ်ပြန်စေရန်၊

၇. ၇ သတင်းအချက်အလက်များထုတ်ပြန်ခြင်း။

အထက်ပါဆွေးနွေးခြင်း၊သဘောထားမှတ်ချက်များအပါအဝင်၊ယခုတင်ပြသည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကိုစက်ရုံ၏ကြေငြာသင်ပုန်း၊ကုမ္ပဏီနှင့်တတိယအဖွဲ့အစည်း၏ဝက်ပ်ဆိုက်တို့တွင်ဖော်ပြထုတ်ပြန်ထားမည်ဖြစ်ပါသည်။ ထို့အပြင်အနီးအနားတွင်နေထိုင်သူများနှင့်သက်ဆိုင်သူများမှစိမံကိန်းနှင့်ပတသက်သည်များကိုသိရှိအကြံပြုနိုင်ရန်အတွက်လည်းအောက်ပါအတိုင်းစီစဉ်ထားခဲ့ပါသည်။

၁. Fullway Myanmar Clothing Co., Ltd ၏ရုံးသို့လာရောက်မေးမြန်းခြင်းနှင့်သဘောထားများပေးပို့နိုင်ခြင်း။

၂. သက်ဆိုင်ရာမြို့နယ်၊ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှတဆင့်သော်ငှင်းပြည်နယ်/တိုင်းအစိုးရရုံးမှသော်ငှင်းသဘောထားနှင့်အကြံပြုချက်များကိုပေးပို့နိုင်ခြင်း။

ဇယား ၇-၃ အများပြည်သူအကြံပြုချက်နှင့်တာဝန်ခံမှုအစီအစဉ်။

စဉ်	အကြံပြုချက်နှင့်တိုင်တန်းမှုများကို လက်ခံဖြေရှင်းပေးမည့်အဖွဲ့အစည်း၊ ဆက်သွယ်ရန်	ဖြေရှင်းဆောင်ရွက်ရန်ကြာမည့်အချိန်ကာလနှင့် တုန့်ပြန်မည့်အစီအစဉ်
၁	Fullway Myanmar Clothing Co., Ltd, မြေကွက်အမှတ်(၈၃)၊မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ရွှေသံလွင် စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုံး/မိုဘိုင်း၊ ၀၉၄၂၁၀၉၄၂၉၀	အမြန်ဆုံးဖြေရှင်းပေးမည်။ လိုအပ်သည့်တုန့်ပြန်မှုများကိုတိုင်ကြားသူနှင့်ညှိနှိုင်းဆောင်ရွက်မည်။
၂	Kaung Kyaw Say Engineering Co.,Ltd အမတ် (၃၁) ပင်လုံရိပ်မွန် ၅ လမ်း၊ ပင်လုံရိပ်မွန်၊ သဃ်နိုး ကျွန်းမြို့နယ်၊ရန်ကုန်မြို့။ဖုံး။ ၀၁-၅၇၁၂၈၄ ၊ ၀၉၅၁၈၃၅၁၇ email; mdoffice@kaungkyawsay.com, kaungkyawsaymdoffice@gmail.com	စီမံကိန်းအတွက်ယခုတင်ပြသည့်အချက်အလက်၊တာဝန်ယူမှုများမှအပ အခြားသောကိစ္စများအတွက်တာဝန်မယူပါ။ တုန့်ပြန်ရန်လိုအပ်သည်များကိုအမြန်ဆုံးဆောင်ရွက်ပါမည်။

ဤကဲ့သို့ သဘောထားများပေးပို့ဆွေးနွေးနိုင်ရန်စီစဉ်ထားခြင်းကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချနိုင်ရန်အချက်အလက်များရရှိနိုင်ပြီးသက်ဆိုင်ရာတာဝန်ရှိသူများမှအစဉ်မပြတ်စောင့်ကြည့်သည့်အနေအထားတွင်ရရှိမည်ဖြစ်ပါသည်။

ကတိကဝတ်။

အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးမှုများနှင့်တောင်းဆိုမှုအပေါ်လိုက်နာဆောင်ရွက်ထားမှုများသည်အမှန်တကယ်ဆောင်ရွက်ထားပါကြောင်းကတိကဝတ်ပြုပါသည်။

၈. ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။

နည်းပညာ။
စီမံကိန်းဖော်ဆောင်မှုအတွင်းဆက်နွယ်လာသည့်ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာထိခိုက်မှုများနှင့်ထိခိုက်မှုလျှော့ချသည့် ဆောင်ရွက်ချက်များအပေါ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဖြစ်ပါသည်။ ယခုစီမံကိန်းသည်ပုံမှန်လုပ်ငန်းလည်ပတ်သည့် အဆင့်ဖြစ်သောကြောင့်၊စီမံကိန်းမစတင်မီနှင့်ဆောက်လုပ်ရေးကာလတို့အတွက်ချန်လှပ်ထားမည်ဖြစ်ပါသည်။ ယခုစီမံကိန်း၏ပုံမှန်လည်ပတ်လုပ်ကိုင်နေခြင်းကြောင့်ယာယီနှင့်ရေရှည်ထိခိုက်မှုများဖြစ်ပေါ်နိုင်သော်လည်း၊အချို့သောထိခိုက်မှုများကိုလျှော့ချနိုင်ပြီး၊လုံးဝဖျောက်ဖျက်မရနိုင်သည်များလည်းရှိနိုင်ပါသည်။

ယခုစီမံကိန်းကြောင့်ဖြစ်ပေါ်နိုင်သည့်ထိခိုက်မှုများကိုယေဘူယျအားဖြင့် ၂ပိုင်းခွဲခြားနိုင်ပါသည်။

၁. စီမံကိန်းတည်ဆောက်မှုကာလဆောက်လုပ်ရေးလုပ်ငန်းစဉ်များကြောင့်ယာယီသို့ မဟုတ်အချိန်တိုအတွင်း ထိခိုက်မှုများ။
၂. ရေရှည်သို့ မဟုတ်အမြဲတမ်းလုပ်ငန်းစဉ်များကြောင့်ထိခိုက်နိုင်မှုများ။

ထိခိုက်မှုများအပေါ်စီမံခန့်ခွဲမှုကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုအပေါ်စီမံခန့်ခွဲမှုအစီအစဉ်၊
၁) လေအရည်အသွေးအပေါ်စီမံထားရှိမှု
၂) ဆူညံသံအပေါ်စီမံထားရှိမှု
၃) ရေနှင့်စွမ်းအင်အသုံးပြုမှုအပေါ်စီမံထားရှိ
၄) စွန့်ပစ်ရေဆိုးအပေါ် စမံထားရှိမှု
၅) ယာဉ်သွားလာမှုအပေါ်စီမံထားရှိမှု
၆) စွန့်ပစ်အစိုင်အပေါ်စီစဉ်ထားရှိမှု
၇) ဒေသပေါက်ပင်နှင့်တိရိစ္ဆာန်များအပေါ်စီမံထားရှိမှု
၈) စိမးလနးစိုပြေရေးအပေါ်စီမံထားရှိမှု

လူမှုဆိုင်ရာထိခိုက်မှုများအပေါ်စီမံထားရှိမှု၊
၉) သက်မွေးဝမ်းကြောင်းမှုအပေါ်စီမံထားရှိမှု
၁၀) လုပ်ခွင်ကျန်းမာရေးနှင့်လုံခြုံစိတ်ချမှုအပေါ်စီမံထားရှိမှု
၁၁) အန္တရာယ်ရှိပစ္စည်းများအပေါ်စီမံထားရှိမှု
၁၂) အရေးပေါ်နှင့်ကယ်ဆယ်ရေးလုပ်ငန်းများအပေါ်စီမံထားရှိမှု

စီမံကိန်းကြောင့်ထိခိုက်မှုကြုံတင်ကာကွယ်ရေးနှင့်ထိခိုက်မှုလျှော့ချရေးဆောင်ရွက်ထားရှိမှုများပါဝင်သည့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုအောက်ပါအတိုင်းတင်ပြထားပါသည်။

Environmental Base line,

စီမံကိန်းကြောင့်ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများတွင်အောက်ပါတို့ သည်အခြေခံ Environmental Base Line အဖြစ်မှတ်ယူနိုင်ပြီးထိခိုက်မှုလျှော့ချရန်ကိုလည်းပူးတွဲဖော်ပြထားပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုအပေါ်စီမံခန့်ခွဲမှုအစီအစဉ်၊

၈.၁ လေထု(ဖုန်မှုန်များ)အပေါ်စီမံထားရှိမှု။

ရည်ရွယ်ချက်။
ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်များဖြစ်သည့် (ဖြတ်ညှပ်ခြင်း၊ချုတ်လုပ်ခြင်း) နှင့်ဒီဇယ်အင်ဂျင်လည်ပတ်မှုနှင့်မော်တော်ယာဉ်များသွားလာမှုစသည်တို့ကြောင့်ဖြစ်ပေါ်နိုင်သည့်လေထုညစ်ညမ်းမှုအပေါ်စီမံခန့်ခွဲရန်။

ဥပဒေဆိုင်ရာ၊မူဝါဒနှင့်လမ်းညွှန်များ။
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(စွန့်ထုတ်မှု)လမ်းညွှန်တို့ကိုလိုက်နာမည်ဖြစ်ပါသည်။

Table (4.2) **Air Emissions** (EQEG) (Environmental Quality Effluent Guide line)

Parameter	**Average Period**	**Guideline Value** mg/Nm^3
Nitrogen dioxides (NO_2)	1 Year 1-hour	40 200
Ozone	8 hour daily maximum	160
Particulate matter PM_{10}	1 year 24 hour	20 50
Particulate matter $PM_{2.5}$	1 year 24 hour	10 25
Sulfur dioxide (SO_2)	24 hours 10 minute	20 500

[a]Particulate metter 10 micro meters or less diameter
[b]Particulate metter 10 micro meters or less diameter

Table (4.3) For Small Combustion Facilities Emission Guidelines

Combustion Technology/Fuel	**Particulate Matter PM_{10}[a]**	**Sulfur Dioxide**	**Nitrogen Oxides**
Gas	1 Year 1-hour		40 200
Liquid	8 hour daily maximum		160
Natural gas (3-<15MW[g])	-	-	90[h] mg/Nm^3 210[i] mg/Nm^3
Natural gas (15-<50MW)	-	-	50 mg/Nm^3
Fuels other than natural gas (3-<15MW)	-	-	200[h] mg/Nm^3 310[j] mg/Nm^3
Fuels other than natural gas (15-<50MW)	-	-	150 mg/Nm^3
Gas	-	-	320 mg/Nm^3
Liquid	150 mg/Nm^3	150 mg/Nm^3	150 mg/Nm^3
Solid	150 mg/Nm^3	2,000 mg/Nm^3	650 mg/Nm^3

[a] Particulate matter 10 micrometers or less in diameter
[b] Spark ignition
[c] Milligrams per normal cubic meter at specified temperature and pressure
[d] Duel fuel
[e] Compression ignition

[f] Higher value applies if bore size >400mm
[g] Megawatt
[h] Electric generation
[I] Mechanical drive
[j] Includes biomass

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။

ယခုစီမံကိန်းတွင်လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အောက်ပါအတိုင်းစီစဉ်ထားပါသည်။

- စီမံကိန်းတည်ဆောက်ရေးကာလတွင်ပို့ ဆောင်ရေးမော်တော်ယာဉ်များအရှိန်လျှော့ဝင်ထွက်သွားလာရန် စီစဉ်ထားခြင်း၊
- တည်ဆောက်ရေးအတွက်အသုံးပြုသည့် စက်ယန္တရားများ၊ စက်များဖြင့်အုတ်မြစ်ချလုပ်ငန်းများလုပဆောင်ရာတွင် လိုအပ်ပါကရေဖြန်းခြင်း။
- ယာဉ်သွားလမ်းကြောင်းများကိုရေဖြန်းခြင်း။
- ချက်ပြုတ်မှုများကိုစနစ်တကျလုပ်ဆောင်စေခြင်း။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ။
သီးခြားခေါင်းစဉ်ဖြင့်အခန်းစ. ၉ တွင်ပြည့်စုံစွာဖော်ပြထားပါသည်။

ရံပုံငွေလျာထားချက်။	၁,၀၀၀,၀၀၀ (ကျပ်) နှစစဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို့) သီးခြားကန်ထရိုက်အဖွဲ့

စ. ၂ အသံပိုင်းဆိုင်ရာများအပေါ်စီမံထားရှိမှု။

ရည်ရွယ်ချက်။
ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်များဖြစ်သည့် (ဖြတ်ညှပ်ခြင်း၊ချုတ်လုပ်ခြင်း) နှင့်ဒီဇယ်အင်ဂျင်လည်ပတ်မှုနှင့်မော်တော်ယာဉ်များသွားလာမှုစသည်တို့ကြောင့်ဖြစ်ပေါ်နိုင်သည့်အသံဆူညံမှုအပေါ်စီမံခန့်ခွဲရန်။

ဥပဒေဆိုင်ရာ၊မူဝါဒနှင့်လမ်းညွှန်များ။
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(စွန့်ထုတ်မှု)လမ်းညွှန်တို့ကိုလိုက်နာမည်ဖြစ်ပါသည်။ (ဆူညံသံနှင့်ပတ်သက်၍မည်သည့်အသံကြိတ်နှုံး (db)ကိုလက်ခံကြောင်း NEQEG စံချိန်စံညွှန်းတွင်အောက်ပါအတိုင်းဖော်ပြထားပါသည်။)
ဇယား ၃-၄

Noise Level Guidelines		
	One Hour L_{Aeq} (dBA)	
Receptor	Daytime 07:00 – 22:00	Nighttime 22:00 – 07:00
Residential; Institutional; Educational	55	45
Industrial: Commercial	70	70

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။

စီမံကိန်းတခုလုံးအတွက်လိုအပ်သည့်လျှပ်စစ်ဓါတ်အားကိုလျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့မှရယူမည်ဖြစ်သော်လည်း လျှပ်စစ်ဓါတ်အားပြတ်လပ်သည့်အခါကိုယ်ပိုင်မီးစက်ဖြင့်လည်ပတ်ရန်စီစဉ်ထားသည်ကိုတွေ့ရှိရပါသည်။ အဆိုပါ မီးစက်ကြီးများ၏လည်ပတ်ချိန်တွင်ထွက်ရှိလာမည့်စက်လည်ပတ်မှုအသံသည်ကျယ်လောင်နိုင်သကဲ့သို့မရပ်မနား ထွက်ပေါ်လာမည့်အသံဆူညံချိန်သည်ပတ်ဝန်းကျင်အတွက်နားမခံနိုင်စရာထိခိုက်နိုင်မှုတစ်ခုအဖြစ်လေ့လာဆန်းစစ်မှု အရသိရှရပါသည်။ Power Generation မှထွက်ရှိသောဆူညံသံသည်အကြီးမားဆုံးပြဿနာဖြစ်ခြင်းကြောင့်ဆူညံသံလျှော့နည်းစေသောအကာအကွယ်များအသုံးပြုကာယံထားခြင်းစသည်တို့ဖြင့်ဆောင်ရွက်ထားပါသည်။
ယခုစီမံကိန်းတွင်ဆူညံသံကြောင့်ထိခိုက်မှုမဖြစ်ပေါ်စေရန်အောက်ပါအတိုင်းစီစဉ်ထားပါသည်။
အသံဆူညံမကြောင့်နားမခံမရပ်နိုင်ခြင်းမဖြစ်ပေါ်စေရန်အတွက် ပုံတွင်ဖေါ်ပြထားသည့်အတိုင်းလျှပ်စစ်ဓါတ်အားပေးစက်ကိုအသံလုံစနစ်ဖြင့်တည်ဆောက်ထားသည်ကိုတွေ့ရပါသည်။ အင်ဂျင်၏ Exhaust အထွက်တွင်လည်းအသံလုံစနစ်များတပ်ဆင်ထားပါသည်။






လက်ရှိအသုံးပြုနေသည့်အသံလုံမီးစက်ကိုပုံတွင်ပြထားသည့်အတိုင်းထားရှိအသုံးပြုသည်ကိုတွေ့ရပါသည်။ ထို့အပြင်လုပ်ငန်းခွင်လုပ်သားများအတွက်နားကြပ်ကိရိယာများတပ်ဆင်စေခြင်းဖြင့်အသံဆူညံမှုကြောင့်ထိခိုက်မှုကို ကာကွယ်နိုင်မည်ဖြစ်သည်။
ထုတ်လုပ်မှုများကိုနေ့အချိန်တွင်သာပြုလုပ်ပြီးညစနာရီထက်နောက်ကျစွာလုပ်ကိုင်ခြင်းမပြုပါ။စက်ရုံ၏ပုံမှန်လုပငန်းစဉ်များလည်ပတ်ရာတွင်စက်ချုပ်စက်များမှထွက်ရှိမည်အသံမှအပအခြားသောဆူညံသည့်အသံများနှင့်တုန်ခါမှုများထွက်လာမည်မဟုတပါ။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ။
သီးခြားခေါင်းစဉ်ဖြင့်အခန်း၈. ၉ တွင်ပြည့်စုံစွာဖော်ပြထားပါသည်။

ရံပုံငွေလျာထားချက်။	၅၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို့) သီးခြားကန်ထရိုက်အဖွဲ့

၈. ၃ စွန့်ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များဆိုင်ရာဆန်းစစ်စီမံထားရှိမှု။

ရည်ရွယ်ချက်။
စွန့်ပစ်အစိုင်အခဲတို့ကြောင့်ဖြစ်ပေါ်နိုင်သည့်ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများအတွက်စီမံခန့်ခွဲရန်။

ဥပဒေဆိုင်ရာ၊မူဝါဒနှင့်လမ်းညွှန်များ။
3R စနစ်ကိုအစဉ်လိုက်နာကျင့်သုံးသွားမည်ဖြစ်ပါသည်။


အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။

စွန့်ပစ်ရေဆိုး၊
စက်ရုံ၏ပုံမှန်လည်ပတ်မှုလမ်းစဉ်အရ အဝတ်အထည်ချုပ်လုပ်သည့်လုပ်ငန်းသာဖြစ်ပြီးဆေးဆိုး၊ပန်းရိုက်လုပ်ငန်းများမပါရှိသောကြောင့်ပတ်ဝန်းကျင်သို့ရေဆိုးများစွန့်ထုတ်ရန်မရှိပါ။သာမန်စွန့် ပစ်ပစ္စည်းနှင့်ရေဆိုးရေညစ်များသည်အောက်ပါအတိုင်းထွက်ရှိနိုင်ကြောင်း Process Flow ဆိုင်ရာမှတ်တမ်းများအရသိရှိနိုင်ပါသည်။

(က) ရေချိုးခန်း၊ရေအိမ်များမှထွက်ရှိသောအညစ်အကြေးများ၊
(ခ) မီးဖိုဆောင်များမှထွက်ရှိသောအညစ်အကြေးများ၊

အဆိုပါရေချိုးခန်း၊အိမ်သာများမှထွက်ရှိသောရေဆိုးရေညစ်များကိုပြင်ပသို့မစွန့်ထုတ်ဘဲSeptic Tank စံနစ်ကိုတပ်ဆင်တည်ဆောက်အသုံးပြုသိုလှောင်ထားပြီး၊တစ်နှစ်တစ်ကြိမ်ခန့် မြို့တော်စည်ပင်သို့ ဆက်သွယ်စွန့်ထုတ်ပါသည်။ (အဆိုပါစွန့်ထုတ်မှုကိုနောက်ဆက်တွဲဖော်ပြထားပါသည်။) မိုးရေ ကိုအဆောက်အဦပတ်လည်တွင်တည်ဆောက်ထားသည့် Interim Drain များမှတဆင့်အများပိုင်ရေမြောင်းသို့ သွယ် တန်းစွန့်ပစ်ပါသည်။



စွန့်ပစ်အစိုင်အခဲအမှိုက်။
စီမံကိန်းတစ်ခလုံးအနေဖြင့်အမှိုက်များကိုအလွယ်တကူသိမ်းဆည်းနိုင်သကဲ့သို့ အဝတ်ဖြတ်/ညှပ်စက်များမှထွက်ရှိသောဖြတ်၊ညှပ်စအမှိုက်များ၊အသုံးပြုပြီးစွန့်ပစ်အမှိုက်များဖြစ်သည့် စက္ကူ၊ ပုလင်းခွံ၊ သံဗူးနှင့်အခြားသောစွန့်ပစ်ပစ္စည်းများကိုသီးခြားစွန့်ပစ်စေ ပြီး၊စားကြွင်းစားကျန်တို့ကိုစွန့်ပစ်ရန်အတွက်နေရာထားရှိပါ သည်။ စွန့်ပစ်သည့်အညစ်အကြေးများကိုတနေ့ တာစွန့် ပစ်သည့်အမှိုက်များဝင်ဆန့်သည့်တွန်းလှည်းထားရှိ၍စု ဆောင်းပြီးCompactor ပါရှိသည့် Bin Center (စုပေါင်းအမှိုက် သိမ်းကန်)သို့စွန့်ပစ်ရန်စီစဉ်ထားရှိပါသည်။




အထက်ဖော်ပြပါအတိုင်းစွန့်ပစ်အမှိုက်နှင့်ရေဆိုးများကိုစနစ်တကျကိုင်တွယ်ရန်စီစဉ်ထားပါသဖြင့်သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနှင့်အခြားသောဘေးထွက်ဆိုးကျိုးများမပေးနိုင်ပါ။

Fullway Myanmar Clothing Co.,Ltd သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဝန်ထမ်းများနှင့်အတတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဆောင်ရွက်မှုများတွင်အမျိုးအစားအလိုက်လေအေးစက်များအပူချိန်ထိန်းခြင်း၊ မလိုအပ်သောမီးများအသုံးမပြုခြင်း၊ ရေသုံးစွဲမှုချွေတာခြင်း စသောအသေးစား (Small Scale)ဆောင်ရွက်ခြင်းမှအစ၊ Eco-Vehicles, Energy Saving Lights, Automatic Water tap စသောပစည်းများအစားထိုးတပ်ဆင်ခြင်းစသောအလယ်အလတ်ဆောင်ရွက်ခြင်းများအပါအဝင် LED မးချောင်းများတပ်ဆင်ခြင်း၊ ဆောင်ရွက်ထားပါသည်။






စွန့်ပစ်အစိုင်အခဲများအပေါ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။



ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုကိုဝန်ထမ်းများခန့်ထားခြင်းအပါအဝင်အောက်ပါအတိုင်းရံပုံငွေလျာထားပြီးလုပ်ကိုင်ပါသည်။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ။
သီးခြားခေါင်းစဉ်ဖြင့်အခန်း၈. ၉ တွင်ပြည့်စုံစွာဖော်ပြထားပါသည်။

ရံပုံငွေလျာထားချက်။	၂၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို့) သီးခြားကန်ထရိုက်အဖွဲ့

၈. ၄ အပင်နှင့်သဘာဝတိရိစ္ဆာန်များအပေါ်စီမံထားရှိမှု။

ရည်ရွယ်ချက်။
စီမံကိန်းဖော်ဆောင်မှုကြောင့်ဖြစ်ပေါ်နိုင်သည့်အပင်နှင့်တိရိစာန်များအပေါ်ထိခိုက်မှုများအတွက်စီမံခန့်ခွဲရန်။

ဥပဒေဆိုင်ရာ၊မူဝါဒနှင့်လမ်းညွှန်များ။
Management on Greening စနစ်ကိုအစဉ်လိုက်နာကျင့်သုံးသွားမည်ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။
စီမံကိန်းတည်ဆောက်သည့်မြေနေရာတွင်မူလကပင်စက်မှုဇုန်အတွက်သတ်မှတ်သည့်နေရာဖြစ်ပြီး၊စက်ရုံ၏မြေပိုမြေကက်များတွင်စိမ်းလန်းစိုပြေစေရန်ရည်ရွယ်ချက်ဖြင့်မြေပိုများတွင်အရိပ်ရအပင်များကိုပုံပါအတိုင်းစိုက်ပျိုးထားပါသည်။




ရံပုံငွေလျာထားချက်။	၂၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို့) သီးခြားကန်ထရိုက်အဖွဲ့

လူမှုဆိုင်ရာထိခိုက်မှုများအပေါ်စီမံထားရှိမှု၊

၈.၅ သက်မွေးဝမ်းကြောင်းအပေါ်ထိခိုက်မှု။

ရည်ရွယ်ချက်။
ယခုစီမံကိန်းကြောင့်ဒေသခံများ၏သက်မွေးဝမ်းကြောင်းအပေါ်ထိခိုက်မှုမရှိစေရန်။

ဥပဒေ၊မူဝါဒနှင့်စံချိန်စံညွှန်း။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။
အဆိုပြုစီမံကိန်းဖော်ဆောင်မှုကြောင့်အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်လာသောကြောင့်ဒေသခံများ၏အသက်မွေးဝမ်းကြောင်းမှုကိုထိခိုက်မှုမရှိသည့်အပြင်ပိုမိုကောင်းမွန်လာစေသောအပေါင်းလက္ခဏာအကျိုးကိုရရှိစေပါသည်။ ထို့အပြင်စက်ရုံအနီးတွင်စားသောက်ဆိုင်များ၊လွှက်ရည်ဆိုင်များ၊စတိုးဆိုင်များ၊စက်ဘီးပြင်ဆိုင်များအပြင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါလုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများပေါ်ပေါက်စေပါသည်။ အထက်ဖော်ပြပါတို့သည်တိုက်ရိုက်လုပ်ဆောင်မှုထက်သွယ်ဝိုက်အကျိုးပြုစေသကဲ့သို့စက်ရုံ၏အနီး၊ဝင်ပေါက်တို့တွင်နေ့လည်ထမင်းစားချိန်၌အစားအသောက်နှင့်သားရေဝလာရောက်ရောင်းချခြင်းကိုလည်းခွင့်ပြုပေးထားပါသည်။

ရံပုံငွေလျာထားချက်။	-
အဖွဲ့အစည်းနှင့်တာဝန်များ။	စီမံကိန်းဖော်ဆောင်သူ (ပိုင်ရှင်)

၈.၆ အလုပ်အကိုင်အခွင့်အလမ်းအပေါ်စီစဉ်ထားရှိမှု။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။
အဆိုပါစီမံကိန်းတွင်နိုင်ငံခြားသား(၉)ဦးနှင့်ပြည်တွင်းမှအထွေထွေမန်နေဂျာအပါအဝင်စီမံခန့် ခွဲရေးဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းများ(၃၇၃)ဦးပါဝင်သောလုပ်သားဦးရေစုစုပေါင်း (၃၈၂) ဦးလိုအပ်မည်ဖြစ်၍ဒေသခံနှင့်တကွ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပွင့်လင်းလာမည်ဖြစ်ပါသည်။ အဆိုပါဝန်ထမ်းအင်အားခန့် ထားမှုတွင် လည်းဒေသခံများကိုဦးစားပေးခန့်ထားမည်ဟုသိရှိရပါသည်။

ရံပုံငွေလျာထားချက်။	၂၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	စီမံကိန်းပိုင်ရှင်

၈.၇ လုပ်ငန်းခွင်လံခြုံရေးအပေါ်စီမံထားရှိမှု။


ရည်ရွယ်ချက်။
ယခုစီမံကိန်းကြောင့်လုပ်သားများ၏လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံစိတ်ချမှုအပေါ်ထိခိုက်မှုမရှိစေရန်။

ဥပဒေ၊မူဝါဒနှင့်စံချိန်စံညွှန်း။
လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံရေးဥပဒေအတိုင်းအစဉ်လိုက်နာသွားမည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။
အောက်ပါတို့သည် OHS အပေါ်အဓိကကြပ်မတ်ဆောင်ရွက်ရမည့်အချက်များဖြစ်ပါသည်။

သာမန်အားဖြင့်လုပ်ငန်းသဘောသဘာဝအရကြီးမားသောစက်ရုံအလုပ်ရုံများကဲ့သို့လုပ်ခွင်အန္တရယ်ကြီးမားမှုမရှိနိုင်ပါ။အန္တရာယ်ပေးအမှတ်အသားများကိုအောက်ပါအတိုင်းတပ်ဆင်ထားသည်ကိုတွေ့ ရှိရပါသည်။


Electric Shock Warning




Fire Warning

သို့ရာတွင်အသေးအမွှားမှအစကြီးမားသောထိခိုက်မှုအန္တရယ်များမဖြစ်စေရန်ပညာပေးမှုများအခါအားလျော်စွာပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

အထည်ချုပ်လုပ်ငန်းမှထွက်ရှိလာသောစွန့် ပစ်ပစ္စည်းများအား 3R စနစ်ဖြင့်အမှိုက်များအားလျှော့နည်းသည်ထက်လျှော့နည်းအောင်လျှော့ချသည့်နည်းလမ်းများဖြစ်သည့် (Reduce) ၊ စွန့်ပစ်လိုက်သည့်အမှိုက်များမှစွန့် ပစ်ပစ္စည်းအချို့ ကိုပြန်လည်အသုံးပြုသည့်နည်းလမ်း Reuse ၊စွန့် ပစ်လိုက်သည့်ပစ္စည်းကိမူလပုံစံအတိုင်းသို့ မဟုတ်နောက်ထပ်ပစည်းတမျိုးပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုသောနည်းလမ်း Recycle များအသုံးပြု၍နေ ထွက်ရှိသောအမှိုက်ပမာဏလျှော့နည်းစေရေးအတွက်စီမံချက်များကိုရေးဆွဲနိုင်ရန်အတွက်သက်ဆိုင်ရာအထူးပြုကုမ္ပဏီများသို့ ဆက်သွယ်လေ့လာခြင်း၊ နည်းပ

ညာများကိုအမြဲလေ့လာခြင်းများပြုလုပ်သွားမည်ဖြစ်သကဲ့သို့ သယံဇာတနှင့်သဘာ ဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနမှပေးပို့ လာမည့်နည်းပညာများ၊လမ်းညွှန်ချက်များကိုလည်းတိကျစွာလိုက်နာနိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ် ပါသည်။

လက်ရှိအချိန်မှစ၍ Recycling ပြုလုပ်နိုင်သောအမှိုက်များကိုစံနစ်တကျစွန့် ပစ်စေခြင်း၊ သန့် ရှင်းရေးဝန်ထမ်း များကိုလည်း မိမိတို့ သိမ်းဆည်းလာသည့်အမှိုက်များအားစုပေါင်းအမှိုက်စခန်းတွင်သီးခြားစွာစွန့် ပစ်စေပြီးအနံ့ များမထွက်စေရန်စနစ်တကျသိမ်းဆည်းစေပါသည်။

စီမံကိန်းစတင်သည့်အချိန်မှစ၍ Recycling ပြုလုပ်နိုင်သောအမှိုက်များကိုစံနစ်တကျစွန့် ပစ်စေခြင်း၊ သန့် ရှင်း ရေးဝန်ထမ်း များကိုလည်းမိမိတို့ သိမ်းဆည်းလာသည့်အမှိုက်များအားစုပေါင်းအမှိုက်စခန်းတွင်သီးခြားစွာစွန့် ပစ် စေပြီးအနံ့ များမထွက်စေရန်စနစ်တကျသိမ်းဆည်းစေမည်ဖြစ်ပါသည်။



ရံပုံငွေလျာထားချက်။	၂၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို) သီးခြားကန်ထရိုက်အဖွဲ့

၈.၈ ဆက်သွယ်မှုလမ်းများအပေါ်စီမံထားရှိမှု။

ရည်ရွယ်ချက်။
ယခုစီမံကိန်းကြောင့်ဆက်သွယ်မှုလမ်းကြောင်းအပေါ်ထိခိုက်မှုမရှိစေရန်။

ဥပဒေ၊မူဝါဒနှင့်စံချိန်စံညွှန်း။
လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံရေးဥပဒေအတိုင်းအစဉ်လိုက်နာသွားမည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။
ဤစီမံကိန်းသည်မူလကဝင်ထွက်လမ်းရှိပြီး(သို့) လမ်းမပေါ်ရှိမြေနေရာတွင်ယခုစီမံကိန်းကိုဆောက်လုပ်ခြင်းဖြစ်ပြီးမူလ လမ်းမြေပေါ်တွင်နေရာမယူပါ။မိမိပိုင်မြေပေါ်ကွင်သာတည်ဆောက်ထားသဖြင့်သွားလာရေးအတွက်ယခုစီမံကိန်းကြောင့် လမ်းပမ်းဆက်သွယ်မှုဆိုင်ရာထိခိုက်မှုမရှိနိုင်ပါ။






ရံပုံငွေလျာထားချက်။	၂၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို့) သီးခြားကန်ထရိုက်အဖွဲ့

၈.၉ စိမ်းလန်းစိုပြေရေးအတွက်စီမံထားရှိမှု။

ရည်ရွယ်ချက်။
ယခုစီမံကိန်းကြောင့်စိမ်းလန်းစိုပြေရေးအပေါ် ထိခိုက်မှုမရှိစေရန်။

ဥပဒေ၊မူဝါဒနှင့်စံချိန်စံညွှန်း။
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအတိုင်းအစဉ်လိုက်နာသွားမည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်။
ပုံမှန်လည်ပတ်ခြင်းအဆင့်အတွက်အစီအစဉ်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ။
စီမံကိန်းတည်ဆောက်မည့်နေရာ၏နယ်နိမိတ်အတွင်းရှိပြီးဖြစ်သောမူလအပင်ကြီးများကိုတတ်နိုင်သမျှထိခိုက်မှုမရှိစေဘဲချန်လှပ်၍ဆောက်လုပ်ထားပါသည်။
အထွေထွေအားဖြင့် စီမံကိန်းစက်ရုံအတွင်းသဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေစေရေးအတွက်အောက်ဖော်ပြပါအပင်များကိုစိုက်ပျိုးသွားရန်ရှိပါသည်။

၁. အဆောက်အဦးများ၏အနီးရှိမြေလွတ်များတွင်မြက်ခင်းများစိုက်ပျိုးခြင်း။
၂. မျက်နှာစာလမ်းဘေးနှင့်ပင်မလမ်းဘေးနှစ်ဘက်တွင်ခရေပင်၊ အော်ဒီးရှား (မလေးရှားပိတောက်)၊ ဆီသပြေ နှင့် စိန်ပန်းပင်များစိုက်ပျိုးခြင်း။
၃. မြေလွတ်များတွင်မိုးရာသီအပင်များစိုက်ပျိုးခြင်း။






ထို့အပြင်ဒေသခံအပင်များဖြစ်သည့် (၁)ပျဉ်းမပင် (၂)ကုက္ကိုလ်ပင် (၃) ပိတောက်ပင် (၄)ထီးရိုးဝါးပင် (၅)ဗန်ဒါပင် (၆)ဌက်ပျောပင် (၇)ထင်းရှူးပင် စသည်တို့ကိုလည်းသင့်တော်သလိုစိုက်ပျိုးသွားရန်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမရှိစေဘဲ စိမ်းလန်းစပြေစေရေးအတွက်မြက်နှင့်အခြားအပင်များစိုက်ပျိုးရာတွင် ပျိုးပင်များစုဆောင်းခြင်း၊ စိုက်ပျိုးခြင်းနှင့် အပင်များရှင်သန်ရေးအတွက်ထိမ်းသိမ်းခြင်းများကို စနစ်တကျ ဆောင်

ရွက်နိုင်ရန်ကြီးကြပ်ရေးအပါအဝင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ကိုအောက်ပါအတိုင်းဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဖော်ဆောင်ရေးအဖွဲ့။ (Environmental Managment Team)

(က) အထွေထွေမန်နေဂျာ	ဥက္ကဋ္ဌ
(ခ) မန်နေဂျာ (Operation Dept.)	အဖွဲ့ဝင်
(ဂ) မန်နေဂျာ (Engineering & Maintenance Dept.)	အဖွဲ့ဝင်
(ဃ) Product မန်နေဂျာ	အတွင်းရေးမှူး

စီမံချက်ပါလုပ်ငန်းများအဆင်ပြေချောမွေ့ရေးအတွက်အဖွဲဝင်များအချင်းချင်းတယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဆက်သားဖြင့်သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်သွားရန်လည်းစီမံထားရှိပါသည်။

သို့ဖြစ်ပါ၍သဘာဝပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာစေရေးစီမံချက်များနှင့်အကောင်အထည်ဖော်မှုများကိုအထွေထွေမန်နေဂျာ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်စီမံထားရှိပါသည်။

ရံပုံငွေလျာထားချက်။	၂၀၀,၀၀၀ (ကျပ်) နှစ်စဉ်
အဖွဲ့အစည်းနှင့်တာဝန်များ။	အီးအမ်ပီအဖွဲ့ (သို့) သီးခြားကန်ထရိုက်အဖွဲ့

၈. ၁၀ လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်၌ဆောင်ရွက်ရမည့်လုပ်ငန်းများ။

ယခုစီမံကိန်းစက်ရုံသည်ရေရှည်လုပ်ငန်းဖြစ်သော်လည်း၊အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ၊လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်အတွက်ဆောင်ရွက်ရန်လုပ်ငန်းများကိုအောက်ပါအတိုင်းစီစဉ်ထားပါသည်။ ရှေးဦးစွာလုပ်ငန်းပိတ်သိမ်းခြင်းအတွက်သက်ဆိုင်ရာအဖွဲ့အစည်းအာဏာပိုင်များသို့အကြောင်းကြားပြီးနိုင်ငံတော်၏တည်ဆဲဥပဒေနှင့်ပေါ်လစီများကိုလိုက်နာသွားမည်ဖြစ်ပါသည်။

ပုံ၁၀- လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်ဆင့်။



(၁)လုပ်ငန်းပိတ်သိမ်းရန်ဆုံးဖြတ်သေချာသည်နှင့်တပြိုင်နက်စက်ရုံ၏စီမံခန့်ခွဲမှုအဖွဲ့သည်သက်ဆိုင်ရာအဖွဲ့အစည်း၊အာဏာပိုင်များ၊လုပ်သားများအားလုံးသို့လုံလောက်သည့်ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်စေရန်ကြိုတင်အသိပေးကြေငြာရမည်ဖြစ်ပါသည်။

(၂)အမှိုက်များနှင့်ထိခိုက်နိုင်ခြေများကိုလုပ်ငန်းလုံးဝရပ်ဆိုင်းခြင်းမတိုင်မီကြိုတင်ပြင်ဆင်ရမည်ဖြစ်ပြီးကြွင်းကျန်များကြောင့်ထိခိုက်မှုမရှိစေရန်ဆောင်ရွက်ရမည်။

မှတ်ချက်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့်သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအပါအဝင်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့အနည်းဆုံးတစ်လခန့်ကြိုတင်လျက်လုပ်ငန်းပိတ်သိမ်းမည့်အစီအစဉ်ကိုအကြောင်းကြားရမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိမ်းသိန်းရေးလုပ်ငန်းစဉ်များစဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရေးအတွက်အဖွဲ့ နှင့်အသုံးစရိတ်လျာထားမှုကိုနှစ်စဉ်အမြတ်ငွေ၏နှစ်ရာခိုင်နှုန်းခန့်သုံးစွဲရန်ရံပုံငွေအဖြစ်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဇယား ၈-၁ ပတ်ဝန်းကျင်စီမံခန့်ခွဲသည့်အစီအစဉ် (ဆောက်လုပ်ရေးကာလ)

အမျိုးအစား	အချက်အလက်	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	တာဝန်ခံ
ညစ်ညမ်းမှု	လေအရည်အသွေး	-လေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း။	စီမံကိန်းပိုင်ရှင်(သို့) SPC
	ရေ အရည်အသွေး	ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း။	စီမံကိန်းပိုင်ရှင်(သို့) SPC
	စွန့်ပစ်ပစ္စည်း	စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲရန်နှင့် 3R စနစ်ကျင့်သုံးခြင်း။	စီမံကိန်းပိုင်ရှင်
	စွန့်ပစ်အရည်	Septic Tankတပ်ဆင်ထားသော်လည်းပြင်ပသို့စွန့်ပစ်အရည်များစွန့်ပစ်ခြင်း၊စိမ့်ထွက်ခြင်းမရှိရန်စောင့်ကြည့်ရန်။	စီမံကိန်းပိုင်ရှင်
	မြေဆီလွှာထိခိုက်မှု	စက်ဆီချောဆီများမြေပေါ် သို့ဖိတ်စဉ်မှုမရှိစေရန်ထိန်းသိမ်းခြင်း။	SPC
သဘာဝပတ်ဝန်းကျင်	အသံနှင့်တုန်ခါမှု	အသံနှင့်တုန်ခါမှုတိုင်းတာစစ်ဆေးခြင်း။ မော်တော်ယာဉ်များသွားလာမှုအရှိန်လျော့ချသွားလာစေရန်။	Tenants စက်ရုံတွင်းနေထိုင်သူ
	မြေနိမ့်ဆင်းမှု	မြေနိမ့်ဆင်းမှုစောင့်ကြည့်ရန်။	စီမံကိန်းပိုင်ရှင်
လူမှုဝန်းကျင်	အနှောင့်အယှက်ပြုအနှံ	အနှောင့်အယှက်ပြုအနှံမရှိစေရန်ထိန်းချုပ်ရန်။	Tenants စက်ရုံတွင်းနေထိုင်သူ
	အောက်ခြေအနယ်ထိုင်မှု	အောက်ခြေအနယ်ထိုင်မှုမဖြစ်စေနိုင်ရန်စွန့်ပစ်အရည်များမပစ်ရန်။	စီမံကိန်းပိုင်ရှင်
	အပင်၊သတ္တဝါနှင့် မျိုးပွါးကွဲပြားမှု	အပင်၊သတ္တဝါနှင့်မျိုးပွါးကွဲပြားမှုစောင့်ကြည့်ထိန်းသိမ်းခြင်း။	စီမံကိန်းပိုင်ရှင်
အခြား	ဇလဗေဒအခြေအနေ	ဇလဗေဒအခြေအနေပေါ် ထိခိုက်မှုမရှိစေရန်စောင့်ကြည့်ထိန်းသိမ်းရန်။	စီမံကိန်းပိုင်ရှင်
	နေထိုင်မှုနှင့်အသက်မွေးမှု	အလုပ်အကိုင်များပွင့်လင်းစေခြင်း။	စီမံကိန်းပိုင်ရှင်

ဇယား ၈-၂ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်ရံပုံငွေလျာထားချက် (ပုံမှန်လည်ပတ်စဉ်ကာလ)

အမျိုးအစား	အချက်အလက်	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ)	အကြိမ်အစီအစဉ် ရံပုံငွေ (အမေရိကန်ဒေါ်လာ)	တာဝန်ခံ
ညစ်ညမ်းမှု	လေအရည်အသွေး	- လေအရည်အသွေးတိုင်းတာစစ်ဆေးရန်။ -ယာဉ်သွားလာသည့်နှုန်းလျော့ချရန်၊	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	ရေ အရည်အသွေး	-ရေဆွေတာသည့်စနစ်တပ်ဆင်အသုံးပြုရန်၊ -စွန့်ပစ်ရေစောင့်ကြည့်ရန်၊	နေ့စဉ် (၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	စွန့်ပစ်ပစ္စည်း	-3Rs.စနစ်ကိုအမှိုက်အားလုံးအတွက်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသုံးပြုစုရန်။	နေ့စဉ် (၁၀၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	မြေဆီလွှာထိခိုက်မှု	- စက်ဆီ၊ချောဆီများမြေပေါ် သို့ဖိတ်စဉ်မှုများမဖြစ်ပေါ် စေရန်	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	အသံနှင့်တုန်ခါမှု	အသံနှင့်တုန်ခါမှုကိုစောင့်ကြည့်ရန်မီးစက်တွင်းအသံထိန်းကိရိယာတပ်ဆင်ထားပါသည်။ညအချိန်လုပ်ကိုင်မှုမပြုရန်၊ မော်တော်ယာဉ်အရှိန်လျော့ချမောင်းနှင်းစေရန်	နေ့စဉ် (၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	မြေအောက်နိမ့်ဆင်းမှု	- မူလမြေအောက်ရေ၏အနေအထားကိုမထိခိုက်စေရန် အတွက်အဝီစိတွင်းကိုထမ်းသိမ်းရန် အတွက်သုံးရေချေတာသုံးစွဲခြင်း။	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	အနှောင့်အယှက်ပြုအနှံ	- နေထိုင်သူများ၏ချက်ပြုတ်မှုကြောင့်အနှောင့်အယှက်ပြုအနှံ များမဖြစ်ပေါ် စေရန်စည်းကမ်းတင်းကြပ်ထားရမည်။	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
	အောက်ခြေအနယ်ထိုင်မှု	- စက်ရုံမှထွက်ရှိသောအညစ်အကြေးများသည်အမျိုးသားစံချိန်မီစွန့်ပစ်ရန်လိုအပ်ပါသည်။	နေ့စဉ် (၁၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
သဘာဝပတ်ဝန်းကျင်	အပင်၊သတ္တဝါနှင့် မျိုးပွါးကွဲပြားမှု	- နေရာလွတ်များတွင်(သို့)ပန်းအိုးများဖြင့်အပင်များစိုက်ပျိုးရန်၊မျက်ခင်းများပြုလုပ်ရန်။	နေ့စဉ် (၉၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC

	ဇလဗေဒအခြေအနေ	- သင့်တော်သည့်ရေကန်ပြုလုပ်ပြီးမိုးရေစုဆောင်းပြီးအပင်ရေလောင်းခြင်းဖြင့်ရေ သုံးမှုလျော့ချနိုင်သည်။	နေ့စဉ် (၁၀၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
လူမှုဖန်းကျင်	နေထိုင်မှုနှင့်အသက်မွေးမှု	ဒေသခံများအတွက်အလုပ်အကိုင်များဦးစားပေးခန့်အပ်ပါသည်။ Livelihood ပိုမိုကောင်းမွန်လာပါသည်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	လက်ရှိလူမှုအဆောက်အအုံနှင့်သွားလာမှု	မူလရှိပြီးလမ်းများမထိခိုက်စေရန်နှင့်ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ရန်လိုပါသည်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	ရေသုံးစွဲမှု	ရေအသုံးချမှုအစဉ်ထိန်းသိမ်းရန်လိုအပ်သည်	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	AIDS/HIV ကဲ့သို့သောကူးစက်ရောဂါများ	- ရောဂါများကူးစက်မှုမရှိစေရန်ကာကွယ်ခြင်း၊ပညာပေးခြင်းအားဖြင့်ထိန်းချုပ်နိုင်ပါသည်	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု	- လုပ်သားများလုပ်ခွင်ကျန်းမာရေး (OHS)ကိုအစဉ်လုပ်ဆောင်ပေးခြင်း	နေ့စဉ် (၅၀၀/၃လစာ)	စီမံကိန်းပိုင်ရှင်(သို့) SPC
အခြား	မတော်တဆထိခိုက်မှု	- စီမံကိန်းအတွင်းအပြင်တို့၌မတော်တဆထိခိုက်မှုများမဖြစ်စေရန်စီစဉ်ထားရမည်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC
	ကမ္ဘာ့ပူနွေးမှု	- စွမ်းအင်ချွေတာသည့် LED Lamp, Door Lock and Switch Card စသည်တို့တပ်ဆင်အသုံးပြုပြီးစွမ်းအင်သုံးစွဲမှုလျော့ချရန်။ - စီမံကိန်းကြောင့် GHGs emission လျော့ချရန်	တစ်ကြိမ် (၁၀၀၀)	စီမံကိန်းပိုင်ရှင်(သို့) SPC
	ဘေးအန္တရာယ်ကာကွယ်မှု	- ဒေသဆိုင်ရာအစိုးရနှင့်ပူးပေါင်းလုပ်ဆောင်ရန်	လိုအပ်သလို	
သိုလှောင်မှုနှင့်သယ်ဆောင်မှု	လောင်စာဆီ	- လောင်စာဆီ၊ချောဆီများကိုမီးမလောင်စေရန်နှင့်မီးသတ်ဆေးဘူးများထားရှိရန်။ -မြေပြင်ပေါ် သို့ဖိတ်စဉ်မှုမရှိစေရန်အထူးဂရုပြုဆောင်ရွက်ရန်။	နေ့စဉ်	စီမံကိန်းပိုင်ရှင်(သို့) SPC

၈.၁၁ စောင့်ကြပ်ကြည့်ရှုသည့်အစီအစဉ်များ

အထည်ချုပ်စက်ရုံဆောက်လုပ်ကိုင်ခြင်းသည်သာမန်အားဖြင့်လွယ်ကူသော်လည်းယခုစီမံကိန်းကဲ့သို့ နိုင်ငံတကာအဆင့်မှီအထည်ချုပ်လုပ်ခြင်းအတွက်မူပတ်ဝန်းကျင်ထိခိုက်မှုမရှိရေးနှင့်ထိခိုကမှုလျော့ချနိုင်ရေးတို့ ကိုနိုင်ငံတကာအဆင့်မီသတ်မှတ်ချက်များနှင့်အညီစစ်ဆေးခြင်းများပြုလုပ်၍ လုပ်ငန်းများဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိန်းရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များအရစောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်စနစ်၊ ပတ်ဝန်းကျင်ထိခိုက်မှုစီမံခန့် ခွဲမှုအစီအစဉ်၊ စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်များကိုအောက်ပါအတိုင်းအခါအားလျော်စွာလုပ်ဆောင်ပြီးသက်ဆိုင်ရာမှတ်တမ်း၊အထောက်အထားစာရွက်စာတမ်းများနှင့်အတူဝန်ကြီးဌာနသို့ တင်ပြရန်လမ်းညွှန်ထားမှုအား၊ သက်ဆိုင်ရာစီမံကိန်းဖေါ်ဆောင်သူသို့ ဤအစီရင်ခံစာမိတ္တူကိုပေးပို့ ထားမည်ဖြစ်ပါသည်။

ယခုစီမံကိန်းအတွက်ဘေးအန္တရယ်ကင်းရှင်းရေးနှင့်လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးနှင့်ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချနိုင်ရေးတို့ အတွက်လိုအပ်သောဆောင်ရွက်မှုများကိုနိုင်ငံတကာအဆင့်မီသတ်မှတ်ချက်များနှင့်အညီစစ်ဆေးခြင်းများကိုခံယူ၍လုပ်ငန်းများဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ထို့ အပြင်အထက်ဖေါ်ပြပါပတ်ဝန်းကျင်ထိခိုက်မှုများနည်းနိုင်သမျှနည်းစေရန်ထိန်းသိမ်းမှုများနှင့်လုပ်ဆောင်မှုများကိုစောင့်ကြည့်ရန်အဖွဲ့ ဖွဲ့ စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စောင့်ကြည့်လေ့လာသည့်အစီအစဉ်များကိုအဖွဲ့ အစည်းဖြင့်တိကျစွာသတ်မှတ်ထားမည်ဖြစ်ပါသည်။

အဆိုပါစောင့်ကြည့်မှုအစီအစဉ်များတွင်လေအရည်အသွေး၊ရေအရည်အသွေး၊စွန့် ပစ်ပစ္စည်း၊အသံ၊ အနံ့၊ ဓါတု ပစ္စည်း၊ လေ့ကျင့်သင်ကြားမှုများပါဝင်မည်ဖြစ်ပါသည်။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ် (လုပ်ငန်းလည်ပတ်သည့်ကာလ)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီးပြောင်းလဲမှုများကိုသိရှိနိုင်ရန်စောင့်ကြည့်တိုင်းတာရမည့်ပါရာမီတာများနှင့်တိုင်းတာရမည့်အစီအစဉ်များလိုအပ်ပါသည်။ အဆိုပါတိုင်းတာမှုများတွင်အရေးပါသည့်အခြေခံအချက်အလက်များ၊စံချိန်စံညွှန်းများကိုသေချာစွာကောက်ယူမှတ်တမ်းထားရှိရန်လည်းလအပ်ပါသည်။

အောက်ပါဇယားများသည်တိုင်းတာရမည့်နည်းစနစ်၊ပါရာမီတာ၊အစီအစဉ်၊နေရာနှင့်အချိန်ကာလစသည်တို့ကိုဖော်ပြထားပါသည်။

Noise

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Factory							
2	Car Parking							
3	Surrounding							

Water & Waste Water

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Factory							
2	Car Parking							
3	Surrounding							

Air

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Factory							
2	Car Parking							
3	Surrounding							

Solid Waste

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Factory							
2	Car Parking							
3	Surrounding							

ထို့အပြင်အထက်ဖော်ပြပါပတ်ဝန်းကျင်ထိခိုက်မှုများနည်းနိုင်သမျှနည်းစေရန်ထိန်းသိမ်းမှုများနှင့်လုပ်ဆောင်မှုများကိုစောင့်ကြည့်ရန်အဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စောင့်ကြည့်လေ့လာသည့်အစီအစဉ်များကိုအခန်း(၆)ပါအတိုင်းဖွဲ့စည်းသတ်မှတ်ထားရမည်ဖြစ်ပါသည်။

စောင့်ကြပ်ကြည့်ရှုရမည့်ထိခိုက်နိုင်မှုများအတွက်တိုင်းတာရမည့်ပါရာမီတာ၊နည်းစနစ်၊အစီအစဉ်နှင့်နေရာတို့ကိုအောက်ပါဇယားများဖြင့်ဖော်ပြထားပါသည်။

Noise

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Surrounding of Project Area	Traffic(Car Parking, loading/Unloading), Dredger	Noice	Sound Level	dB	Sound Level Meter		Daily

Water & Waste Water

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Surrounding	Drain/Car Wash	Waste Water	Flow rate	BOD, COD	Lab Analysis	Person In charge	Daily, Weekly or Monthly

Air

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Surrounding	Vehicle Exhaust	Air	Exhaust Air Temp/Pressure	Ordor level	Lab Analysis	Person In charge	Daily, Weekly, Monthly

Solid Waste

No	Point of Pollution	Cause	Affected	Parameter	Indication	Method	Person	Duration
1	Surrounding	Tree leaves	Solid Waste	Volume/Weight	Volume	Visual, Weight Measurement	Person In charge	Daily, Weekly, Monthly

တိုင်းတာစောင့်ကြည့်ရမည့်အချက်များ၊နေရာများ၊အကြိမ်များနှင့်တာဝန်ခံအဖွဲ့ အစည်းများအားမဆောက်လုပ်မီကာလ၊ဆောက်လုပ်ရေးကာလ၊လည်ပတ်မှုကာလအလိုက်လုပ်ဆောင်ရမည်ဖြစ်သော်လည်းယခုစီမံကိန်းသည်တည်ဆောက်ပြီးဖြစ်သဖြင့်ပတ်ဝန်းကျင်စောင့်ကြည့်မှုအစီအစဉ်ကို အောက်ပါအတိုင်းဖော်ပြထားပါသည်။ တာဝန်ခံအဖွဲ့အစည်းသည်စောင့်ကြည့်တင်းတာမှုနှင့်ရလဒ်များအားပြင်ဆင်မှုအတွက်တာဝန်ရှိသည်။
အချိန်အခါအားလျော်စွာနှင့်အရေးပေါ် အစီရင်ခံစာများပေးပို့နိုင်ရန်လည်းသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အထောက်အကူပြုအဖွဲ့များသို့ညွှန်ကြားထားချက်များယခုအစီရင်ခံစာတွင်ပါရှိပါသည်။ အသံ၊ရေစွန့်ပစ်အရည်စသည်တို့ကိုမည်သည့်အချက်များ၊မည်သို့တိုင်းတာရမည်စသည်တို့ကိုလည်းအောက်ပါအတိုင်းဖော်ပြထားပါသည်။

အသံ

စဉ်	ညစ်ညမ်းသည့်နေရာ	အကြောင်းရင်း	ထိခိုက်မှု	ပါရာမီတာ	အညွှန်း	နည်းစနစ်	လူ	ကာလ
၁	စီမံကိန်းအနီးဝန်းကျင်	Traffic(Car Parking, loading/Unloading) Grinding, Polishing	အသံ	Sound Level	dB	Sound Level Meter	တာဝန်ရှိသူ	နေ့စဉ်

လေ၊ရေထုညစ်ညမ်းမှု၊အမှိုက်စသည့်အချက်အလက်များကိုနေရာအလိုက်အချိန်အလိုက်ကောက်ယူရမည်ဖြစ်ပြီး၊ကောက်ယူသူသည်ဆောက်လုပ်မှုမစတင်မီဆောက်လုပ်ဆဲနှင့်ပုံမှန်စက်လည်ပတ်မှုကာလတို့အတွက်အစဉ်လိုက်ကောက်ယူရမည်။ (မှတ်ချက်)။ ။စီမံကိန်းဒေသသို့ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင်ယခုစီမံကိန်းသည်ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီး၍ပုံမှန်လုပ်ငန်းလုပ်ကိုင်နေပြီဖြစ်ပါသည်။

ဇယား ၈-၃ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (ပုံမှန်လည်ပတ်စဉ်ကာလ)

အမျိုးအစား	အချက်အလက်	တိုင်းတာမည့်နေရာ	တိုင်းတာသည့်အကြိမ်	တာဝန်ယူသည့်အဖွဲ့	ရံပုံငွေလျာထားချက် (ကျပ်)
Common	Monitoring of mitigation measures	စက်ရုံအတွင်းအပြင်	တစ်နှစ်လေးကြိမ် (၃နှစ်လည်ပတ်ပြီး)	Monitoring Team or SPC	၂၀၀,၀၀၀
လေအရည်အသွေး	$PM_{2.5}$ $PM_{10,}$ VOC, HCHL	စက်ရုံအတွင်း(ညပ်၊ချုတ်) မီးစက်မော်တော်ယာဉ်ဝင်ထွက်ခြိုန်	မိုးရာသီနှင့်နွေရာသီ တစ်ကြိမ်စီ	Monitoring Team or SPC	၂,၀၀၀,၀၀၀
ရေအရည်အသွေး	pH, SS, DO, BOD, COD, oil & grease, chromium	စက်ရုံအတွင်းရှိ အဝိစိတွင်းရေသောက်ရေ	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၅၀,၀၀၀
စွန့်ပစ်ပစ္စည်း	Amount of solid waste Management of solid waste of construction	စက်ရုံအတွင်းအပြင် စားသောက်ခန်း	သုံးလတစ်ကြိမ်	လုပ်သားများ	၅၀,၀၀၀
မြေဆီလွှာထိခိုက်မှု	Status of control of solid and liquid waste which causes soil contamination	စက်ရုံအတွင်းအပြင် မြေလွတ်များ	တစ်နှစ်တစ်ကြိမ်	လုပ်သားများ	၅၀,၀၀၀
ဆူညံသံနှင့်တုန်ခါမှု	Noise & Vibration level	စက်ရုံအတွင်း ချုတ်ခန်း၊မီးစက်	အမြင့်ဆုံးအချိန် (ခြောက်လအတွင်း)	Monitoring Team or SPC	၂၀၀,၀၀၀
မြေနိမ့်ကျဆင်းမှု	Ground elevation	စက်ရုံအတွင်းအပြင်	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၂၀၀,၀၀၀

မသတီစရာအနံ့	Status of offensive odor control by tenants	စက်ရုံအတွင်းအပြင် မီးစက်၊မီးဖိုချောင်	တစ်နှစ်နှစ်ကြိမ်	လုပ်သားများ	၁၀၀,၀၀၀
အနယ်ထိုင်မှု	Combine with water quality	စက်ရုံအတွင်းအပြင်	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၂၀၀,၀၀၀
ဇလဗေဒ	Consumption of ground water amount	စက်ရုံဧရိယာ	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၅၀၀,၀၀၀
ရေအသုံးချမှုနှင့်ဇလဗေဒ	Combine with ground subsidence monitoring	စက်ရုံအတွင်းအပြင်	တစ်နှစ်တစ်ကြိမ်	Monitoring Team or SPC	၅၀၀,၀၀၀
Risk for infectious disease such as AIDS/HIV	Status of measures of infection disease	လုပ်သားအားလုံး	တစ်လတစ်ကြိမ်	Monitoring Team or SPC /Tenants	၂၀၀,၀၀၀
လုပ်ခွင်အခြေအနေ (including occupational safety)	Working condition with safety and health	စက်ရုံအတွင်းလုပ်ခွင်	တစ်လတစ်ကြိမ်	Monitoring Team or SPC	၂၀၀,၀၀၀
မတော်တဆထိခိုက်မှု	Existence of accident	စက်ရုံအတွင်းလုပ်ခွင်	ဖြစ်ပျက်သည့်အခါတိုင်း	လုပ်သားများ	၂၀၀,၀၀၀

မှတ်ချက်။ ။ EIA procedure အပိုဒ်၁၀၈ အရစီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကိုဝန်ကြီးဌာနသို့၆လတစ်ကြိမ်(သို့)ဝန်ကြီးဌာနကသတ်မှတ်ထားသည့်အတိုင်းတင်ပြပါမည်။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက်သုံးစွဲမည့်ရံပုံငွေလျာထားချက်။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကိုယေဘူယျအားဖြင့်၂မျိုးခွဲထားပြီး(၁)လေထုညစ်ညမ်းမှု၊အသံဆူညံမှုနှင့်ရေအရည်အသွေးတိုင်းတာခြင်း(၂)အထွေထွေနှင့်အခြားသောသယ်ယူပို့ဆောင်ခြင်းတို့အတွက်သုံးစွဲမည့်ရံပုံငွေအဖြစ်လျာထားပါသည်။ နှစ်စဉ်အကျိုးအမြတ်၏၂%ကိုအသုံးပြုရန်သတ်မှတ်ထားပါသည်။

ဇယား ၈-၄ စောင့်ကြပ်ကြည့်ရှုခြင်းအတွက်ခန့်မှန်းကုန်ကျငွေဇယား။

No.	Description	Budget Allotments (Ks)/one package
1	Sampling Cost including containers	10,000
2	Measuring Cost , Lab Tests (air, dust, noise, waste water etc.)	50,000
3	Logistics	20,000

မှတ်ချက်။ ။သတ်မှတ်ရံပုံငွေဖြင့်လုံလောက်မှုမရှိပါအနီးစပ်ဆုံးသော ဘီအိုဒီ အစည်းအဝေးသို့တင်ပြတောင်းခံသုံးစွဲရန်ဖြစ်ပါသည်။
တိုင်းတာရရှိသည့်အချက်များကိုအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရေအသွေးလမ်းညွှန်(စွန့်ထုတ်အရည်)၏တန်ဖိုးများနှင့်ဆက်စပ်စစ်ဆေးရန်လိုပါသည်။
အောက်ဖော်ပြပါစံချိန်စံညွှန်းများကိုနိုင်းယှဉ်စစ်ဆေးသွားရမည်ဖြစ်ပါသည်။

ဇယား ၃-၂ **Indicative Guideline for Treated Sanitary Sewage Discharge** (National Environmental Quality (Effluent) Guide Line)

Parameter	**Unit**	**Guideline Value**
BOD	mg/L	<30
COD	mg/L	<125
Oil & Grease	mg/L	<10
pH	S.U	6~9
Total Coliform Bateria	MPN[a]/100ml	400[b]
Total Nitrogen	mg/L	10
Total Phosphorus	mg/L	2
Total Suspended Solids	mg/L	<50

[a] MPN=Most Probable Number
[b]Not applicable to centralized, municipal water treatment systems

ဇယား ၃-၃ **Air Emissions** (WHO Ambient Air Quality guide line)

Parameter	Unit	Guideline Value
Sulfur dioxide (SO_2)	mg/Nm^3	500
Nitrogen dioxides (NO_2)	mg/Nm^3	600
Particulate matter PM_{10}	mg/Nm^3	100
Particulate matter $PM_{2.5}$	mg/Nm^3	30
Ozone	mg/Nm^3	160

[a]Total metals are Arsenic, Lead, Cobalt, Chromium, Copper, Manganese, Nickel, Vanadium and Antimony

EIA Procedure အပိုဒ် ၁၀၈ အရ စီမံကိန်းအဆိုပြုသူသည်၊ ယခုတင်ပြသည့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ စောင့်ကြပ်ကြည့်ရှုမှုဇယားပါအတိုင်း၊ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကိုဝန်ကြီးဌာနသို့ ၆လတစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနကသတ်မှတ်သည့်အတိုင်းတင်ပြသွားမည်ဖြစ်ပါသည်။


၈.၁၂ ကျန်းမာရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအစီအစဉ်။

လုပ်ငန်းကြောင့်ဖြစ်ပေါ်နိုင်သည့်ဘေးအန္တရာယ်များ။
လုပ်ငန်းတွင်လုပ်ကိုင်သည့်လုပ်ငန်းကြောင့်ဖြစ်ပေါ်နိုင်သည့်မတော်တဆထိခိုက်နိုင်မှုများသည်ပိတ်စည်ပတ်သည့်နေရာတွင် လက်ထိန်ိုင်ခြင်း၊ စက်ချုပ်အပ်ဖြင့်လက်ကိုထိုးမိနိုင်ခြင်း၊ကြယ်သီးရိုက်စက်တွင်လက်ညှပ်မိနိုင်ခြင်း၊လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း၊ဓာတ်လိုက်နိုင်ခြင်းစသည်တို့ဖြစ်ပေါ်နိုင်ပါသည်။

လုပ်သားများ၏လုပ်ငန်းခွင်ကျန်းမာရေးနှင့်ပတ်သက်၍စီစဉ်ထားမှုများ။
လုပ်သားများ၏လုပ်ငန်းခွင်ကျန်းမာရေးနှင့်ပတ်သက်၍အောက်ပါအတိုင်းစီစဉ်ထားရှိပါသည်။

၁. ကြည်လင်သန့်ရှင်းသောသောက်ရေသန့်များစီစဉ်ထားခြင်း၊
၂. ကျန်းမာရေးနှင့်ညီညွတ်စေရန်သန့်စဉ်ခန်းများကိုကျား/မခွဲခြားထားရှိခြင်း၊
၃. သန့်ရှင်းကျယ်ပြန့်သောလုံလောက်သောအကျယ်အဝန်းရှိသည့်ထမင်းစားခန်းများစီစဉ်ထားရှိခြင်း၊
၄. လုပ်သားများအားကျန်းမာရေးနှင့်လုပ်ခွင်အန္တရာယ်ကင်းရှင်းရေးများကိုအသိပညာပေးခြင်း၊လိုအပ်သလိုနို့တစ်ဘုတ်များတွင်ကြေငြာခြင်း၊
၅. လုပ်ငန်းခွင်ဌာနစိတတိုင်းတွင်အရေးပေါ်ဆေးသေတ္တာထားရှိပေးခြင်း၊
၆. ဆေးခန်းနှင့်သူနာပြုဆရာမထားရှိပေးခြင်း၊

စက်ရုံအတွင်းလေဝင်လေထွက်ကောင်းမွန်စေရန်အတွက်စက်ရုံဝင်ပေါက်တံခါးကြီးများနှင့်ပြတင်းပေါက်များကိုလုံလောက်စွာတပ်ဆင်ထားပါသည်။





အပူဒဏ်လျှော့ပါးစေရန်အတွက်စက်ရုံ၏အမိုးကိုမြင့်မားစွာတည်ဆောက်ထားပြီးလေဝင်ထွက်ပေါက်များကိုလည်းနံရံတွင်တပ်ဆင်ထားပါသည်။လိုအပ်သည့်နေရာများတွင်လည်းသီးခြားပန်ကာများတပ်ဆင်ထားပါသည်။





စက်ရုံအတွင်းအလင်းရောင်ကောင်းမွန်စွာရရှိစေရန်အတွက်အမိုးပြားအကျည်များကိုအမိုးနှင့်နံရံများတွင်တပ်ဆင်ထားပါသည်။စက်ချုပ်သည့်လုပ်သားများအတွက်လည်းလုံလောက်မန်ကန်သည့်အလင်းရောင်ရရှိစေရန်မီးချောင်းများကိုနိုင်ငံတကာစံချိန်စံညွှန်းများအတိုင်းတပ်ဆင်ထားပါသည်။စက်ချုပ်စက်၏ဦးခေါင်းများတွင်လည်းမီးလုံးပါရှိကြပါသည်။




ဝန်ထမ်းများအတွက်သောက်သုံးရေစီစဉ်ထားရှိမှု။

ဝန်ထမ်းများအတွက်သန့်ရှင်းသောသောက်သုံးရေရရှိရန်ရေသန့်ပုလင်းများဝယ်ယူပါသည်။ သိုလှောင်ထားရှိမှုကိုအောက်ပါအတိုင်းမှတ်တမ်းတင်ထားပါသည်။





အထက်တွင်ဖော်ပြထားသည့်စက်ရုံဝန်ထမ်းများအတွက်ကျန်းမာရေးဆိုင်ရာစီမံဆောင်ရွက်မှုဖြစ်ကိုစီစဉ်ထားသည့်အပြင်လတ်တလောဖြစ်ပေါ်နေသည့်ကိုဗစ်ရောဂါကာကွယ်ရေးဆိုင်ရာစီမံချက်များကိုလည်းလုပ်ဆောင်ထားပါသည်။
စက်ရုံတွင်ဝန်ထမ်းများလက်ရှိဖျားနာသူ၊ခွင့်ယူသူများမရှိပါ။
ဝန်ထမ်းများအတွက်သန့်ရှင်းကောင်းမွန်သောရေအိမ်စနစ်ကိုထားရှိပေးပါသည်။




အသေးအဖွဲဖြစ်ရပ်များ၊မတော်တဆမှုနှင့်အရေးပေါ်ကိစ္စများအတွက်စီမံလုပ်ဆောင်နိုင်စေရန်အတွက် Safety Management Team ကိုဖွဲ့စည်းထားပြီးအသေးစိပ်စီမံထားမှုများကိုလာမည့်အခန်း(စ-၁၁)တွင်တင်ပြထားပါသည်။

စ.၁၃ အစီရင်ခံခြင်းအတွက်သတ်မှတ်ချက်များ။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိန်းရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များအရ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်စနစ်၊ ပတ်ဝန်းကျင်ထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်များကိုအောက်ပါအတိုင်းအခါအားလျော်စွာလုပ်ဆောင်ပြီးသက်ဆိုင်ရာမှတ်တမ်း၊အထောက်အထားစာရွက်စာတမ်းများနှင့်အတူဝန်ကြီးဌာနသို့တင်ပြရန်လမ်းညွှန်ထားမှုအား၊ သက်ဆိုင်ရာစီမံကိန်းဖေါ်ဆောင်သူသို့ ဤအစီရင်ခံစာမိတ္တူကိုပေးပို့ထားမည်ဖြစ်ပါသည်။

<u>အစီရင်ခံစာအထောက်အကူပြုအဖွဲ့။</u>

၁. လုပ်ငန်းလည်ပတ်မှုမန်နေဂျာ	အဖွဲ့ခေါင်းဆောင်
၂. မန်နေဂျာ (Admin)	ဒုတိယအဖွဲ့ခေါင်းဆောင်
၃. လုံခြုံရေးမှူး	အဖွဲ့ဝင်
၄. လက်ထောက်မန်နေဂျာ Assistant Manager	အတွင်းရေးမှူး

